

ဒေါ်အောင်ဆန်းစုကြည်၏

# နှလုံးသား ပုံရိပ်များ

မောင်မောင်ဝမ်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏

၆၆ နှစ်ပြည့် မွေးနေ့ အမှတ်တရ

# ဒေါ်အောင်ဆန်းစုကြည်၏ နှလုံးသားပုံရိပ်များ

## မောင်မောင်ဝမ်း

မျိုးဆက်သစ်
စာပေ နှင့် အနုပညာ အင်အားစု

## စာအုပ်မှတ်တမ်း

ဒေါ်အောင်ဆန်းစုကြည်၏ နလုံးသားပုံရိပ်များ
မောင်မောင်ဝမ်း

ထုတ်ဝေနှစ်
၂၀၁၁ ခုနှစ်၊ ဖွန်လ ၁၉ ရက်

စောင်ရေ
–

တန်ဖိုး
–

ထုတ်ဝေ၊ ဖြန့်ချိ
မိုးမခ မီဒီယာ စာနယ်ဇင်းအဖွဲ့

မူပိုင်
မောင်မောင်ဝမ်း

မျက်နှာဖုံး
အောင်ထက်

ကွန်ပျူတာ နဲ့ စာအုပ်အလှ
"မျိုးဆက်သစ်" စာပေ နှင့် အနုပညာ အင်အားစု

ကျနော် ဒေါ်အောင်ဆန်းစုကြည်ကို ‘အန်တီစု’ လို့ပဲ ခေါ်ပါတယ်။
သူ့ကို သတိစထားမိတာ ၁၉၈၀ ကျော် ကာလဝန်းကျင်လောက်ဖြစ်မယ် ထင်ပါရဲ့၊
ဦးအောင်ကြီးက ပေဖူးလွှာမဂ္ဂဇင်းကနေ အခန်းဆက်တွေကို ရေးနေတော့
အန်တီ့အကြောင်းကို စသိခဲ့ဖူးပါတယ်။
ဒီလိုနဲ့ ၁၉၈၈ လူထု အရေးတော်ပုံကြီး ပေါ်ပေါက်လာတော့
အန်တီ လူထုရှေ့ကိုစထွက်လာတာ အားလုံးလည်း အသိပါပဲ။
အဲဒီအချိန်က ကျနော် သူ့ကို သတိထားမိတာ
ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးတယောက်အဖြစ်နဲ့ပဲ သတိထားခဲ့မိတာပါ။
နောက် ပါတီ ခေါင်းဆောင်တယောက် ဖြစ်ခဲ့ပါတယ်။
အဲဒီအထိလည်း ကျနော့်ရင်ထဲမှာ သိပ်အလေးနက်ကြီးတော့ မရှိလှသေးပါဘူး၊
ဒါပေမယ့် ဘယ်အချိန်ကစပြီး သတိထားမိလာသလဲဆိုတော့
ကျနော့်ဇာတိမြို့ ရေနံချောင်းကို စည်းရုံးရေးခရီးစဉ်အဖြစ် ရောက်ရှိလာတဲ့
၁၉၈၈ (နိုဝင်ဘာလများ ဖြစ်မလား မသိဘူး။)
အဲဒီကစပြီး အန်တီရဲ့ နှလုံးသားပုံရိပ်တွေဟာ ကျနော့်ရင်ထဲ
ထိုးဖောက်ဝင်ရောက်လာခဲ့တာပါ။

ကျနော် တင်ပြချင်တဲ့အကြောင်းအရာက အန်တီစုရဲ့ စိတ်နေစိတ်ထား (တနည်းအားဖြင့်) နှလုံးသား ပုံရိပ်တွေ အကြောင်းပါ။ အမှန် ပြောရရင် အန်တီစုနဲ့ ကျနော် ထိတွေ့ဖူးတဲ့ကာလက တော်တော် တိုတောင်း ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတိုတောင်းတဲ့ ကာလလေးတခုအတွင်းမှာ ကျနော် အန်တီစုနဲ့ ကြိမ်ဖန်များစွာ ကြုံခဲ့ဖူးပါတယ်။ စကားတွေ အများကြီး ပြောဖြစ်ခဲ့ဖူးတယ်၊ အလုပ်တွေ ပူးပေါင်းလုပ်ဆောင်ခဲ့ဖူးပါတယ်။ အဲဒီအချိန်ကာလများက ကျနော်ဟာ အလယ်ပိုင်း မြန်မာပြည် (မြေလတ်ဒေသက) ကျောင်းသားခေါင်းဆောင် တယောက်ပါ။ NLD ပါတီဝင်တယောက် မဟုတ်ပါဘူး။ အန်တီစုနဲ့ပတ်သက်လို့ ထိတွေ့ဆက်ဆံဖူးတဲ့ အချိန်တွေကစလို့ အန်တီရဲ့ နှလုံးသားကို ထိုးဖောက်ဝင်ရောက် လေ့လာနေတာ အခုထိပဲဆိုပါတော့။ တနည်းအားဖြင့် စိတ်နေစိတ်ထားပေါ့။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ဦးဆောင်မယ့် သူရဲ့စိတ်နေစိတ်ထား၊ စရိုက်သွင်ပြင်လက္ခဏာ၊ အရည်အချင်းဆိုတာတွေဟာ သိထားသင့်တဲ့အချက်တွေလို့ ကျနော် ခံယူပါတယ်။

ဒီနေရာမှာ လက်ခံနိုင်တာတွေရှိသလို၊ လက်မခံနိုင်တာတွေလည်း ရှိခဲ့ပါတယ်။ ကြိုက်တာတွေ၊ မကြိုက်တာတွေ၊ သဘောတူတာတွေ၊ မတူတာတွေ စသဖြင့် ကြုံတွေ့ခဲ့ဖူးပါတယ်။ သို့သော်လည်း ကျနော့် အနေနဲ့ အန်တီစုကို လက်ခံနိုင်တဲ့အချက်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်း သမီးတယောက်၊ ပါတီ ခေါင်းဆောင် တယောက်ထက်ကျော်လွန်တဲ့ မှတ်ချက်တခုက ကျနော့်ရင်ထဲမှာ ရှိနေလို့ပါ။

ကျနော်လက်ခံထားတာက အန်တီစုဟာ ဒီနေ့အချိန်မှာ 'လူထု ခေါင်းဆောင်တယောက်' ဒီလိုပဲ လက်ခံထားတယ်။ လူထုခေါင်းဆောင် တယောက်ဆိုတာ လူထုအတွက် အလုပ်လုပ်နေရတော့ အမှန်တွေ ရှိသလို အမှားဆိုတာလည်း ကြုံတွေ့နိုင်တာပါပဲ၊ ဒါ သဘာဝတခုပါ။ ဒါကိုလည်း အန်တီကိုယ်တိုင်က ဝန်ခံပြောဆိုခဲ့တာတွေ ရှိပါတယ်။ ဒီနေရာမှာ ကျနော့် အနေနဲ့ကတော့ တင်ပြချက်များကို ဘာမှတ်ချက် တစုံတရာပေးဖို့မှ အရည်အသွေး မရှိပါဘူး၊ အန်တီစုရဲ့နှလုံးသားပုံရိပ် (တနည်းအားဖြင့်) ကျနော်နဲ့ ဆုံတွေ့ခဲ့ရတဲ့ကာလများမှ တစိတ်တဒေသကို ကောက်နုတ်တင်ပြခြင်းမျှသာ ဖြစ်ပါတယ်။

ကျနော့်ရဲ့အတွေ့အကြုံများကိုတင်ပြရာမှာ ဖြစ်ရပ်မှန်တွေဖြစ်တယ်ဆိုတာကိုတော့ ရဲရဲကြီး အာမခံ ပြောနိုင်ပါတယ်။ အန်တီစု အပါအဝင် ဘယ်တစုံတယောက်ကိုမှ ဖော်လံဖား ရေးသွားမှာမဟုတ်ဘူးဆိုတာကို လည်း ကြိုပြောချင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်သူလူထုကို ဦးဆောင်မှုပေးနိုင်သူလား၊ မပေးနိုင်သူလားဆိုတာကို သူ့ရဲ့နှလုံးသားကို ဝင်ရောက်ကြည့်ရအောင်ပါ။ အပြည့်အစုံမဟုတ်ရင်တောင်မှ တစိတ်တဒေသလောက်ပဲ ဖြစ်ဖြစ်ပေါ့။

## နှလုံးသားပုံရိပ် ဒိုင်ယာရီ (၁)

အန်တီစု မြေလတ်ခရီးစဉ် ထွက်လာခဲ့တဲ့ ၁၉၈၈ နိဝင်ဘာလလောက်ထဲမှာပါ။ ၈၈ လူထု အရေးတော်ပုံကြီးကလည်း ပြီးခါစဆိုတော့ နိုင်ငံရေး ဒီရေအဟုန်ကလည်း တအုံနွေးနွေး၊ ဒေသခံလူထုက အန်တီစုလာမှာကို အတော်လေးကို မျှော်လင့်နေကြတယ်။ သူ့မှာ ပါရမီ ပါလာလို့လား မသိဘူး။ တိုတောင်း လှတဲ့နိုင်ငံရေးဖြတ်သန်းမှု ခဏလေးမှာ တနိုင်ငံလုံး လူထုရင်ထဲ ထိုးဖောက်နေရာယူနိုင်ခဲ့တယ်။ ဗိုလ်ချုပ် အောင်ဆန်းရဲ့ ရင်သွေးမို့ လူထုက ကြိုဆိုမိတယ်ဆိုရင် သားဖြစ်သူ ဦးအောင်ဆန်းဦးလာခဲ့ရင်ရော ဒီလို မျှော်လင့်ကြိုဆိုနိုင်မလားဆိုတဲ့မေးခွန်းက မေးစရာပါ။

အဲဒီအချိန်ကာလက အညာဒေသမှာကလည်း ဆောင်းရနံ့သင်းတဲ့အချိန်ဆိုတော့ အတော်လေးကို နေလို့ထိုင်လို့ကောင်းတဲ့ အနေအထားပါ။ ရေနံချောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့အလုပ်အမှု

ဆောင် လူကြီးအချို့နဲ့အတူ ကျနော်တို့ကျောင်းသားအဖွဲ့က အန်တီစုလာမယ့် လမ်းခရီးမှာ သွားရောက်ကြိုဆို ပေးရပါတယ်။ အန်တီက နတ်မောက်ကနေ ရေနံချောင်းကို ကူးလာမှာပါ။ အန်တီစု ကားတန်းဆိုက်လာတယ် ဆိုရင်ပဲ ခဏလေးရပ်ခိုင်းပြီး နှုတ်ဆက်ကြလုပ်နေတဲ့အချိန်မှာ ကျနော်က ကျောင်းသားတဖွဲ့ကို "အန်တီလာပြီ" ဆိုတဲ့အကြောင်း၊ လမ်းခရီးမှာရှိနေတဲ့ လူထုကို အကြောင်းကြားဖို့ လွှတ်လိုက်ပါတယ်။

အန်တီတို့ကားတန်း မြို့ထဲကိုဝင်ရောက်လာတယ်ဆိုရင်ပဲ လမ်းဘေးဝဲယာ တဖက်တချက်မှာ လူထုတွေဟာ ထွက်လာကြ၊ အော်ဟစ်နှုတ်ဆက်ကြနဲ့ အတော့်ကိုဝမ်းမြောက်စရာပါ။

ဒီလိုနဲ့ အန်တီစကားပြောမယ့် မြို့လယ်က ခန်းမတခုအရောက်မှာတော့ လူထုကြီးဟာ တယောက်နဲ့ တယောက် လမ်းလျှောက်လို့ မရနိုင်လောက်အောင် များပြားလွန်းလှပါတယ်။ ပါလာတဲ့ သုံးရောင်ခြယ် ကျောင်းသားလူငယ်အဖွဲ့နဲ့ ဒေသခံကျောင်းသားသမဂ္ဂက ကျောင်းသားတွေ၊ မြို့နယ်ပါတီက တာဝန်ရှိသူတွေ ဝန်းရံပြီး၊ အန်တီစုကို ကားထဲက ခေါ်လာခဲ့တယ်ဆိုရင်ပဲ

"ဒေါ်အောင်ဆန်းစုကြည် ... ကျန်းမာပါစေ"

"ဒေါ်အောင်ဆန်းစုကြည် ... ကျန်းမာပါစေ"

ဆိုတဲ့ ဆုတောင်းထောပနာပြုတဲ့အသံတွေ မြည်ဟီးထွက်လာ လိုက်တာ မိုးယံပွင့်သွားမတတ်ပါပဲ။ နောက် အန်တီစုဟာ ခန်းမထဲမှာ ပထမ စကားပြောပါတယ်။ ပြီးတော့ ခန်းမ ပြတင်းပေါက်ကနေရပ်ပြီး လူထုကို မိန့်ခွန်းခြွေပါတယ်။ လက်ခုပ်သံတွေ တဖြောင်းဖြောင်း၊ ဆုတောင်း သံတွေ အလီလီနဲ့ ဟောပြောပွဲ ပြီးဆုံးသွားပါတယ်။ ဟောပြောပွဲပြီးလို့ ခန်းမပေါ်ကနေ အောက်ကိုဆင်းလာ တယ်ဆိုရင်ပဲ အန်တီစု ထွက်လို့မရအောင် လူထုကြီးက ပိတ်ဆို့ပြွတ်သိပ်နေပါတယ်။ "သူ့ကိုမြင်ဖူးချင်လို့ – တွေ့ဖူးချင်လို့ ..." စသည် စသည်ဖြင့်ပေါ့။

ကျနော်တို့ က အန်တီစုကိုဝန်းရံပြီး ကားရှိရာကိုခေါ်ဆောင် လာတဲ့အချိန်မှာ ...

"အမေစု ... အမေစု၊ ကျနော် အမေ့ကိုတွေ့ပြီး လက်ဆောင်ပေးချင်လို့ ရွာကနေ အပြေးလာတာပါ ... ဒီလက်ဆောင်လေးလည်း ပေးပါရစေ ... ပြီးတော့ ကန်တော့လည်း ကန်တော့ပါရစေ"

ဆိုပြီး လူတယောက်ဆီက အသံပြာကြီးနဲ့ အော်ဟစ်သံဟာ ရုတ်တရက် စူးထွက်လာပါတယ်။ ကျနော်တို့တတွေ သတိထားကြည့်လိုက်တော့ သူ့ပုံက ကျေးလက်ဟန်အပြည့်၊ အသက်က ၂၀ ကျော်အရွယ်။ ပုဆိုးဝတ်ထားပုံကလည်း ပိုသီပတ်သီနဲ့ အန်တီစု ရုတ်တရက်ရပ်ပြီး လှမ်းကြည့်လိုက်ပါတယ်၊ အဲဒီလူငယ်က လူတွေကြားကနေ ဇွတ်ရှေ့ကို ရုန်းထွက်လာပြီး အထုတ်တထုတ်ကို အန်တီစုဆီ လှမ်းကမ်းလိုက်ပါတယ်။

အန်တီက လှမ်းယူလိုက်တယ်ဆိုရင်ပဲ ကျနော်က သူ့ဆီကနေတဆင့် ချက်ခြင်း လွှဲပြောင်းယူလိုက် တယ်။ သေသေချာချာကြည့်လိုက်တော့ ကျွတ်ကျွတ်အိတ် အကြည်ရောင်လေးနဲ့ထုတ်ထားတဲ့ ထန်းလျက် (တပိဿာလောက်တော့ ရှိမလားမသိဘူး)၊ ပြီးတော့ အဲဒီလူငယ်က အန်တီရဲ့ခြေအစုံနားမှာထိုင်တဲ့ပြီး ၃ ကြိမ်တိုင် ဦးချရှိခိုးခဲ့တယ်။ မတ်တပ်ထရပ်တော့ သူ့ရဲ့မျက်ဝန်းအစုံမှာ မျက်ရည်တွေနဲ့ ရွှဲနစ်နေပြီး ငိုချလိုက်တယ်။ ငိုသံပါအသံကြီးနဲ့ ...

"အမေ ... ကျုပ်တို့ကို ကယ်ပါ ... ကျုပ်တို့ ငတ်နေပြီ"

ဆိုပြီး ချုံးပွဲချငိုပါတော့တယ်။ လူထုကြီးခမျှာ ရုတ်တရက် အံ့အားသင့်သွားတယ် ထင်ပါတယ်။ အသံတွေဟာ ချက်ခြင်းဆိုသလို ခေတ္တငြိမ်သက်သွားတယ်။ ကျနော် အန်တီကိုကြည့်လိုက်တော့ အန်တီရဲ့ မျက်ဝန်းအစုံမှာ ကြေကွဲနိမိတ်ပုံအချို့ကို တွေ့လိုက်ရသလိုပဲ။ အန်တီစုက လူထုဆီကိုလှည့်ပြီး စကားပြော လိုက်တယ်။

"ပြည်သူလူထုကြီးကို ကျမ တခုပြောချင်ပါတယ် ... ဒီလူငယ်လေးလို ဒုက္ခတွေဝေနေတဲ့သူတွေဟာ မြန်မာနိုင်ငံမှာ သန်းပေါင်းများစွာ ရှိနေပါတယ် ... ဒါဟာ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုရင် ... စနစ် မကောင်းလို့ပါ"

(လက်ခုပ်သံများ) ... ...

ဒီစနစ်ကို ကျမတို့ပြုပြင်ဖို့ လိုပါတယ် ... ပြည်သူလူထုကြီးက ကျမတို့ကို ဝိုင်းဝန်းကူညီ ထောက်ပံ့ပေးကြပါ ...

"(ပေးမယ် ... ပေးမယ်)"

လူထုဆီက အသံကြီးက ဆောင့်ထွက်လာပါတယ်။

"ကျမ အသက်နဲ့ခန္ဓာရှိနေသရွေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးတာဝန်တွေ ထမ်းဆောင် သွားမယ်ဆိုတာ ... ကတိပေးပါတယ်" (လက်ခုပ်သံများ)

နောက်ပိုင်း ကျနော်သိတာကတော့ အဲဒီလူငယ်ဟာ မြို့နဲ့ သိပ်မဝေးလှတဲ့ ကျေးရွာတရွာကဖြစ်ပြီး ယာလုပ်ကိုင်စားနေတဲ့ ဆင်းရဲလှတဲ့ လူတဦးဖြစ်ကြောင်းနဲ့ အန်တီ ပြန်အသွားပြီးမှာတော့ ရဲစခန်းကနေ ခေါ်ယူစစ်ဆေးမေးမြန်းကြောင်း သိရပါတယ်။ ဒါပေမယ့် ထောင်ကျသံတော့ မကြားမိပါဘူး။

ဒီလိုနဲ့ အန်တီစုဟာ ချောက်မြို့ကို ဆက်လက်ခရီးနှင်ခဲ့ပါတယ်။ ချောက်က ကျောင်းသားအဖွဲ့တဖွဲ့က ရေနံချောင်းမှာ လာကြိုပါတယ်။ ချောက်က ကျောင်းသားတွေက ကျနော့်ကို ပြောလာပါတယ်။

"ချောက်မှာတော့ ပြဿနာရှိကြောင်း၊ အုပ်စုနှစ်အုပ်စုနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ် နှစ်ခု ကွဲနေကြောင်း၊ တခုက ကျောင်းသားလူငယ်များ အပါအဝင် မြို့မိမြို့ဖ လူထု အများဆုံးပါဝင်တဲ့ (၈၈ လူထုအရေးတော်ပုံကအုပ်စု) နဲ့ နောက်တအုပ်စုက ရှေ့နေမ ဒေါ်မြင့်မြင့်ကြွေ ဦးဆောင်တဲ့ အုပ်စုဆိုပြီး ကွဲနေကြောင်း၊ ပြဿနာကြီးကြောင်း ..."

စသဖြင့် ပြောလာတော့ ကျနော်လည်း ခေါင်းတော်တော်စားသွားပါတယ်။ အဲဒီသတင်းစကားကို ကျနော်က မသီဂီ (အဲဒီကာလက အန်တီစု အနီးနားမှာနေသူ)ကို အကြမ်းပြောပြပြီး ကားပေါ်မှာ အန်တီစုကို ပြောပေးဖို့ အကြောင်းကြားခဲ့ပါတယ်။ ဖြစ်ချင်တော့ ချောက်မြို့ရောက်တယ်ဆိုရင်ပဲ ညနေ ၆ နာရီကျော် လောက်ရှိပြီ။ အုပ်စု နှစ်အုပ်စုမှာ လူနည်းစုအုပ်စုဖြစ်တဲ့ ဒေါ်မြင့်မြင့်ကြွေတို့အဖွဲ့ ကြိုဆိုတဲ့နေရာက

အများစုကြိုဆိုမယ့်နေရာရဲ့ထိပ်မှာရှိနေတော့ အန်တီစီးနင်းလိုက်ပါလာတဲ့ ကားတန်းကြီးက ဒေါ်မြင့်မြင့်ကြွေတို့ ကြိုဆိုတဲ့နေရာမှာပဲရပ်ပြီး ကားပေါ်ကလူတွေဆင်း၊ စတင်နားတော့မယ့် အရိပ်အရောင်တွေ တွေ့နေရတော့ ကျနော့် ခေါင်းတွေကြီးလာတယ်။ ပြဿနာက စတော့မယ်။ အန်တီကတော့ ဒေါ်မြင့်မြင့်ကြွေတို့အိမ်အပေါ်ထပ်တက်သွားပြီး အေးအေးလူလူ ရှိနေပြီ၊ ကျနော့်စိတ်ထဲမတော့ မသိဂီ မပြောလို့သာဖြစ်မယ် ဆိုပြီး သူ့ကို မေးကြည့်တော့ ...

"သူလည်း အန်တီ့ကိုပြောထားတာပဲ ..." တဲ့။ "အန်တီက ဘယ်လို စဉ်းစားထားသလဲ၊ သူလည်း မသိဘူး ..." ပြောတော့ ကျနော်လည်း ဘာလုပ်ရမှန်း မသိတော့ဘူး။ အဲဒီအချိန်မှာ ကျောင်းသားတယောက်က ကျနော့်ကိုလာ ပြောတယ်။ "ကျောင်းသားလူငယ်တွေ အယောက် ၁၀၀ လောက် ဒီကိုချီတက်လာနေပြီ ..." တဲ့ ... ...။

+++++

ကျနော့်ခေါင်းတွေ တော်တော်ကြီးသွားတယ်။ ဘာလုပ်ရမှန်း မသိတော့ဘူး။ ဒါနဲ့ အိမ်ထဲကို ပြေးဝင်သွားတော့ အန်တီက ဒေါ်မြင့်မြင့်ကြွေနဲ့ စကားပြောနေတယ်။ ကျနော် ထပ်ပြောရကောင်း၊ မပြောရကောင်း စဉ်းစားနေရင်းက ဘကြီးမိုး (စာရေးဆရာ မောင်မိုးသူ) က ဘေးနားရောက်လာတယ်။ အကြောင်းစုံကို ဘကြီးမိုးကို ပြောပြလိုက်တယ်။ ပြောလို့မှမဆုံးခင် ကျောင်းသားအုပ်ကြီးက ဒေါ်မြင့်မြင့်ကြွေအိမ်ရှေ့ကို ရောက်လာကြပြီး ဒေါသသံတွေ၊ အော်ဟစ်သံတွေနဲ့ လုံးထွေးနေတဲ့အသံတွေက မိုးမွှန်လို့ ထွက်လာလိုက်တာ ... ...။

"ဒေါ်မြင့်မြင့်ကြွေ၊ ခင်ဗျား လူပါးမဝနဲ့၊ ခင်ဗျားဟာ အခွင့်ရေးသမား၊ အန်တီကို လမ်းကနေ ဖြတ်လုထားတယ်။ ကျုပ်တို့ လုံးဝ မကျေနပ်ဘူး"

ဝုန်း ... ဝုန်း ... ဝုန်း ဆို အိမ်ရှေ့ဝင်းထရံကြီးကို ရိုက်ချိုးကြတော့တယ်။ ကျနော်တို့ကျောင်းသားအဖွဲ့နဲ့ သုံးရောင်ခြယ်အဖွဲ့က (ကျနော်မှတ်မိသလောက်) ကိုဝင်းသိန်း (ယခု နော်ဝေ)၊ ကိုမိုးကျော်သူ (ယခု ဆန်ဖရန် စစ္စကို – အမေရိကား)၊ ကိုကျော်သူရကိုကို၊ နောက် အန်တီစကားမောင်းလိုက်လာတဲ့ ကိုမျိုးသိန်း ပါမလား မသိဘူး၊ ကိုပါကြီး။ (နှစ် ၂၀ ကျော် တောင်ရှိပြီဆိုတော့ လူတွေ ဝေဝေဝါးဝါးဖြစ်နေလို့ ခွင့်လွှတ်ပါ) ကျနော်တို့ အားလုံး ဝိုင်းဖျန်ဖြေကြတယ်။ ဒေါ်မြင့်မြင့်ကြွေက အိမ်ထဲက မထွက်ရဲ ထွက်ရဲနဲ့ ပြူတစ်ပြူတစ်လုပ်ရင်းက လှမ်းအော်တယ်။

"ငါ့အိမ်ကို ဖျက်စီးတာ တရားစွဲမယ် – တရားစွဲမယ်"

"တရားစွဲရုံမကလို့ သေနတ်နဲ့ပစ်သတ်လည်း ဂရုမစိုက်ဘူး ... ...။ အန်တီ့ ကို ကျနော်တို့ဆီ ခု လွှတ်ပေး"

"အိမ်ထဲ ဝင်ရဲဝင်လာခဲ့ – မင်းတို့အားလုံးကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်"

"ကောင်မ ... လူပါးမဝနဲ့ – ပါးတက်ကိုရိုက်ဦးမယ် ..." ဆိုတဲ့ မိန်းကလေးငယ်တွေရဲ့အသံကလည်း ဆူးဆူးရှရှ။ ကျနော်က ဒေါ်မြင့်မြင့်ကြွေဆီပြေးသွားရင်း ...

"အန်တီ ပြန်ပြောမနေပါနဲ့။ အန်တီက လူကြီးပဲ။ နားလည်ပေးလိုက်ပါ။ အန်တီ ဆက်ပြောမယ်ဆိုရင် ပြဿနာတွေ ဒီထက် ပိုဆိုးလာလိမ့်မယ်။ ပြီးတော့ ကျနော်တို့ဒေသတခုလုံး သိက္ခာလည်း အဖတ်ဆည်မရအောင်ကျတော့မယ်"

ဒေါ်မြင့်မြင့်ကြွေ ဘာမှပြန်မပြောနိုင်တော့ဘူး။ တခါ ကျနော် ကျောင်းသားအုပ်စုတွေဆီ ပြန်ပြေးပြီး ညှိနှိုင်းရတော့တယ် … …။

"ကျနော် စကားနည်းနည်းလောက်ပြောချင်ပါတယ် – ပြောခွင့်ပြုပါ"ဆိုတော့ အားလုံး ခေတ္တငြိမ်သွားကြတယ်။

"ခင်ဗျားတို့ ဘာဖြစ်ချင်သလဲ။ ဖြစ်ချင်တဲ့ဆန္ဒတွေ ကျနော့်ကို ပြောပြပါ။ ကျနော် ညှိနှိုင်းလို့ရမယ်ဆိုရင် ညှိနှိုင်းပေးချင်ပါတယ်။ အဲဒီလို မဟုတ်ဘဲ အုံကြွနေမယ်ဆိုရင် ကိုယ့်ဒေသကိုယ် အိုးမဲသုတ်သလိုဖြစ်ပါလိမ့်မယ်။ အန်တီစုက ဒီနေရာကို ခဏပဲလာနိုင်တာပါ။ ရောက်တဲ့ အခိုက်လေး စိတ်ချမ်းသာပါစေ …။ ခင်ဗျားတို့ ဘာဖြစ်ချင်သလဲ။ ပြောပါ"

"အန်တီ့ကိုကြိုဆိုဖို့ ကျနော်တို့ အကြီးအကျယ် လုပ်ထားပါတယ်.. လူထုကြီးကလည်း အန်တီလာမှာကို ခုထိစောင့်နေကြတုန်းပါ ..။ အန်တီစု အမြန်လာပါ …။ လူထုကြီး ကြိုနေပါတယ်"

"ဟုတ်ပါတယ် … ဟုတ်ပါတယ် … … အန်တီလာခဲ့ပါ" ဆိုတဲ့ အသံကြီးက တပြိုင်နက်ထဲ ထွက်လာတယ်။

"ဟုတ်ပြီ … ဒါဆို ကျနော် အန်တီစုကို အကြောင်းကြားပေးပါ့မယ်"

(အကြောင်းကြားပေးပါ့မယ်ဆိုတာ တာဝန်အရသာပြောရတာပါ။ အသံတွေ ဒီလောက်ညံပြီး ရုတ်ရုတ်သဲသဲဖြစ်နေတာ အန်တီကသိနေပြီးသား)

"ဟေး … … … ဟေး"။ အသံတွေက ဆူညံဆဲ။

ကျနော် အန်တီ့ဆီကို ခပ်သုတ်သုတ် ပြေးဝင်သွားတော့ … …

"သား … အန်တီ အခုပဲလာမယ်လို့ ကျောင်းသား လူငယ်တွေကို ပြောလိုက်ပါ"

အန်တီက ကျနော်ဘာမှ မပြောရသေးခင် ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်တယ်။ ကျနော်လည်း ဘာမှ စောဒကတက်မနေနိုင်အားတော့ ဘူး။ အပြေးဆင်းသွားရင်း … ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း ..။ အားရပါးရကြီး အသံကုန် အော်ပြောပစ်လိုက်တယ်။

"အန်တီစုက ကျနော့်ကိုပြောပါတယ် … အခုချက်ခြင်းပဲ သူ လာမယ်တဲ့"

"ဟေး … ဟေး … ဒေါ်အောင်ဆန်းစုကြည် … ကျန်းမာပါစေ။ ဒေါ်အောင်ဆန်းစုကြည် … သက်တော်ရာကျော် ရှည်ပါစေ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း" နဲ့ လက်ခုပ်သံတွေ ဆူညံသွားတော့တာပါပဲ။ အန်တီနဲ့ ဒေါ်မြင့်မြင့်ကြွေတို့နှစ်ဦး စကားတွေ ပြောနေတာကို အဝေးက လှမ်းမြင်နေရတယ်။ ပြီးတာနဲ့ အန်တီက ကားပေါ် ချက်ခြင်းတက် ... မြို့ထဲဘက်ကို ဦးတည်မောင်းနှင်လာခဲ့ပါတယ်။ ကျနော်ပါလာတဲ့ ကားက အန်တီကားတန်းရဲ့ရှေ့ဆုံးမှာ မောင်းလာတယ်၊ တနေရာ လည်းရောက်ရော စောစောက ကျောင်းသား အုပ်ကြီးကိုတွေ့လိုက်တော့ ကျနော့်ကားကို အရှိန်လေးလျှော့ပြီး လက်မထောင်ပြလိုက်တယ် ...။

"အန်တီ လိုက်လာပြီ" ကျောင်းသားအုပ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး ...

"အန်တီစု လာပြီ ... ... ... အန်တီစု လာပြီ"

"အန်တီစု ... ကျန်းမာပါစေ ...၊ အန်တီစု ... ကျန်းမာပါစေ"

အသံတွေ ထပ်တခါ ဆူညံသွားပြန်တယ်။ ငြိမ်သက်နေတဲ့ မြို့လယ်လည်း လှုပ်ခတ်သွားပုံရတယ်။ အန်တီစု ကားကိုကြည့်လိုက်တော့ အန်တီက လူအုပ်ကြီးကို အပြုံးနဲ့ အားပါးတရ လက်ဝှေ့ယမ်း နှုတ်ဆက်နေလေရဲ့။ ကျန်းမာပါစေဆိုတဲ့ အသံတွေက ထပ်ခါထပ်ခါ။ အဲဒီကျမှ ကျနော်လည်း သဘောပေါက်တော့တယ်။ လူထုကြီးကြိုဆိုနေပုံများ ကြက်ပျံလို့တောင်မကျဆိုတဲ့ အမွှန်းတင်ချက်နဲ့ အမွှန်းတင်မိမယ်ဆိုရင်တောင် မလွန်လောက်ပါဘူး၊ တကယ့်လူထုနဲ့က ခုမှတွေ့တာကိုး။

စောစောက ဒေါ်မြင့်မြင့်ကြွေအိမ်မှာက ဧည့်သည်တယောက်ရောက်လာလို့ ကြိုတဲ့အနေထားလောက်ပဲရှိတယ်။ အန်တီလာတဲ့ ခရီးစဉ်တိုင်း လူထုကြီးက လှိုင်းလုံးကြီးပမာ ကြိုနေတဲ့အချိန်မှာ ချောက်မြို့ရောက်တော့ ဘယ်လိုများဖြစ်သွားတာပါလိမ့် ... ဆို စိတ်ထဲကတောင် ထင်နေမိသေးတယ်။ မြို့လယ်မှာ အန်တီစုက လူထုကို မိန့်ခွန်းတွေ ပြောတယ်။ အဲဒီ အချိန်မှာ အလင်းရောင်က တော်တော် ပျောက်နေပြီ။ တချိန်က မီးမငြိမ်းမြို့လို့ တင်စားခေါ်ဝေါ်ခဲ့ကြတဲ့ မြေလတ်ဒေသရဲ့ ချောက်မြို့လယ်က အလင်းရောင် ခပ်မှိန်မှိန်အောက်မှာ မမောမပမ်း လူထုကြီးဆီကို အရောက်လာခဲ့တဲ့ အန်တီ့ကို ကျေးဇူးတင်လို့ မဆုံးပါဘူး။

ပြီးတော့ မြို့လယ်တနေရာက တိုက်အိမ်ခြံဝင်းကြီးအတွင်းမှာ ဧည့်ခံပွဲလုပ်ခဲ့တယ်။ တကယ့်ကို ကြီးမားခမ်းနားထည်ဝါစွာ ပြင်ဆင်ထားတဲ့ အခမ်းအနားတခုပါ။ အန်တီနဲ့ မြို့နယ် NLD အလုပ်အမှုဆောင်တွေ၊ မြို့မိ မြို့ဖတွေ မိန့်ခွန်းတွေပြော၊ ညစာကို အဲဒီနေရာမှာပဲ စားခဲ့ကြတယ်။ အန်တီလည်း ချောက်မှာ ညအိပ်မယ်လေ။ ထမင်းလည်းစားပြီးရော မသီဂီက ကျနော့်ကို ခေါ်ပြောတယ်။

အန်တီ ဒီနေရာမှာ ညမအိပ်ဘူး တဲ့။ ကြားအိမ်တအိမ် စီစဉ်ပေးပါတဲ့။

ကျနော် အားချင်းစီစဉ်ရတော့တယ်။ အဆင်သင့်စွာပဲ ရေနံချောင်း NLD အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသောင်းရီ ဆိုတာက အရင်ချောက်မြို့သား၊ သူပါလာတော့ သူ့မိဘအိမ်ကို ချက်ခြင်းစီစဉ်ပေးလိုက်တယ်။ အဲဒီအိမ်ကို မသွားခင် အန်တီက ချောက်က ကျောင်းသားလူငယ်တွေနဲ့ စကားတွေ ဖောင်ဖွဲ့၊ ဆုံးမစကားတွေ ပြောကြား။ အန်တီနဲ့ပါလာတဲ့ သုံးရောင်ခြယ်အဖွဲ့နဲ့ ကျန်တဲ့သူတွေက အဲဒီတိုက်မှာပဲ ညအိပ်ကြတယ်။ အန်တီက တခြားတနေရာ ရွှေ့လာခဲ့တယ်။ အများစုရဲ့ဆန္ဒကိုလိုက်နာ အနည်းစုရဲ့ဆန္ဒကို လေးစားဆိုတာ ဒါမျိုးများလား။ အန်တီ ညအိပ်မယ့်အိမ်ရောက်သည်အထိ ချောက်မြို့ ကျောင်းသားတွေက ပါလာတယ်။ တခါ အန်တီက စကားတွေ ဆက်ပြောဖြစ်ပြန်ရော။ အန်တီပြောသွားတဲ့အထဲမှာ မမေ့နိုင်တဲ့ စကားလေး။

“ကောင်းတာကိုလည်း အသိမှတ်ပြုရဲရမယ်၊ ဆိုးတာကိုလည်း ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောရဲရမယ်။ အဲဒါ သတ္တိပဲ …” တဲ့။

ဒီစကားရပ်ကိုကြည့်မယ်ဆို သိပ်ဆန်းပြားတာ မပါပါဘူး။ ဒါပေမယ့် လက်တွေ့မှာတော့ ကျင့်ကြံဖို့ တော်တော်ခက်တဲ့ကိစ္စပါ။ ကျနော် အမှန်ဝန်ခံရရင် ဒီစကားရပ်ကို အသက် ၄၀ ကျော်နေတာတောင်မှ ကျင့်ကြံဖို့ခက်နေဆဲပါ။ လူ့ရဲ့သဘာဝကိုက ဆိုးတာဆိုရင်တောင် ထုတ်ဖော်ပြောဆိုဖို့ မခက်တတ်ပေမယ့် ကောင်းတာကို အသိမှတ်ပြု ချီးကျူးပြောဆိုဖို့ကိုတော့ အတော်ဝန်လေးတတ်ကြပါတယ်။

ကျင့်ကြံအားထုတ်ဖို့ ဆုံးဖြတ်လုပ်ဆောင်တဲ့အချိန်များမှာတောင်မှ တခါတရံ ကောင်းတာလုပ်တဲ့ သူများဆိုရင် အသိမှတ်ပြုထုတ်ဖော်ဖို့ ဝန်လေးတတ်တဲ့စိတ်က မေ့လျော့ပြီး ပိတ်ဆို့ထားဆဲပါ။ သတိပြန်လည်လာပြီဆိုမှ တော်တော်ရှက်မိပါတယ်။ အဲဒါဘာလို့လည်းဆိုတော့ သတ္တိမရှိလို့ဆိုတာ သေချာပါတယ်။

ဒီလိုနဲ့စကားတွေပြောနေရင်းက မသီဂီက ကျနော့်ကို ဒီအိမ်ရဲ့ ဖုန်းနံပါတ်လာတောင်းလို့ (ရန်ကုန်နဲ့ အဆက်သွယ်လုပ်မယ်ထင်ပါရဲ့) ကျနော် တောင်းပေးလိုက်တယ်။ မသီဂီလည်း အဆက်သွယ်ရသွားပုံပေါ်တယ်။ ခဏကြာတော့ … မသီဂီက အန်တီနဲ့ ကျောင်းသားတွေ စကားပြောနေတဲ့ နေရာရောက်လာပြီး ကြားဖြတ် မေတ္တာရပ်ခံရင်း အန်တီ့ကို ပြောလိုက်တယ်။

ဆရာမိုက်ကယ်ဆီက ဖုန်းလာလို့ … တဲ့။ (အဲဒီအချိန်က အန်တီ့ ခင်ပွန်း မိုက်ကယ်အဲရစ် မြန်မာပြည်မှာ ရောက်နေလို့လား။ အင်္ဂလန်ကပဲ ဆက်တာလားဆိုတာတော့ ကျနော်လည်း မသိဘူး)

အန်တီက ပြန်ပြောလိုက်တယ်။
“လူထုနဲ့စကားပြောနေလို့ မအားဘူးလို့ ပြောလိုက်ပါ”… တဲ့။

ကျနော့်စိတ်ထဲ ဘယ်လိုခံစားသွားမိမှန်း မသိဘူး။ အဲဒီအကြောင်းကို ဘကြီးမိုး (စာရေးဆရာ မောင်မိုးသူ) က နောင်ဆို ပြောလို့ကို မဆုံးတော့ ဘူး။ တော်တော်မိုးချုပ်မှ အန်တီ အိပ်ရာဝင်သွားတယ်။ အဲဒီညကတော့ ကျနော်တို့ တညလုံးလောက်ကို မအိပ်ဖြစ်ကြပါဘူး။ ဘကြီးမိုး၊ ဒေါက်တာ စိန်ဝင်း (ဝန်ကြီးချုပ် – အဝေးရောက်ညွန့်ပေါင်းအစိုးရ) စတဲ့ သူတွေနဲ့ စကားတွေဖောင်ဖွဲ့လိုက်ကြတာ။

## နလုံးသားပုံရိပ် ဒိုင်ယာရီ (၂)

ကျနော် ၁၉၉၀ ကနေ နိုင်ငံရေးမှုနဲ့ ထောင်ကျလိုက်တာ ၁၉၉၄ နှစ်ကုန်ပိုင်းလောက်မှ ပြန်လွတ်လာတယ် (ဒါ ပထမအကြိမ်ပါ)။ အန်တီ လည်း နေအိမ်အကျယ်ချုပ်ဘဝနဲ့နေလာလိုက်တာ ၁၉၉၅ ထဲမှာ တခါ ပထမအကြိမ် နေအိမ်အကျယ်ချုပ်ဘဝက ပြန်လွတ်လာတယ်။ အန်တီ မလွတ်ခင်မှာ ကျနော် ရန်ကုန်ကိုဆင်းလာပြီး ကျောင်းသားလှုပ်ရှားမှုတွေ ပြန်လုပ်ဖြစ်တယ်။

အဲဒီအချိန်ကာလများက နိုင်ငံရေးလှုပ်ရှားတဲ့ ကျောင်းသား တော်တော်များများ ထောင်ထဲ တောထဲ ရောက်သူရောက်၊ နိုင်ငံခြား ရောက်သူရောက်၊ တချို့လည်း ငြိမ်သွားပြီး စီးပွားရေးထဲ နစ်သူနစ်နဲ့ နည်းနည်း ရှားသွားတဲ့ကာလလို့ ပြောလို့များရနိုင်မလား မသိဘူး။ ကျောင်းသားသမဂ္ဂလှုပ်ရှားမှုတွေ လုပ်ဖို့ တော်တော် ကြိုးစားခဲ့ရတယ်။ ဒီလိုနဲ့ ကျနော်တို့ယုံကြည်ချက်တူရာ ကျောင်းသားများ စုရုံးမိကြပြီး ကျောင်းသား သမဂ္ဂကို ဖွဲ့စည်းခဲ့ကြတယ်။ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(တကသ)ကို ရွေးချယ်ပြီး ခေါင်းစဉ်တပ်လိုက်တယ်။

အဲဒီထဲမှာပါလာတဲ့ ကျောင်းသား တော်တော်များများက နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ စိမ်းနေသေးတယ်လို့ ပြောလို့ရတဲ့ လက်ရှိကျောင်းတက်နေကြတဲ့ ကျောင်းသားတွေပါ။ တကသ ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ ဦးဆောင်ခဲ့ပေမယ့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဆိုတဲ့နေရာတွေနဲ့ မလုပ်ခဲ့ဘူး။ စုပေါင်းဦးဆောင်မှုနဲ့ပဲ လှုပ်ရှားခဲ့ကြတယ်။

အဲဒီကာလက ကျနော်တို့ကိုင်စွဲခဲ့တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေထဲမှာ အဓိက အကျဆုံး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အရေးတကြီးလုပ်ဆောင်ဖို့ လေးလေးနက်နက် မှတ်ချမှတ်ခဲ့တယ်။ ဒီကိစ္စကို တကသ အနေနဲ့ အင်တိုက်အားတိုက်လုပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ သိပ်မကြာခင်မှာပဲ အင်မတန်မှ ဝမ်းသာစရာကောင်းတဲ့သတင်းက ထွက်ပေါ်လာတယ်။

အဲဒါက အန်တီစု နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာပြီဆိုတဲ့ သတင်းပါ။ ကျနော်တို့ အရမ်းကိုဝမ်းသာကြတယ်။ တဆက်ထဲပါလာတဲ့သတင်းက (အမျိုးသားပြန်လည် ရင်ကြားစေ့ရေး)ကို လုပ်ဆောင်သွားမယ်လို့ဆိုတဲ့ အန်တီရဲ့အမှာစကားက ကျနော်တို့ရင်ထဲကို ပစ်ဝင်လာ စေခဲ့တယ်။ ကျနော်တို့လုပ်ချင်တဲ့၊ ကျနော်တို့ဖြစ်ချင်တဲ့ဆန္ဒတွေက အန်တီနဲ့တော့ တသားတည်း ကျနေပြီ။ အန်တီနဲ့ အရမ်းတွေ့ချင်နေကြပြီ။ ဒါပေမယ့် အန်တီခမျာ လွတ်လာခါစဆိုတော့ ဘယ်လိုမှ အားလပ်ချိန်မရှိနိုင်လောက်အောင်ကို အလုပ်တွေ ဆက်တိုက်လုပ်နေရတော့ ကျနော်တို့ ချက်ခြင်း မတွေ့ဖြစ်ခဲ့ဘူး။

ဒီလိုနဲ့ နောက်နှစ်ပတ်လောက်ကြာမှ အန်တီနဲ့ တွေ့ဆုံဖြစ်ခဲ့တယ်။ အဲဒီနေ့က ကျောင်းသား ၂၀ လောက် ပါမယ်ထင်တယ်။ အန်တီက ကျနော်တို့ကို တွေ့တွေ့ခြင်း အပြုံးတွေ၊ နှစ်လိုဖွယ်ရာစကားတွေနဲ့ ကြိုဆိုလိုက်တော့ ကျနော်တို့ ကြည်နူးလိုက်ကြတာ။ ကျနော် – ဦးဝင်းထိန် (ဗိုလ်ကြီးဟောင်း ဝင်းထိန်) NLD – ဦးတင်ဦးနဲ့ နောက် (အန်တီရဲ့ အနီးကပ်တာဝန်ယူ ဆောင်ရွက်ပေးနေသူ) နဲ့ ပြန်ဆုံရတယ်။

ဦးဝင်းထိန်နဲ့ ကျနော်နဲ့က အင်းစိန်ထောင် ကြိုးတိုက်ထဲမှာ ခဏ အတူတူနေခဲ့ရသေးတယ်။ နောက်ကွဲသွား လိုက်တာ ကျနော်က သရက်ထောင်ရောက်သွားပြီး ပြန်လွတ်၊ အခုမှ ပြန်တွေ့ကြတယ်။ အဲဒီနေ့က ကျောင်းသားတွေနဲ့ အန်တီ အကြိုနှုတ်ဆက်တဲ့ သဘောလေးလောက်ပါပဲ။ ဒါပေမယ့် ကျနော်တို့က အန်တီပြောကြားခဲ့တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးပဲ ခေါ်ခေါ် ... အမျိုးသားပြန်လည်သင့် မြတ်ရေးလို့ပဲ သုံးသုံး ... အဲဒါကို အကြွင်းမဲ့ထောက်ခံကြောင်းပြောတော့ အန်တီက ယနေ့အချိန်မှာ အန်တီတို့နိုင်ငံမှာ တကယ်လိုအပ်နေတာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးပဲ ... တဲ့၊ အန်တီက ကျနော့်ကိုလှည့်ပြီး ...

"သားလည်း ... ဘဝတက္ကသိုလ်က ပညာတွေသင်လာပြီးခါမှ တော်တော်ရင့်ကျက်လာတယ်နော်"

"ဟုတ်မလားတော့ မသိဘူး အန်တီရဲ့ ...၊ ဒါပေမယ့် ဘဝ တက္ကသိုလ်က ဆရာတွေက အရိုက်တော့ ကြမ်းတယ်"ဆိုတော့ အန်တီ အပါအဝင် အားလုံး ရယ်လိုက်ကြတာ။ ကျနော်က တဆက်ထဲ အင်းစိန်ထောင် တွင်းတုန်းက အရိုက်ခံရတဲ့အကြောင်းကို ပြောပြတယ်။ ထောင်ထဲကိုရောက်တော့ ဘဝမှာ တခါမှလည်း ထောင်ဆိုတာ မရောက်ခဲ့ဘူး၊ ဒါ ပထမဆုံး အတွေ့အကြုံ၊ အဲဒီအချိန်က ကျနော့်အသက်မှ ၂၀ ကျော်ပဲ ရှိသေးတယ်။ ပြောရရင် တိုက်ပိတ်ထားခံရတဲ့အချိန်တွေမှာပေါ့။ အင်းစိန် ထောင်ကိုရောက်လို့ ၃ ရက်မြောက်နေ့မှာ ကျနော်က ဆေးလိပ် အရမ်းကြိုက်တယ်။ ပြဿနာက နေ့ခင်းတန်းပိတ်ပြီဆို ဆေးလိပ် သောက်ချင်ရင် မီးခြစ် မရှိဘူး။ (အကျဉ်းသားတွေကို မီးခြစ်ကိုင်ဆောင်ခွင့်ပေးမထားဘူး) နေ့ခင်းအိပ်ချိန်ပေးလို့ အခန်းတွေပိတ်ထားပြီဆို တော်ရုံ ဝါဒါဝန်ထမ်းတွေကလည်း လုံးဝနီးပါးလောက် ရောက်မလာတတ်ဘူး။

ဒီတော့ ဆေးလိပ် အရမ်းငတ်တယ်။ ဒါနဲ့ ကျနော်က ဘာလုပ်သလဲဆိုတော့ ကျနော့်ကို ခြုံဖို့ ပေးထားတဲ့ စောင်အနားက စုတ်နေတဲ့အပိုင်းကို ထပ်ဖြဲတဲ့ပြီး ကြိုးလေးကျစ်လိုက်တယ်၊ ပြီးတော့ တန်းမပိတ်ခင်ရောက်လာတဲ့ ဝန်ထမ်းဆီက မီးခြစ်တောင်းပြီး ဆေးလိပ်မီး ညှိ။ အဲဒီဆေးလိပ်မီးကနေမှတဆင့် ကျစ်ထားတဲ့ကြိုးစလေးနဲ့ မီးထပ်ညှိ၊ ပြီးတော့ အခန်းထောင့်နားလေးမှာ ဆွဲထားလိုက်တယ်။ အိပ်ရာ တရေးနိုးရင် သောက်မယ်ပေါ့၊ မှေးခနဲ အိပ်ပျော်မယ်ကြံရုံရှိသေးတယ်။ ဝုန်းဒိုင်းကြဲတဲ့ အသံတွေ၊ မအေ နှမ ကိုင်တုတ်တဲ့ အသံတွေနဲ့ ဆူညံလာတဲ့ ထောင်ဝန်ထမ်းတွေ အသံကြားလိုက်ရပြီး၊ ရောက်တဲ့နေ့တိုင်းမှာ ဒီအသံတွေကလည်း အချိန်နဲ့အမျှဆိုသလို ကြားနေရတော့ သိပ်ထူးဆန်းတယ် မအောက်မေ့တော့ပါဘူး၊ စောင်ခြုံကွေးနေတဲ့နေရာကတောင် ခေါင်းထောင်မကြည့်ဖြစ်ခဲ့ဘူး။ ကျနော့်အခန်းရှေ့နားလောက် ရောက်တော့ … …

"ဆရာ … ဒီအခန်းက မီးခိုးစလေးတွေ ထွက်နေတယ်"

"ဒါဆို ဖွင့်ကြည့် … ဟိတ်ကောင် … … ထစမ်း"

ကျနော် သိလိုက်ပြီ၊ ကျနော် ညှိထားတဲ့ကြိုးစက မီးခိုးကလည်း ကျနော့်မျက်လုံးနဲ့တော့ မီးခိုးစ ထွက်တယ်ကို မထင်မိပါဘူး။ နောက် အားနည်းချက်တခုက ကျနော်က အနံ့သိပ်မရဘူး။ (မွေးရာပါ အားနည်းချက်ပေါ့) အဲဒီတော့ ညှော်နံ့ဆိုတာကို သတိမထားမိခဲ့ဘူး။ အခန်းသော့ကိုဖွင့်ပြီး အခန်း စစ်လိုက်တော့ မီးညှိထားတဲ့ကြိုးစ တွေ့သွားပါလေရော။

"ထောင်ထဲမှာ … ဒီလိုမလုပ်ရဘူးဆိုတာ … မသိဘူးလား"

"မသိဘူး"

ကျနော်လည်း စိတ်ဦးတည်ရာ ဖြေချလိုက်တယ်။

"မသိရင် … သိအောင်ပြောပြမယ် … ဒီကောင့်ကို ထုတ်ခဲ့"

ကျနော့်ကို ချက်ချင်း ခေါင်းစွပ်အပြာကြီး စွပ်လိုက်တယ်။ နောက် ဘယ်ကိုခေါ်ထုတ်သွားမှန်းမသိဘူး၊ ရုံးခန်းလိုနေရာရောက်ခါမှ တခါ ရှေ့ဘက်ကို လက်ထိပ်ထပ်ခတ်တယ်။ ပြီးလည်းပြီးရော ကျနော့်ကို ဗွတ်အတင်းလှဲချပြီး … ထောင်ထဲမှာ … မီး မသုံးရဘူးကွ မှတ်ထား" ဆို ရာဘာတုတ်တွေနဲ့ ခေါင်းက လွဲလို့ ကျောပြင်နဲ့ပေါင်ရောက်တဲ့အထိ တန်းစီ ရိုက်လိုက်တာ သတိလစ်သွားမတတ် ခံစားလိုက်ရတယ်။

မှောက်လှဲထားတော့ လက်နှစ်ဖက်ကိုခပ်ထားတဲ့ လက်ထိပ်က ရင်ဘတ်ကြားမှာ နာတာကလည်း မပြောပါနဲ့တော့၊ ပြန်မဖြေလို့ ဆက်ခါ ဆက်ခါရိုက်တဲ့ အချက်ပေါင်းကလည်း မနည်းဘူး။ ပြန်ဖြေဖို့ နေနေသာသာ နာကျင်မှုကိုခံစားရလို့ သတိက လွတ်လွတ်သွားတာနဲ့ ဘာမှန်းကိုမသိတော့ဘူး။ အာရုံထဲမှာ အမှောင်ကျသွားလိုက်။ ပြန်သိလိုက်နဲ့။ နောက်ကျမှ ကျနော် ပြန်သိလိုက်ရတာ ကျနော့်ကို ထုတ်ရိုက်တာ အင်းစိန်ထောင်လောကမှာ နာမည်ကြီးထောင်မှူး ဘိုကြည်။ အမှန်က ကျနော့်ကို ဦးချိုးလိုက်တာပါ။ အဲဒီအကြောင်း ကျနော်ကပြောပြတော့ စောစောက ရယ်ကြတဲ့သူတွေ ငြိမ်နေတာပဲ။ အန်တီရဲ့မျက်နှာက ချက်ခြင်း အိုကျသွားတယ် …။

"သားအတွက် … အန်တီ စိတ်မကောင်းဘူး … အရွယ်နဲ့မလိုက် အောင်ကို နှိပ်စက်ခံခဲ့ရတာပဲနော်" ဆို အန်တီက ဦးဝင်းထိန်ဘက်လှည့် ပြောတော့ …

ဦးဝင်းထိန်က "တိုင်းပြည်အတွက် ပေးဆပ်တယ်လို့ပဲ သဘောထားလိုက်ပါ … သေသွားတဲ့သူတွေ ထက်စာရင် အသက်ရှင်နေတာကိုယ်က ကံကောင်းနေသေးတယ်၊ နိုင်ငံရေးဆက်လုပ်လို့ ရသေးတယ်လို့ မှတ်လိုက်ပေါ့ကွာ" တဲ့။

တကယ်ဆို ဦးဝင်းထိန်လည်း ထောင်ထဲမှာ တော်တော်ခံခဲ့ရတဲ့သူပါ။

ကျနော်က "ကျနော်တို့က အခုချိန်မှာ အမျိုးသားပြန်လည်သင့်မြတ် ရေးကို ကြိုးစားချင်နေတဲ့သူတွေ ဆိုတော့ ဒီလိုခံစားမှုတွေကို ခဝါချနိုင်ပါတယ်"

"ဒါကိုပြောတာပေါ့။ ကလေးတွေက လူကြီးစကားပြောပြီး … လူကြီးတွေက ကလေးစကားတွေ ပြောနေတော့ ခက်တော့လည်း ခက်သား" လို့ အန်တီကပြောလိုက်တော့ ကျနော်တို့အားလုံး ပြုံးလိုက်ကြပါ တယ်။ နောက်တော့ ကျနော်တို့ကျောင်းသားတွေနဲ့ အန်တီ ၈.၈.၉၅ နေ့ဟာ ရှစ်လေးလုံး လူထု အရေးတော်ပုံနေ့ဖြစ်တဲ့အတွက် အမှတ်တရ အထိမ်းအမှတ်အဖြစ် တွေ့ဆုံပေးဖို့ကိုတောင်းဆိုတော့ ချက်ခြင်းပဲ ခွင့်ပြုခဲ့ပါတယ်။ အပြန်လမ်းခရီးမှာတော့ အန်တီက ပညာရှင်တဦးရဲ့အဆိုကို ကိုးကားပြောသွားတဲ့ … …

တဲလေးတွေရဲ့ကြားမှာ ပျဉ်ထောင်အိမ်နဲ့နေရတာ ရှက်စရာပါ။ ပျဉ်ထောင်အိမ်တွေရဲ့ကြားမှာ တိုက်နဲ့ နေရတာ ရှက်စရာပါ … … တဲ့။ အဲဒီစကားရပ်က ကျနော်တို့အတွက် စဉ်းစားစရာပါ။

+++++

၁၉၉၅ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ (ရှစ်လေးလုံး လူထုအရေးတော်ပုံ နှစ်ပတ်လည်နေ့) အန်တီစုရဲ့ နေအိမ်မှာ ကျနော်တို့ (တကသ) ကျောင်းသားတွေနဲ့ အန်တီတွေ့ဆုံပြီး ရှစ်လေးလုံး အထိမ်းအမှတ် စကားဝိုင်း လေး ကျင်းပကြတယ်။ ကျောင်းသားတွေက စုစုပေါင်း ၃၀ လောက် ရှိမယ်။ ဒီထဲမှာ ထူးထူးခြားခြား ကနေဒါနိုင်ငံသား ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တယောက်လည်း ပါသဗျ။ သူကတော့ ကျနော်တို့ ပြောဆိုနေတဲ့အချိန်မှာ ဘေးနားမှာထိုင်ပြီး နားမလည်သည့်တိုင်အောင် စိတ်ရှည်စွာ ထိုင်ပေးတယ်။ အဲဒီနေ့က တကသရဲ့ ဗမာလို၊ အင်္ဂလိပ်လို ကြေငြာချက်ကို ဖတ်ပြတယ်။ အင်္ဂလိပ်လိုကြေငြာချက်ကို ဦးဝင်းထိန်က ဖတ်ပြတယ်။ အဓိက အချက်ကို ထုတ်ပြပါဆိုရင်တော့ –

'အမျိုးသားပြန်လည်သင့်မြတ်ရေးမှသည် တွေ့ဆုံဆွေးနွေးရေးဆီသို့' ဆိုတဲ့ ဦးတည်ချက်ပါပဲ။

အဲဒီနေ့ကစလို့ … ကျနော်တို့ ကျောင်းသားများအနေနဲ့ အန်တီစု အပါအဝင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ခေါင်းဆောင်များနဲ့လက်တွဲပြီး ဒီဦးတည်ချက်ကို အကောင်ထည်ဖော်ဆောင်ရွက်ဖို့ သံဓိဋ္ဌာန် ချမှတ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးချက်အခွေကို အသံဖမ်းထားပြီး တိတ်ခွေကူးဖြန့်ခဲ့တာ တော်တော် ပြန့်သွားပါ တယ်။ ထွက်လာတဲ့ခွေကလည်း ရုတ်တရက်ကြည့်ရင် ကာဗာပုံတွေ ဘာတွေနဲ့ တော်တော် သားသားနားနားပါ။ အန်တီစုနဲ့ ကျနော်တို့ကျောင်းသားတွေ စုရိုက်ထားတဲ့ပုံကို ကာဗာလုပ်ထားတာ။ အမှန်က အဲဒီကာဗာက ဓာတ်ပုံကို တိတ်ခွေနဲ့ အံကိုက်လုပ်ပြီး ခေါက်ထည့်ထားတာပါ။ အန်တီတောင်မှ အဲဒါကိုတွေ့သွားပြီး

တော်တော် အုံ့အားသင့်သွားတယ်။ ဒီအခွေက တော်တော်ပြန့်သွားတာကို အန်တီလည်း သိတယ်။ ဒါနဲ့ အန်တီက ကျနော့်ကိုပြောတယ်၊

“နောက်ထပ်တခါ ထပ်လုပ်မယ်..” တဲ့။

“သားမေးချင်တဲ့မေးခွန်းတွေကို အန်တီ့ကို ကြိုပေးထား။ သေသေချာချာ ထပ်လုပ်ရအောင် ...” တဲ့။

ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ အန်တီကလည်း ကြားထဲမှာမအား၊ ကျနော်လည်း သိပ်မကြာခင်ပဲ အဖမ်းခံရပြီး ဒုတိယ အကြိမ် ထောင်ထဲဝင်သွားရလို့ပါ။

ပြောမယ်ဆို အဲဒီတိတ်ခွေကို နေ့ညမအား ကူညီဆောင်ရွက်ပေးရှာတဲ့ (ရှရှားပြန် – ကိုစောနု)။ သူက လှည်းတန်းမှာ အဆိုသင်တန်းဖွင့်ထားတာ၊ နာမည်ကြီးပါတယ်။ နာမည်ကျော် ပန်းချီ ပညာရှင် ချောအိသိမ်းက ဆက်သွယ်ပေးရင်းက သိရတာ။ သူ့ကို အရမ်းကျေးဇူးတင်ပါတယ်။ သူက ဘယ်လောက် စိတ်အားထက်သန်သလဲဆိုရင် သူ့ သင်တန်းပေးရေး အလုပ်ကိုတောင်ပစ်ပြီး ကျနော်တို့ကိုကူညီခဲ့တာ ဘယ်တော့မှ မမေ့ပါဘူး။

နောက်တယောက်က လက်ရှိအခြေအနေထိ ဗမာပြည်မှာ နာမည်ကြီးနေတဲ့ စတီရီယို အဆိုတော်တဦး (နာမည်ကိုတော့ လုံခြုံရေးအရ မပြောတော့ပါဘူး။) သူဆို သူ့ပိုက်ဆံနဲ့သူ စိုက်ထုတ် ကူးဖြန့် – အဲသလို လုပ်ခဲ့တာပါ။ သူ ဖြန့်ခဲ့တာ အခွေပေါင်းကို မနည်းပါဘူး၊ ပြောရရင်တော့ အသေးအဖွဲက အစ ကူညီခဲ့တဲ့ပြည်သူတွေ အများကြီးပါ။ နောက် အရေးကြီးတဲ့သူတယောက်က နာမည်ကြီး ဟစ်ဟော့ အဆိုတော် ဘာဘူနဲ့ နာမည်ကြီး မော်ဒယ်၊ သရုပ်ဆောင် သဏ္ဍာလှိုင်တို့ရဲ့အဖေ ဒေါက်တာလှိုင်မြင့်ပါ။ ပြောရရင်တော့ သူနဲ့ကျနော် နောက်ပိုင်းလည်းကျတော့ အမှုတွဲတွေဖြစ်ခဲ့ပြီး ထောင်ကျခဲ့ပါတယ်။

အန်တီက လွတ်လာခါစဆိုတော့ အလုပ်လုပ်ဆောင်ဖို့ လိုအပ်ချက်တွေ အများကြီးရှိလာပါတယ်။ အရေးတကြီး လိုအပ်နေတာ ကွန်ပြူတာပါ၊ အဲဒီသတင်းကို NLD လူငယ်တယောက်ဆီက ကြားကြားခြင်း ကျနော် ဆရာ ဦးလှိုင်မြင့်ကို ပြောပြခဲ့ပါတယ်။ ဆရာကလည်း မဆိုင်းမတွဘဲ သူလှူမယ်ဆို ဆုံးဖြတ်ပြီး ရက်ပိုင်းအနည်းငယ်အတွင်းမှာပဲ ကွန်ပြူတာတွေဝယ်၊ လိုအပ်တဲ့ကွန်ပြူတာ အသုံးအဆောင်ပစ္စည်းတွေကို သိန်းတော်တော် အကုန်ခံပြီး တောင်ကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင် (ယခု – ထောင်ထဲ) က တဆင့် အန်တီ့စုကို လှူခဲ့ပါတယ်။ ကျောင်းသားလူငယ်တွေကိုလည်း တော်တော်ကူခဲ့တာပါ။

နောက် ကာလသိပ်မကြာခင်မှာပဲ အဲသလိုလုပ်ရပ်များအတွက် အထွေထွေပြိုင်းချက်များနဲ့ နအဖဟာ အပြစ်ရှာ ထောင်ချပစ်လိုက်ပါတယ်။ အမှုထဲမှာ အန်တီဟောပြောချက် ဗွီဒီယိုခွေတွေကို ဖြန့်ချိလို့ (တရားမဝင် ဗွီဒီယိုခွေတွေ ဖြန့်ခြင်းပုဒ်မနဲ့) ထောင်ချတာလည်း ပါပါတယ်။ အန်တီ့စုကို ဝန်းရံခဲ့တဲ့သူတွေအတွက် ဒီလိုလည်း နှိပ်ကွပ်ခံခဲ့ရပါတယ်။ သဘောကတော့ မဝန်းရံရဲအောင်ပေါ့။ ပြောမယ်ဆို ဆရာဦးဝင်းတင် ပြောသလို **‘အစာလည်းမကြေ – ကမ္ဘာလည်းမကြေ’** ပါပဲ။

အဲဒီကာလများက အန်တီ့အိမ်ရှေ့မှာကျင်းပတဲ့ အပတ်စဉ်ဟောပြောပွဲတွေကလည်း အတော့်ကို အောင်မြင်နေတဲ့ကာလပါ။ ကျနော်တို့ဆို တပတ်တပတ် စနေ တနင်္ဂနွေရောက်ဖို့ကိုပဲ မျှော်နေရတာ။ အဲဒီနေ့ဆို အန်တီ့ အိမ်ရှေ့ (အမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်း)က လမ်းမပေါ်မှာ လူတွေ ပြည့်ကြပ်နေပြီ၊

တချို့ဆို နေ့လည် ၁ နာရီ ၂ နာရီလောက်ကထဲက ကြိုရောက်နေတာ။ အန်တီ့ကို မြင်ဖူးချင်လို့ဆိုတဲ့ သူများက သူထက်ငါ ရှေ့ဆုံးမှာ နေရာဦးကြတော့တာပဲ။ သူတို့ဦးထားတဲ့နေရာ ... ယောင်လို့ ကိုယ်ရောက် မသွားနဲ့။ ရန်ထောင်လွှတ်တာ။

"အောင်မလေးတော် ... ငါ စုစုကို တွေ့ချင်လွန်းလို့ လှိုင်သာယာကနေ ၁၂ နာရီလောက်ကထဲက ဘတ်စ်ကားကြပ်ကြပ် တိုးစီးလာပြီး ဒီမှာစောင့်နေရတာ ... ဒီအချိန်ကျမှ ငါ့နေရာ လာမလုပ်ပါနဲ့ ... ဖယ် ... ဖယ်" ဆို မောင်းထုတ်တော့တာပဲ။ ဟောပြောပွဲက ၄ နာရီလောက်မှ စတာပါ။ သူတို့က အစောကြီး ကြိုလာကြတာ။

အတွေ့အကြုံလေးတခု သတိရနေသေးတယ်၊ အဖွားအိုတယောက် ရှိတယ်။ သူက အပတ်စဉ် အန်တီ့ ဟောပြောပွဲကို အမြဲမလွတ်တမ်းလာတယ်။ ရှေ့ဆုံးမှာ အမြဲနေရာယူပြီး အန်တီပြောသမျှတွေကို မျက်တောင် မခပ်၊ နားရွက်မလှုပ် နားထောင်တာ။ အန်တီက ဟောပြောပွဲစခါနီးပြီဆို အရင်ဆုံး "ဟို အမေ ရောက်ပလား" ဆို မိုက်ကရိုဖုန်းကိုင်ပြီး စမေးတယ်။ မျက်လုံးကလည်း ဟိုရှာဒီရှာ လိုက်ရှာပေါ့၊ အဲဒါဆို အဲဒီအဖွားအိုက လက်ထောင်ပြတယ်။ (ကျောင်းသားများလိုပဲ ... ရောက်ပါပြီပေါ့) အဲဒီအခါကျခါမှ အန်တီက ဟောပြောပွဲ စတယ်။

တနေ့ ... ကျနော်က အန်တီ့ဟောပြောပွဲအပြီး အဖွားအိုကို လက်ဖက်ရည်ဆိုင်ခေါ်သွားပြီး မုန့်ဝယ်ကျွေးရင်း အင်တာဗျူးလုပ်မိတယ်။ အဖွားကပြောပြတာက

"သူ တဲ့ ... ဒီဟောပြောပွဲကို မလာရရင် ... နေကိုမနေနိုင်တာ"... တဲ့။ သူ့သမီးတွေက 'အမေ–အဖမ်းခံရလိမ့်မယ်' လို့ ပြောတာတောင် တားမရဘူး။ အသက်က ၇၀ ကျော်ပြီ။ ဒါနဲ့ ကျနော်က –

"အဖွား – ပြီးခဲ့တဲ့အပတ်က အန်တီပြောသွားတဲ့ထဲမှာ အဖွားကြိုက်တာလေးရှိရင် ပြောပြစမ်းပါ" လို့ မေးတော့ –

"ငါ့ အဲဒါတွေ မမေးနဲ့။ ငါလည်း မသိဘူး။ ငါ အိမ်ပြန်ရောက်ပြီဆို အိမ်နားနီးချင်းတွေကလည်း မေးတာပဲ ...။ စုစု ဘာတွေပြောသလဲ .. ဘာလဲပေါ့ဟယ် ... ငါဘာမှ မပြောတတ်ဘူး။ ... မှတ်လည်း မမှတ်မိဘူး"

"ဒါဆို ဟောပြောပွဲမှာ အဖွားက ဘာတွေ လာနားထောင်တာလဲ"

"ငါ့ဖာသာငါ – ဘာနားထောင်ထောင်ပေါ့ဟဲ့ ...၊ ဒါ ဒီမိုကရေစီပဲ" မဲ့ရွဲ့သွားပြီး –

"နင်တို့က စုံထောက်တွေလား"

"ဟာ ... မဟုတ်ပါဘူး အဖွားရ ... သားတို့က ကျောင်းသားတွေပါ"
"အေး ... ဒါဆိုလည်းပြီးရော"

အဲဒီအဖွားအိုကို ကျနော့်စိတ်ထဲ ကြိတ်ပြီး တော်တော် ကြည်ညိုသွားမိတယ်။

"ငါက အရပ်ထဲက ကောင်စီတွေလည်း အပြတ်ပြောထားတာ (အမှန်ကတော့ ရ–ဝ–တ ကို ပြောတာပါ။) ဖမ်းချင်ဖမ်း – ကျုပ်ကတော့ သွားမယ် ...။ စုစုမျက်နှာလေး တပတ်တခါ မမြင်ရရင် မနေနိုင်ပေါင်"

သာမန်ပြည်သူတယောက်ရဲ့ရင်ထဲက ရိုးသားစွာထွက်လာတဲ့ အသံတွေပါ။ နောက် သူက ၉၀ ပြည့်နှစ်ရွေးကောက်ပွဲကာလက သူရဲ့နိုင်ငံရေး လှုပ်ရှားမှုအကြောင်း။ (စိတ်ဝင်စားဖို့ ကောင်းပါတယ်။) သူ့သမီးက အကြော်ရောင်းတယ်။ သူ့ဆိုင်က လမ်းဘေးမှာတဲလေးထိုးပြီး ရောင်းရတဲ့ဆိုင်ပါ။ မိသားစု ပြေလည်ရုံပဲ ဝင်ပါတယ်။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပခါနီးတော့ သူက မဲဆွယ်စည်းရုံးရေးလုပ်တယ်။ အကြော်ရောင်းနေတဲ့ သူ့သမီးကို ပြောလိုက်တယ်။

"ငါ့ကို ရွေးကောက်ပွဲ မပြီးမချင်း မုန့်ဖိုးပိုက်ဆံ မပေးနဲ့တော့။ အဲဒီအစား ငါ့ကို အကြော်ပဲပေး" ဆိုပြီး၊ အဲဒီအချိန်က သူက ဘယ်လိုမဲဆွယ်သလဲဆိုတော့ သူ့သမီးဆိုင် အကြော်လာဝယ်သူတိုင်းကို

"စုစုပါတီကို မဲပေးရင် အကြော်တခု အပိုပေးမယ် ..."

ဆိုပြီး အဲသလို မဲဆွယ်ခဲ့တာ။ (ဘယ်သူကမှ ခန့်ထားခြင်းမရှိတဲ့ NLD ရဲ့ စည်းရုံးရေးမှူးကောင်း တယောက် ဖြစ်ခဲ့ပါတယ်)

(ကျနော့်ကို ဒီတခုတော့ ခွင့်လွှတ်ကြပါ – အဲဒီအဖွားအို နာမည် လုံးဝကို ဖော်လို့မရလို့ပါ)

အဲဒီအချိန်က အန်တီ့ခြံရှေ့ဟောပြောပွဲတွေမှာ အမြဲရောက်နေတဲ့သူတွေ မှတ်မိကြမှာပါ။ ဒီအဖွားလို ပြည်သူတွေ မြန်မာနိုင်ငံမှာ အများကြီး ရှိပါတယ်။ သူတို့နိုင်ငံရေးကို နားမလည်ဘူး၊ သမိုင်းတင်ဖို့ကို စိတ်မဝင်စားဘူး၊ စစ်အာဏာရှင်ကို မကျေနပ်ချက် – ဒေါ်အောင်ဆန်းစုကြည်ကို ချစ်ခင်စိတ်၊ လေးစားရိုသေစိတ်တွေနဲ့ ဒီမိုကရေစီနိုင်ငံတော် ဖော်ဆောင်ရေးကို တတပ်တအား ပါဝင်ကြတယ်။ သူတို့ ခံယူချက်–ရပ်တည်ချက်က ပြတ်သားတယ်၊ နှစ်ဖက် မခွဘူး၊ အကျိုးစီးပွား မမျှော်လင့်ဘူး၊ စကားကြီးကြီးကျယ်ကျယ်တွေနဲ့ ဆရာကြီးမလုပ်ဘူး။ ရိုးသားစွာ နိုင်ငံရေးကို ယုံကြည်ကြတယ်။ သိပ်ချစ်စရာကောင်းတဲ့ ပြည်သူတွေပါ။

နောက်တခုက ကမ္ဘာမှာ ဘယ်သူမှမကြားဖူးတဲ့ ဖြစ်ရပ်တခုကလည်းရှိသေးတယ်ဗျ။ ကိုယ် ချစ်ခင်လေးစားရိုသေတဲ့သူကို 'ကျန်းမာပါစေ' ဆို ဆုတောင်းမိလို့ ထောင်နှစ်ရှည်လများ အချခံရတာ ကြားဖူးကြလားမသိဘူး၊ မြန်မာပြည်မှာ တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပါ။ အန်တီ့အိမ်ရှေ့ ဟောပြောပွဲမှာ အန်တီ့ကို "ဒေါ်အောင်ဆန်းစုကြည် ... ကျန်းမာပါစေ" ဆိုပြီး ရှေ့ကတိုင်ပေးတဲ့သူတွေကို ထောင် ၇ နှစ်စီ တန်းစီပြီး ချပစ်လိုက်တယ်။ စီမံချက်နဲ့ကို ချတာ။ အဲဒီအမှုတွဲတွေကို ထောင်ထဲမှာ ကျနော်တို့ နာမည်ပေးထားတာ 'ကျန်းမာပါစေ–အမှုတွဲများ' ဆိုပြီး။ ကျနော် မှတ်မိသလောက် ဒလက ကိုဘော့လုံး ခေါ် ကိုမြဟန်၊ ကိုသန့်ဇင် (ယခု အမေရိကား၊ တက္ကဆပ်ပြည်နယ်)၊ ဦးသောင်းအေး (ဖျာပုံ) စုစုပေါင်း ၃၀ လောက်ရှိမလား မသိဘူး။ ကျနော် အဲဒီအကြောင်းကို တခြားသူတွေကိုပြောပြတော့ မယုံကြဘူး၊ နိုင်ငံခြားသားတွေကို ပြောပြရင်တောင်မှ သူတို့က စစ်အစိုးရကိုမုန်းလို့ လုပ်ကြံပြောတယ်ပဲ ထင်ကြတာ။

"ဒေါ်အောင်ဆန်းစုကြည်ကို ကျန်းမာပါစေ ... လို့ တိုင်မိရုံလေးနဲ့ ထောင်ချတယ်ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ တခြားကိစ္စဆိုရင်တော့ ဟုတ်ချင်ဟုတ်မှာပေါ့ ..." စသည် စသည်ဖြင့် တော်တော်များများက မယုံခဲ့ကြဘူး။ အမှန်ကတော့ တကယ်ကို ဖြစ်ပျက်ခဲ့တဲ့ကိစ္စဆိုတာ

ကာယကံရှင်များနဲ့ နိုင်ငံရေး အသိုင်းဝိုင်းတခုလုံး သိကြပါတယ်။ စစ်အစိုးရဟာ အဲသလောက် ရက်စက်ခဲ့ပါတယ်။ ကျနော် ဇာတ်နာအောင် ပြောပြနေတာ မဟုတ်ပါဘူး။ သူတို့ခမျာ မိသားစုဘဝတွေ ပျက်၊ အိမ်ထောင်တွေကွဲနဲ့ ဘဝကိုခါးသီးစွာ ရင်ဆိုင်ခဲ့ရရှာတယ်။

ဖျာပုံက ဦးသောင်းအေးဆိုတဲ့ ပုဂ္ဂိုလ်ဆိုရင် စိတ်ဝေဒနာရှင် သူ့ သားလေးကို ဆေးကုဖို့ ရန်ကုန်စိတ်ရောဂါကုဆေးရုံကို လာပို့တာ၊ အချိန်ရသခိုက် အန်တီစုဟောပြောပွဲကို လာနားထောင်ရင်း "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ"လို့ အော်ဟစ်ဆုတောင်းပေးရုံလေးနဲ့ ထောင် ၇ နှစ် အချခံလိုက်ရတယ်။ ကျန်ခဲ့တဲ့သူ့သား စိတ်ဝေဒနာရှင် ဘာတွေဆက်ဖြစ်သွားသလဲဆိုတာ ကျနော်လည်း မသိတော့ဘူး။

ကိုဘော့လုံး ခေါ် ကိုမြဟန်ဆိုသူနဲ့က ကျနော်နဲ့ အင်းစိန် တွဲဘက်ထောင်တိုက်ခန်းထဲမှာ အတူနေခဲ့ဖူးတယ်။ သူ စိတ်အားထက်သန်မှုကလည်း အထက်မှာကျနော်ဖော်ပြခဲ့တဲ့ အဖွားအိုလိုပဲ၊ အန်တီစုဟောပြောပွဲပြီးလို့ "ဘာတွေပြောခဲ့သလဲ" မေး။ လုံးလုံး မသိတော့ဘူး၊ သူက အန်တီ့ဟောပြောပွဲအပြီး "ဒေါ်အောင်ဆန်းစုကြည် … ကျန်းမာပါစေ" ဆို ရှေ့က တိုင်ပေးရတာကို စွဲလန်းနေတာ။ (ခေတ်စကားနဲ့ပြောရရင် ငြိနေတာ။) သူ့ကိုဖမ်းတော့ အရက်နည်းနည်းလည်း မူးနေတယ်။ သူ့အိမ်ပြန်ရောက်သည်အထိ ထောက်လှမ်းရေးက နောက်ယောင်ခံလိုက်လာပြီး ညတော်တော်လေး မိုးချုပ်မှ ဝင်ဖမ်းတယ်။ ဖမ်းပြီးတော့ ထောက်လှမ်းရေးက မေးတယ်။

"မင်း … ကျန်းမာပါစေကို ဘယ်လိုတိုင်လဲ … လုပ်စမ်းပါဦး … သရုပ်ပြလေး" ဆိုတော့ … …

သူက ရှေ့ကတိုင်ပြတယ်။

"ဒေါ်အောင်ဆန်းစုကြည် …" နောက်က ဘယ်သူ့ဆီကမှ အသံပါမလာဘူး။ (ထောက်လှမ်းရေးတွေပဲ။ ဘယ်လိုလုပ် နောက်ကလိုက်ဆုတောင်းပေးလိမ့်မလဲ။) နောက် တခါ၊ နှစ်ခါ … "ဒေါ်အောင်ဆန်းစုကြည် …" လို့ ၂ ခါဆက်အော်လည်း နောက်က ဘယ်သူမှလိုက်မဆိုတော့ – အဲဒီတော့ သူက စိတ်မရှည်တော့ဘူး ထင်ပါရဲ့။

"ဟာ … ဆရာတို့ကလည်း၊ ကျနော်ကရှေ့ကနေ ဒေါ်အောင်ဆန်းစုကြည်ဆို တိုင်လိုက်ရင် … "ကျန်းမာပါစေ" ဆိုတာလေး လိုက်ထောက်ပေးဦးလေ …။ ဒါမှ ပီပြင်မှာပေါ့"

ဆိုပြီး ခပ်ထွေထွေလေး ပြန်ပြောလိုက်တာနဲ့ ထောက်လှမ်းရေးတွေက "အေး … ထောက်ပေးမှာပေါ့၊ လုပ်ပါဦး နောက် တခေါက်ဆိုတော့ သူက – သူ လုပ်ပြတာ သဘောကျတယ်ထင်ပြီး နောက် တခေါက် ထပ်အော်အပြီးမှာတော့ … ထောက်လှမ်းရေး လက်သီးတွေ၊ တံတောင်တွေ … ဒူးတွေ ဝင်လာတော့တာပဲ။ ကိုဘော့လုံးရဲ့အဖြစ်က အဲဒီလိုပါဆိုပြီး ထောင်ထဲရောက်တော့ သူက ကျနော်တို့ကို ရှင်းပြခဲ့တာ။

ထူးခြားချက်တခုကလည်း အန်တီ့အိမ်ရှေ့ ဟောပြောပွဲမှာ အတိုက်အခံ နိုင်ငံရေးအင်အားစုတော်တော်များများကို ပြန်ဆုံတွေ့ရခြင်းပါပဲ။ ထောင်ထဲ တောထဲနဲ့ ကွယ်လွန်သွားတဲ့သူတွေ နိုင်ငံရပ်ခြားရောက်နေတဲ့သူတွေကလွဲရင် တော်တော်များများလောက် ဆုံဖြစ်ကြပါတယ်။ ကျနော်တို့ တကာလ ကျောင်းသားတွေဟာ ကိုမိုးကြိုး (ယခု–ထိုင်းနိုင်ငံ မဲဆောက်မြို့က အလုပ်သမားရေးတွေလုပ်နေတဲ့ JACDB အဖွဲ့ရဲ့ တာဝန်ခံ)နဲ့ ကိုထက်ရာဇာ (ယခင် DVB မဲဆောက်သတင်းထောက်ဟောင်း)တို့ ခေါင်းဆောင်တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားလူငယ်များ အစည်းအရုံး (ဗကလစ) နဲ့ ချိတ်ဆက် လက်တွဲနိုင်ခဲ့တယ်။

လူငယ် ကျောင်းသားတွေ၊ တက်ကြွလှုပ်ရှားသူတွေကို စည်းရုံးလှုံ့ဆော်ပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ တွန်းတွန်းတိုက်တိုက် လုပ်ခဲ့တယ်။ အဲဒီအချိန်က နိုင်ငံရေးလောကနဲ့ စိမ်းစိမ်းအနေထားကနေ တကသ ကို ဝင်ရောက်လှုပ်ရှားခဲ့တဲ့ ကျောင်းသားအချို့ ယနေ့ထက်တိုင် ပြည်တွင်းမှာ အမာခံလှုပ်ရှားဆဲပါ။ ကျနော်တို့ အဓိကထားလုပ်ဆောင်ခဲ့တာကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ် ...။ အန်တီနဲ့တွေ့ခဲ့တဲ့အချိန် က အဲဒီသဘောတရားကို ကျနော်က ရှင်းရှင်းလင်းလင်း မေးခဲ့တယ်။

"အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ ဘာလဲ၊ ဘာလို့ မဖြစ်မနေ လိုအပ်တာလဲ"

အဲဒီမေးခွန်းရဲ့အဖြေကို အန်တီက ဒီလိုပြောခဲ့ပါတယ်။

"လွတ်လပ်ရေးမရခင်ရော ရပြီးရောအချိန်ကစလို့ တမျိုးသားလုံး ရဲ့ညီညွတ်ရေး (တနည်းအားဖြင့်) သင့်မြတ်ရေးဟာ ယနေ့ထိတိုင်အောင် ဖြေရှင်းနိုင်ခြင်းမရှိပါဘူး ... တဲ့၊ ဖေဖေ (ဗိုလ်ချုပ်အောင်ဆန်း) လက်ထက်တောင်မှ အစွမ်းကုန်ကြိုးစားခဲ့သော်လည်းပဲ (ဗိုလ်ချုပ် လုပ်ကြံခံသေဆုံးသွားတော့ ပိုဆိုးသွားတော့ တာပေါ့) နောက်လူတွေမှာ ပိုဆိုးလာတာ အခုထိ ပါပဲ။ ဒီလိုသင့်မြတ်ရေးမရှိဘဲ တိုင်းပြည်ကိုထူထောင်ဖို့ ဆိုတာ ခက်ခဲပါလိမ့်မယ်။ (ဝန်ခံချက် – အန်တီပြောသွားတာ ဒီသဘောတရားပါ – စကားလုံးအားဖြင့်တော့ တိကျချင်မှတိကျပါလိမ့်မယ်) ဒီကိစ္စကို ခက်ခက်ခဲခဲ ကြိုးစား ကြရမှာပါ။

"ဘယ်သူတွေနဲ့ ဘယ်လိုသင့်မြတ်ရမှာလဲ"

ဒါရဲ့ အဖြေကတော့ ... ယနေ့တိုင်းပြည်မှာလိုအပ်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆိုတာ – NLD အပါအဝင် အတိုက်အခံ အင်အားစုတွေရယ်။ လက်ရှိ နအဖ စစ်ခေါင်းဆောင်တွေရယ်။ တိုင်းရင်းသား လက်နက်ကိုင်နဲ့ နိုင်ငံရေးအင်အားစုတွေရဲ့ ညီညွတ်ရေး၊ သင့်မြတ်ရေးပါ။

ကျနော်တို့အဖို့ကတော့ ဒီလောက်ခက်ခဲပြီး နှစ်ပေါင်းများစွာ ဖြေရှင်းခဲ့တာတောင် မပြေလည်နိုင်ခဲ့တဲ့ ပြန်လည်သင့်မြတ်ရေးဆိုတာကို ကြိုးစားဖို့ဆိုတာ အိပ်မက်တခုကို မက်နေရသလိုပါပဲ။ ဒါပေမယ့် ယုံကြည်ချက်တခုတော့ ရှိပါတယ်။ လက်တွေ့ဆိုတာ စိတ်ကူးအိပ်မက်တွေက လာကြတာပါ။ အန်တီစုလို လူထုခေါင်းဆောင်တယောက် မားမားမတ်မတ် ရပ်တည်ပေးထားတဲ့အတွက် အများကြီးတော့ အားရှိစေခဲ့ပါ တယ်။ နောက် တခုက ဒီကိစ္စကိုဆောင်ရွက်ရတာဟာ ကြိုးတန်းပေါ် လမ်းလျှောက်ရသလို ပါပဲ။ အချိန်မရွေး ပြုတ်ကျသွားနိုင်ပါတယ်။

သေချာတာတခုကတော့ နောက်ဆုံး ကျနော် ထောင်ထဲပြုတ်ကျ သွားပါတယ်။ တချို့ ရိုးသားစွာ ဆောင်ရွက်ချက်တွေအပေါ် ကြီးမားစွာ အထင်မှားခြင်းဆိုတဲ့ အရာတွေနဲ့ ရင်ဆိုင်ခြင်းခံခဲ့ရပါတယ်။ အဲဒီ အကြောင်း ဆက်လက်တင်ပြပေးပါဦးမယ်။ ဒါပေမယ်လို့ အန်တီစုရဲ့အမှာစကားက ကျနော်တို့ နှလုံးသားထဲ ပဲ့တင်သံ ထပ်ခါ ထပ်ခါ ရိုက်ခတ်စေခဲ့ပါတယ်။

အဲဒါက ...
"နိုင်ငံရေးကို နှလုံးသားနဲ့မလုပ်ပါနဲ့။ ဦးနှောက်နဲ့လုပ်ပါ ..." တဲ့။
"နိုင်ငံရေးကို နှလုံးသားနဲ့မလုပ်ပါနဲ့။ ဦးနှောက်နဲ့လုပ်ပါ ..." တဲ့။

+++++

“နိုင်ငံရေးကို နှလုံးသားနဲ့မလုပ်ပါနဲ့။ ဦးနှောက်နဲ့လုပ်ပါ ...” တဲ့။

ကျနော် စဉ်းစားကြည့်မိတယ်၊ အမိနိုင်ငံ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရရှိရေး၊ စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်မှုအတွက် တိုက်ပွဲဝင်တဲ့သူများကိုလေ့လာကြည့်တဲ့အခါ နှလုံးသား ခံစားရတာတွေက ပိုများကြပါတယ်။ စနစ်ကိုက ဒီလိုဖြစ်အောင် အကြောင်းဖန်လာတာဆိုတော့ ဘာပဲဖြစ်ဖြစ် ပြည်သူလူထုမှာ ခါးသီးတဲ့ဒဏ်ရာဒဏ်ချက်တွေကိုယ်စီနဲ့ပါ။ ခံစားမှုမပါဘဲနဲ့လည်း ဒီမိုကရေစီ တော်လှန်ရေး ပေါ်ပေါက်နိုင်စရာ အကြောင်းမရှိပါဘူး။

တခါ အန်တီစုရဲ့ အဲဒီအချိန်ကာလက အနေထားကို သုံးသပ်ကြည့်မယ်ဆိုရင် ပူပူနွေးနွေး အကျယ်ချုပ်ကလွတ်လာခါစ၊ နိုင်ငံရေးလမ်းကြောင်းမှာဆိုလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းပေါ်ကို ဦးတည်နေတဲ့ အချိန်၊ မိမိရဲ့နာကျင်မှုတွေ၊ ခါးသီးမှုတွေကို ခဝါချလို့ တိုင်းပြည်အတွက် လိုအပ်နေတဲ့ အကျိုးစီးပွားမျက်နှာ တခုထဲကိုပဲကြည့်ပြီး ဦးနှောက်နဲ့ တွေးခေါ်ဆုံးဖြတ် လုပ်ဆောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒါကို ဆိုလိုတာပါ။

ကျနော်တို့ဟာ သာမန်ပုထုဇဉ်လူသားတွေပါ။ စိတ်ဆိုးတတ်ပါတယ်။ ပျော်တတ်ပါတယ်။ ခံစားတတ်ပါတယ်၊ တုံ့ပြန်တတ်ကြပါတယ်။ ဒီနေရာမှာ ဆုံးဖြတ်လုပ်ကိုင်နေရတဲ့ အန်တီစုတို့လိုသူများအတွက်ကတော့ ဦးနှောက်နဲ့ တွေးခေါ်လုပ်ကိုင်မှုဟာ သိပ်အရေးကြီးပါတယ်။ နှလုံးသားခံစားမှုကို အသားသွားပေးလို့မရနိုင်ပါဘူး၊ (သို့သော် ပစ်ပယ်လို့တော့ မရကောင်းဘူးလို့ ထင်ပါတယ်) ခံစားမှုအရ နာကျင်နေတဲ့ ပြည်သူတွေအတွက်ကလည်း နာကျင်မှုအတိုင်း တုံ့ပြန်ခဲ့တာ အမှန်တခုပါ။ ထို့အတူ ခံစားမှုကို ဘေးမှာထား၊ လိုအပ်ချက်ကို ရှေ့တန်းတင်လုပ်နေရတဲ့ အန်တီစုလိုခေါင်းဆောင်များရဲ့ ဆုံးဖြတ်ချက်ဟာလည်း အမှန်တခုပါပဲ။

ကျနော် ထောင်ထဲမှာရှိနေစဉ်ကာလက နာမည်ကျော်စာရေးဆရာ မင်းသိခ်ဲ ပြောတာလေးရှိပါတယ်။

“ငါ ဒီအာဏာရှင်တွေကို လုလုပပ ကလဲ့စားချေချင်တယ်ကွာ” တဲ့။

“ကလဲ့စားချေတယ်ဆိုတာ သိပ်အရသာရှိတဲ့အလုပ်ကွ ...” တဲ့။

“စိတ်ကူးနဲ့တောင် တော်တော်မြိန်တာပဲ”

ဒီလိုပြောခဲ့ဖူးပါတယ်။ ဒါက ကျနော်တို့ရဲ့ နှလုံးသား ခံစားချက်တွေပါ၊ သို့သော် အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ တိုင်းပြည်အတွက် အရေးကြီးဆုံး လိုအပ်ချက် ဖြစ်လာတဲ့အခါမှာတော့ ... ...။

တနေ့ အန်တီ့ခြံရှေ့ ဟောပြောပွဲမှာ မေးခွန်းလေးတခု တက်လာပါတယ်။ (အန်တီ့အိမ်ရှေ့မှာ စာတိုက်ပုံးလေး ထားပေးပါတယ်။ မေးခွန်း မေးလိုသူများက စာရေးပြီး အဲဒီထဲ ထည့်ထား၊ အဲဒီထဲကမှ သင့်တော်တဲ့ မေးခွန်းတွေကို အပတ်စဉ် စနေ၊ တနင်္ဂနွေတိုင်းမှာ အန်တီက ပြန်ဖြေပေးပါတယ်)

“မေးခွန်းလေးတခု ကျမ လက်ခံရရှိပါတယ် ... ဒီလို မေးခွန်းမျိုး ကျမ ဖြေချင်နေတာ ကြာပါပြီ ... မေးခွန်းက ဒီလိုပါ ... ဒေါ်အောင်ဆန်းစု ကြည် တပ်မတော်အပေါ်မှာ ဘယ်လိုသဘောထားပါသလဲ .. တဲ့”

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ..." (လက်ခုပ်သံများ)

"ကျမရဲ့ ဖေဖေဟာ တပ်မတော်ရဲ့ဖခင်ပါ..." (လက်ခုပ်သံများ)

"ကျမက ဖေဖေ့သမီး ... အဲဒီတော့ တပ်မတော်ဆိုတာ ကျမရဲ့ မွေးချင်းမောင်နှမတွေပဲလေ ..." (လက်ခုပ်သံများ)

အန်တီစုရဲ့မျက်နှာသွင်ပြင်ဟာ ပြုံးရွှင်နေပါတယ်၊ နှစ်လိုဖွယ်ရာ အပြုံးလို့ သတ်မှတ်မယ်ဆိုရင် မမှားနိုင်လောက်ပါဘူး။

"ကျမ ငယ်စဉ်က ယူနီဖောင်းစိမ်းစိမ်းတွေ ဝတ်ဆင်ထားတဲ့ တပ်မတော်သားတွေရဲ့ကြားမှာ ကြီးပြင်းလာခဲ့ရသူတယောက်ဆိုတော့ ... တပ်မတော်သားတွေဟာ ကျမ အကိုတွေ မောင်တွေ မွေးချင်းတွေပဲပေါ့ ... ကျမ မုန်းလို့ ရနိုင်မလား ... စဉ်းစားကြည့်ကြပါ"

လက်ခုပ်တီးသံတွေ၊ သြဘာပေးသံတွေ ဆူညံသွားပါတယ်။ ဒါဟာ အန်တီစုရဲ့နှလုံးသားကြားက ယိုစိမ့်ထွက်လာတဲ့ အစစ်မှန်စကားလုံးတွေပါ။

ပုသိမ်မြို့ စည်းရုံးရေးခရီးစဉ်မှာ စစ်သားတွေရဲ့ သေနတ်မောင်းကျည်ဖြုတ်လုဆဲဆဲ ... ဝိုင်းရံနေတဲ့ ကြားက အပြုံးမပျက်ထွက်လာနိုင်ခဲ့တဲ့ပုဂ္ဂိုလ်ရင်ထဲက ရိုက်ခတ်လာတဲ့ ပုံရိပ်တွေပါ။

တနေ့ ကျနော်တို့ အန်တီနဲ့ဆုံတွေ့တဲ့အခါ မေးကြည့်မိပါတယ်။

"အန်တီ ပြောခဲ့တဲ့စကားက တကယ်ပဲပေါ့" ဆိုတော့ ... "တကယ်မို့လို့ အန်တီပြောတာပေါ့ ..." တဲ့။ "အန်တီ့ဘေးမှာရှိနေတဲ့ လူကြီးတွေကိုပဲ သားတို့လေ့လာလိုက်ဦးလေ၊ ဘဘ ဦးအောင်ရွှေ၊ ဦးကြည်မောင်၊ ဦးတင်ဦး၊ ဦးလွင် ... အားလုံးဟာ တပ်မတော် ခေါင်းဆောင်တွေချည်းပဲ။ ဘဘ ဦးတင်ဦးဆို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တာဝန်တောင် ယူခဲ့ရသေးတာ။ နောက်ဆုံး ဒီပုဂ္ဂိုလ်ကိုပဲကြည့်။ (ဦးဝင်းထိန်ကို လှည့်ပြီး ညွှန်ပြလိုက်တယ်) တပ်မတော်က အရာရှိဟောင်းတဦး။ အန်တီ တပ်မတော်သားတွေကိုမုန်းတီးရင် သူတို့နဲ့ ဘယ်လက်တွဲလိမ့်မလဲ"

သိပ်မှန်တဲ့စကားပါ ... ။ အန်တီ့ကို ဝန်းရံနေသူတွေ၊ ပါတီထဲက ခေါင်းဆောင်တချို့ဆို စစ်တိုင်းမှူးဟောင်းတွေတောင် ပါပါတယ်။ ကျနော်တို့ ကျောင်းသားတွေထဲကတယောက်က လက်ရှိတပ်မတော်အတွင်းက အောက်ခြေစစ်သားတွေရဲ့အခက်အခဲ၊ ဆင်းရဲကြပ်တည်းမှုတွေကို ပြောပြတဲ့ အခါ အန်တီရဲ့ရင်ထဲ မွန်းကြပ်သွားပုံရပါတယ်။ ဒီတခါမှာတော့ မျက်နှာလေးဟာ ညိုးရော်လို့ ... ...။

"လက်ရှိစစ်တပ်အတွင်းက တပ်မတော်သားတွေရဲ့ ဆင်းရဲကြပ်တည်းမှုတွေကို ကောင်းကောင်း မဖြေရှင်းပေးတာဟာ ... မကောင်းဘူး"

အန်တီက ဦးတင်ဦးဘက်ကို လှည့်ပြောတော့ ...

ဦးတင်ဦးက …

"တပ်ရဲ့အကြီးအကဲဆိုတာ ရဲဘော်တွေရဲ့မိဘပဲ … အစစအရာရာ တာဝန်ရှိတယ် … မလိုအပ်ဘဲနဲ့ တပ်မတော်ကို တိုးချဲ့နေမယ့်အစား .. လက်ရှိအနေအထားကို အရည်အသွေးပြည့်မီအောင် လုပ်သင့်တယ်၊ ခေတ်မီတပ်မတော်ဖြစ်ဖို့ဆိုတာ လူတွေ စုနေရုံနဲ့ဖြစ်လာမှာမဟုတ်ဘူး … အခုဟာက တပ်က ခေတ်မီတပ်မတော်ဖြစ်ဖို့နေနေသာသာ၊ စားဝတ်နေရေး ဖူလုံဖို့တောင် … မလွယ်ကူတဲ့အခြေနေဆိုတော့ စိတ်ထဲမကောင်းဘူး"

"တပ်မတော်သားဆိုတာကလည်း … ပြည်သူတွေထဲက ပြည်သူတွေပဲလေ …။ နိုင်ငံရဲ့ယိုယွင်းမှုတွေကို ပြည်သူနဲ့အတူ သူတို့လည်း ခါးစည်းခံရတော့မှာပဲ"

အန်တီဟာ တကယ်တော့ တပ်မတော်သားတွေအပေါ် ချစ်ခင်၊ စာနာစိတ်ရှိသူတယောက်ဆိုတာ သေချာပါတယ်။ သူဟာ တပ်မတော်သားတွေနဲ့ပတ်သက်လို့ စိုးရိမ်ခဲ့တာအမှန်ပါ။

ဒီလိုနဲ့ ရက်အနည်းငယ်အကြာမှာတော့ အန်တီရဲ့ ရင်ထဲကရိုက်ခတ်လာတဲ့စကားလုံးတွေဟာ နအဖ ထိပ်တန်း အပါအဝင် တပ်မတော်သား တော်တော်များများ နားထဲကို စိမ့်ဝင်သွားစေခဲ့ပါတယ် …။

သိပ်မကြာခင် ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ လူသိထင်ရှား ထုတ်ဖော်ပြောဆိုမှုနဲ့ တုံ့ပြန်သံကို ကြားလာရ ပါတော့တယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို နှမလေးလို သဘောထားပါတယ်" တဲ့။

ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကတော့ ကာယကံရှင်ကလွဲလို့ ဘယ်သူသိနိုင်လိမ့်မလဲ။

အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့ ပြတင်းတံခါးလေးများ 'ဟ' လာလေရော့သလား။ သို့လော သို့လော စဉ်းစားစရာတွေနဲ့ပေါ့။

(ကျနော် ထောင်ထဲမှာနေခဲ့ရတုန်းက တပ်ရင်းမှူးတယောက်လည်း ပြစ်မှုတခုနဲ့ ထောင်ကျလာပါ တယ်။ သူနဲ့ ကျနော် ခင်မင်သွားတဲ့အခါ သူ့က တနေ့ သူကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေထဲက တိုက်တိုက်ဆိုင် ဆိုင် တခုကို ပြောပြပါတယ်။ အန်တီက ဖော်ပြပါမိန့်ခွန်းကို တိုင်းသိ ပြည်သိ ကမ္ဘာသိပြောကြားလိုက်တဲ့အခါ တပ်ထဲမှာ … တော်တော်ဂယက်ရိုက်သွားကြောင်း၊ စစ်တပ်ခေါင်းဆောင်ပိုင်းတွေဟာ တပ်ရင်းအသီးသီးကို ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြောကြားချက်မိန့်ခွန်းကို မယုံကြည်ကြဖို့ စည်းရုံးပြောဆိုခဲ့တယ်လို့ ကြားလိုက်ရပါတယ်။) မှန် မမှန် ဟုတ် မဟုတ် ဆိုတာကတော့ ကျနော်လည်း အတတ်မသိပါဘူး။

တနေ့မှာ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဦးအောင်ရွှေ၊ ဦးတင်ဦး၊ ဦးကြည်မောင်၊ ဦးလွင် စတဲ့ ခေါင်းဆောင်ပိုင်းတွေနဲ့ ကျနော်တို့ ကျောင်းသားများနဲ့ တွေ့ဆုံခဲ့ကြပါတယ်။ ကျနော်တို့က တွေ့ဆုံပေးဖို့ မေတ္တာ ရပ်ခံချက်ကြောင့်လည်း ပါပါတယ်။ ဒါကတော့ ကျနော်တို့ကျောင်းသားတွေအနေနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို စတင် အကောင်ထည်ဖော်ဆောင်ရွက်ရန် အကြံဉာဏ်တောင်းခံခြင်းပဲ ဖြစ်ပါတယ်။ ဘယ်က စလုပ်ကြမလဲ။ တကယ်တော့ တဖက် နအဖနဲ့ သင့်မြတ်ဖို့ကို အသာထားလို့ … ကိုယ်ချင်းသင့်မြတ်ရေးကို ဦးစွာ ထည့်သွင်းစဉ်းစားရပါတော့တယ်။

အမှန်တိုင်း ထုတ်ဖော်ဝန်ခံရရင် အဲဒီအချိန်က ကျနော်တို့အတိုက်ခံ အင်အားစု အချင်းချင်းကြားမှာ တောင်မှ အဆင်မပြေ–မချောမွေ့မှုတွေ အများကြီးရှိပါတယ်။ အန်တီစုအပေါ်မှာတောင် မပြေလည်မှုတွေ၊ မကျေနပ်ချက်တွေ ရှိနေပါတယ်။ ဒီတော့ ဒါတွေကို ရှင်းထုတ်ပြီး ပွင့်လင်းမြင်သာတဲ့ သင့်မြတ်မှုတွေကို စတင်ဖို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတယ်။

နောက် ကျနော်တို့ ကျောင်းသားများအနေနဲ့ကလည်း တိုက်တိုက်ဆိုင်ဆိုင် သီတင်းကျွတ်လပြည့်နေ့ အခါသမယနဲ့ကလည်း နီးကပ်နေတော့ လူကြီးတွေကို စုပေါင်းဂါရဝပြုရင်း လုပ်ဆောင်ဖို့ကို အစီအစဉ် ချမှတ်ခဲ့ပါတယ်။ နေရာကိုတော့ တက္ကသိုလ်များ ဓမ္မာရုံမှာလုပ်မယ် … လို့ ယာယီအားဖြင့် သတ်မှတ် ထားခဲ့တယ်။

ဒီလိုနဲ့ ပထမဦးဆုံး ကျနော်တို့ကျောင်းသားများဟာ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအဖွဲ့ (ဒီ/ငြိမ်း) နဲ့ အရင်ဆုံး တွေ့ဆုံသဘောတူညီချက်ရအောင် ကြိုးစားရပါတော့တယ်။ တနေ့ ကျနော်တို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်အိမ်ကို ချီတက်ခဲ့ကြတယ်။ ဗိုလ်မှူးအောင်နဲ့လည်း အခန့်သင့်စွာပဲ တွေ့ခဲ့ပါတယ်။

"ကျနော်တို့က ကျောင်းသားတွေဖြစ်တဲ့အကြောင်း … ကျနော်တို့ရဲ့ အစီအစဉ်တွေကို ချပြခဲ့ပါတယ်။ ဗိုလ်မှူးအောင်ရဲ့မျက်နှာဟာ ချက်ခြင်းဆိုသလို တင်းမာသွားပါတယ်။

"ငါ … စုကြည်ရယ် – NLD ရယ် တွေ့ရမယ်ဆို … ငါ လုံးဝ မတွေ့နိုင်ဘူး"

ကျနော်တို့ ကြောင်သွားကြတယ်။ တော်တော်လည်း အကြပ်ရိုက်သွားပါတယ်။ ဘာလုပ်ရမှန်း မသိတော့ဘူး။ ကျနော်တို့ အမျိုးမျိုးဖြောင်းဖျကြတယ်။

"ဘဘ ကျနော်တို့တင်ပြချက်တွေကို နည်းနည်းလေးလောက်တော့ အသိမှတ်ပြုပေးပါ … ဒီနေ့ အချိန်အခါမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ အရမ်းကိုလိုအပ်နေပါတယ်၊ သင့်မြတ်ဖို့ လိုပါတယ်… ဘဘတို့လို အစဉ်လာရှိတဲ့လူကြီးတွေနဲ့ အန်တီနဲ့မှ မသင့်မြတ်ကြဘူးဆိုရင် … ရှေ့ကို ဘယ်လိုဆက်သွား ကြမလဲ"

"အဲဒါတွေ ငါမသိဘူး၊ ငါရှင်းရှင်းပဲ ပြောမယ်ကွာ … ငါ လုံးဝ မတွေ့ချင်ဘူး။ သူတို့နဲ့ တွဲပြီးလည်း … ငါတို့တဖွဲ့လုံး ဘာမှမလုပ်ချင်ဘူး"

ကျနော်တို့အားလုံး ဝမ်းနည်းသလို ခံစားသွားပါတယ်။ ပထမဦးဆုံး ခြေလှမ်းမှာတင် ဦးကျိုးသလိုများ ဖြစ်နေပြီလား၊ ဒါပေမယ့်လည်း ဘာပဲဖြစ်ဖြစ် စိတ်ရှည်ရမယ် … ဆိုတဲ့ သဘောတရားကတော့ ရင်ထဲမှာရှိနေ ဆဲပါ။

ဗိုလ်မှူးအောင်ကတော့ အဆက်မပြတ်ဆိုသလို ခေါင်းကို တွင်တွင်ခါဆဲပါပဲ။ ကျနော်တို့က ပြောလိုက် … သူက ငြင်းပယ်လိုက်နဲ့ နာရီဝက်ခန့်လောက်ကြာအပြီးမှာတော့ … ကျနော်ကပဲ ဆက်ပြီး …

"ဘဘ နောက်ဆုံး အခွင့်ရေးလေးတခုတော့ပေးပါ … ဘဘတို့ ဘာတွေမကျေနပ်သလဲ၊ ကျနော်တို့ကို ရင်ထဲရှိတာတွေပြောပါ … ကျနော်တို့ ညှိနှိုင်းလို့ရမယ်ဆို အန်တီနဲ့ ညှိနှိုင်းချင်ပါတယ်"

"အဲဒီလို ညှိနှိုင်းလို့ ... မင်းတို့အန်တီကရော .. အဆင်ပြေမယ်လို့ ထင်သလား ... ဝေးသေး ... ငါ လုံးဝ မထင်"

"ဘဘပြောသလိုတော့ ဟုတ်မယ် မထင်ပါဘူး ... ညှိနှိုင်းလိုက်ရင် အဆင်ပြေမှာပါ"

"သူ့ (ဒေါ်အောင်ဆန်းစုကြည်) သဘောကရော အခုလက်ရှိ အခြေအနေမှာ ဘယ်လိုရှိလဲ"

ဗိုလ်မှူးအောင် အနေအထားက စောစောကထက် နည်းနည်း ပျော့ပြောင်းလာတဲ့ အရိပ်လက္ခဏာ တရပ်ကို ကျနော်တို့ စတင်တွေ့မြင်လာရပါတယ်။ ကျနော်တို့ ဝမ်းသာသွားကြတယ်။

"အန်တီက အားလုံးသင့်မြတ်ရေးကို အလိုရှိပါတယ် ...။ ယုံပါ ဘဘ"

"ငါတို့ အားလုံးလည်း ကြားပါတယ် ... ... အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ ဒို့နိုင်ငံအတွက် အရမ်းကို လိုအပ်ပါတယ် .. ဒါမရှိဘဲနဲ့ တိုင်းပြည်ကိုထူထောင်ဖို့ဆိုတာ စိတ်ကူးယဉ်သလိုပါပဲ။ သမင်မွေးရင်း ... ကျားစားရင်းဖြစ်နေမှာပဲ ...။ ဆက်မွဲဦးမှာပဲ"
အဲဒါသေချာတယ် ... ...

"အန်တီလည်း ဒီသဘောတရားကို ... လက်ခံပါတယ် ဘဘ"

ဗိုလ်မှူးအောင် ခဏငြိမ်သွားတယ်။ ပြီးမှ ... ...

"ငါ့တို့ရဲ့ရင်ထဲမှာ စုကြည်ဟာ ဒို့ခေါင်းဆောင် ဒို့ရဲဘော် ဗိုလ်ချုပ် အောင်ဆန်းရဲ့သမီး ... တနည်းဆို ... ငါတို့ သမီးကွ"

သက်ပြင်းကို အခါခါချရင်း ... တခုခုကို တမ်းတ ငေးမောနေသလိုပဲ၊ တခုခုကို လေးလေးနက်နက် စဉ်းစားနေရင်း ...

"ခက်တယ်ကွာ ... ငါ့စေတနာကိုလည်း ... နားမလည်ဘူး ... ဇော်ကားတယ်။ သူတင်ကမလားကွ ... သူ့အမေဆို ပိုတောင် ဆိုးသေးတယ်" (ဒေါ်ခင်ကြည်ကို ဆိုလိုရင်းဖြစ်သည်)
ကျနော်တို့အားလုံး စိတ်ဝင်စားသွားကြတယ်။ ကျနော်တို့ မသိမီသေးတဲ့ သမိုင်းဆိုင်ရာ ကိစ္စတွေများ ဖြစ်နေမလား ... ...။
"ဘဘ ... ဘာတွေဖြစ်ခဲ့လို့လဲ ... ပြောပြလို့ရနိုင်မလား"

"ပြောမယ်၊ ဒီလို ... ဦးစောက (ဗိုလ်ချုပ်အောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ခဲ့သူက) မင်းတို့ သမိုင်းမှာသိတဲ့အတိုင်း လက်နက်တိုက်ကနေ လက်နက်တွေ ထုတ်သွားရာက အစ ... ကိုအောင်ဆန်းကို လုပ်ကြံမယ် ... ဆိုတဲ့သတင်းကို ငါတို့ အတိအကျရထားတယ်ကွာ ...။ ဒီကြားထဲမှာ ဘဆွေ (စာရေးဆရာ ရန်ကုန်ဘဆွေ) ကလည်း ကိုအောင်ဆန်းအပေါ်မှာ သိပ်ကလိမ်ကျနေတဲ့၊ မနာလိုနေတဲ့ ဦးစောကို ကြည့်မရ ဖြစ်ပြီး (ကိုအောင်ဆန်းတို့ လုပ်ကြံမခံရခင် လပိုင်းလောက်မှာ) သေနတ်နဲ့ သွားပစ်တယ်ကွာ ...။ စဉ်းစားကြည့် ပေတော့ ...။ နဂိုကမှ ဦးစောက ကိုအောင်ဆန်းကို မလိုနေရတဲ့ အထဲ ပိုဆိုးသွားပြီပေါ့။ အကောက်ကြံပြီပေါ့။

ဒါတွေကို ငါတို့က အတိအကျ သတင်းရတယ်။ ဒါနဲ့ တနေ့ မဖြစ်ချေဘူး ... ဆိုပြီး မနက်စာတောင် ထမင်းမစားနိုင်ဘူး။ ငါ ကိုအောင်ဆန်းဆီ အပြေးသွားခဲ့တယ်။ အဲဒီနေ့က ကိုအောင်ဆန်းကလည်း အိမ်မှာ အဆင်သင့်ကွ။ ဘယ်မှ မသွားဘူး။ အိမ်မှာ အနားယူနေပုံရပါတယ်။ ငါ မှတ်မိသေးတယ်။ စွပ်ကျယ် လက်စကလေးနဲ့။ ငါရောက်သွားတယ်ဆိုရင်ပဲ ... ... သူက ...

"ဟာ ... ကိုကြီးအောင် အမောတကောနဲ့ ဘာတွေဖြစ်လာလို့လဲ"တဲ့။

ကိုအောင်ဆန်းကို ကြည့်ရတာ အေးအေးဆေးဆေးပဲ။

"ဘာဖြစ်ရမလဲ ... ခင်ဗျားကို ... သတ်တော့မယ်။ အဲဒါ ... ဂရုစိုက်ဦး ... ကျုပ်လာသတိပေးတာ။ သတင်းတွေ အတိအကျ ရထားပြီးပြီ"

ကိုအောင်ဆန်းက ရယ်တယ် ... ကွ။ ဒီလူကလည်း တမျိုးကွာ။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ကိုကြီးအောင်ရာ ... ဦးလေးစော (ဦးစော) က ... ကျနော့်ကို သတ်လောက်အောင် မုန်းမယ်မထင်ပါဘူး .."

"မုန်းတာ မမုန်းတာထက် ခင်ဗျားကို လုပ်ကြံဖို့ကြိုးစားနေတာတော့ အသေအချာပဲ။ ဒါဆိုလည်း ပြီးတာပဲ ... ကျုပ် တာဝန်ကျေတယ်နော် ..။

ငါ့စိတ်ထဲ နည်းနည်းတော့ ကသိကအောင့်ဖြစ်မိတယ် ... အမှန်ပြောမယ်၊ ငါ သူသေမှာ ကြောက်တာ အမှန်ပဲကွ။ ငါသေရမှာတောင် ငါမကြောက်ဘူး၊ သူသေရင် ရှုပ်ကုန်မှာတွေ တပုံကြီး၊ သူကလွဲလို့ ဘယ်သူမှ မလုပ်နိုင်တာတွေ ရှိတယ်။ အဲဒါ ငါသိတယ်။ (အဲဒီအချိန်က ဗိုလ်မှူးအောင်ဟာ နိုင်ငံရဲ့ အဆင့်မြင့်တာဝန်ကို ယူထားရသူတယောက်ပါ။ လွှတ်တော်ဥက္ကဋ္ဌ ထင်ပါတယ်)

ဒီအချိန်မှာ ငါ ဗိုက်ကလည်း ဆာလိုက်တာမှကွာ ...။ အဲဒါကို ကိုအောင်ဆန်းက ရိပ်မိသွားသလား မသိဘူး ...။

"ကိုကြီးအောင် ... ထမင်းစား မလာရသေးဘူးထင်တယ်"

"ဘယ်စားရအုံးမလဲ .... ခင်ဗျား သေမှာကြောက်လို့ ကျုပ် ဗိုက်ဆာနေတာတောင်အောင့်ပြီး ခင်ဗျားဆီ အပြေးလာခဲ့တာ"

ဒါနဲ့ ကိုအောင်ဆန်းက အိမ်ထဲကို ဟိုကြည့် ဒီကြည့် လှမ်းကြည့်ရင်းက မခင်ကြည်ကို လှမ်းခေါ်တယ်။

"ကြည်ရေ ... ကြည် ..."

မခင်ကြည်က အိမ်ခန်းထဲကနေထွက်လာပြီး ... ကိုအောင်ဆန်း ဘေးနားရောက်လာတော့ ...

“ကိုကြီးအောင် ထမင်းမစားရသေးဘူး။ ပြင်လိုက်ပါဦးကွ …” ဆိုတော့ … မခင်ကြည်က ကိုအောင်ဆန်းကို သေသေချာချာကြည့်ပြီးမှ ဘာပြောတယ်ထင်သလဲ။

“ကျမတို့က တိုင်းချက်ထားတာလေ … မပိုတော့ဘူး …” တဲ့။

ငါ ဒေါသထွက်လိုက်တာ မပြောပါနဲ့တော့။ ဒါနဲ့ ငါကလည်း …

“ခင်ဗျားယောက်ျား သေမှာကြောက်လို့ ကျုပ်က လာပြောတာ။ ကျုပ်က အငတ်မဟုတ်ဘူး …”ဆိုပြီး ပြောထွက်လာခဲ့တယ်။ ကိုအောင်ဆန်းကတော့ တားတယ်။ ပြီးတော့ တဟားဟား ရယ်တယ်ကွ။

မင်းတို့ စဉ်းစားကြည့်ကွာ။ ငါပြောခဲ့သလိုပဲ။ ငါက စေတနာနဲ့ သူ့အိမ်အထိ လာပြောကိုတောင်မှ ငါက အငတ်ကြနေတာပဲ။ ထမင်းကို တိုင်းချက်ထားတာ … တဲ့၊ မသကာ ထမင်းတအိုးတည်တော့ရော ဘယ်လောက် ကြာမှာမို့လဲ။

သူ့သမီးကျတော့လည်း ငါတို့ကို သူ့အဖေနဲ့ လုပ်ဖော်ကိုင်ဘက်တွေကို လေးစားရိုသေရမှန်းမသိ …။ ပြောရရင် အများကြီးပါကွာ …”။

ဗိုလ်မှူးအောင် သူပြောချင်တာတွေကို ရင်ဖွင့်ပြောလိုက်ရလို့ စိတ်ခံစားမှုတွေ ပြေပျောက်သွားတဲ့ပုံ ကျနော်တို့တွေ့လိုက်ရတဲ့အခါ … ကျနော်တို့ စိတ်သက်သာရာရသွားတယ်။ သူ့ရဲ့ရင်ထဲ အစိုင်အခဲတွေဟာ ထုတ်ပြောလိုက်မိတဲ့ စကားလုံးတွေနဲ့အတူ လွင့်ပါသွားလေသလား ဖြစ်နေချိန်မှာ …

“ဒါတွေ ထားလိုက်ပါတော့ကွာ … မစု ကို (အခေါ်အဝေါ်ပြောင်းသွားတာကို ကျနော်တို့ သတိထားမိလိုက်ပါတယ်) မင်းတို့ပြောလိုက်ပါ …။ သမိုင်းနဲ့ ယှဉ်ပြောချင်တယ် …။ ကိုအောင်ဆန်းဟာ တိုင်းပြည် လွတ်လပ်ဖို့နဲ့ တိုးတက်ဖို့ကလွဲရင် – သူ့စိတ်ထဲမှာ ဘာမှကို တခြားဟာတွေ မရှိတာ … ရိုးသားတယ်။ သတ္တိရှိတယ်၊ အမျှော်အမြင်ကြီးတယ်။ သူ့ကို ဦးစောက မနာလိုဖြစ်ပြီး အကောက်အမြဲကြံနေတာကိုလည်း သူ သိတယ်။ ဒါပေမယ့် ကိုအောင်ဆန်းဟာ တိုင်းပြည်အကျိုးစီးပွားအတွက် ဘယ်တော့မှ ဦးစောကို မလိုစကား၊ အပြုအမူ မလုပ်ခဲ့ဘူးကွ။ ခေါ်တာတောင် … ဦးလေးစော လို့ခေါ်တာ၊ ဦးစောရဲ့ ကြိုးစား အားထုတ်ပုံတွေကို အမြဲချီးကျူးတယ်၊ ကိုအောင်ဆန်းက တိုင်းပြည်မျက်နှာကိုကြည့်ပြီး ရိုးသားစွာ ဆက်ဆံခဲ့ တယ်။ ဒါပေမယ့် တဖက်က ဦးစောကတော့ သူ့ အတ္တ တမျက်နှာကိုပဲ ကြည့်တယ်။ သူ့ရာထူး၊ နေရာ၊ နာမည်ဆိုတဲ့ လောဘကိုပဲ ကြည့်တယ်”

“ကိုဘဆွေ (ရန်ကုန်ဘဆွေ)တို့ ဦးစောကို သေနတ်နဲ့သွားပစ်တော့ ဦးစောက … ဒါ – ကိုအောင်ဆန်း ခိုင်းလို့လုပ်တာပဲ … လို့ တဖက်သတ် စွပ်စွဲတယ်။ တကယ်တော့ ကိုအောင်ဆန်းဟာ ဒီလို အကောက်ကြံတတ်တဲ့သူ မဟုတ်ဘူးဆိုတာ … တလောကလုံး သိတယ်။ ဦးစောလည်း သိတယ်။ သိကို သိတယ်။ ငါ ပြောနိုင်ပါတယ်။ တမင်လုပ်ကြံသတ်ဖြတ်ချင်လို့ ယိုးစွပ်ပစ်လိုက်တာပါကွာ”

“သမိုင်းသင်ခန်းစာကို ယူပါ။ မမေ့လျော့ပါနဲ့ …” လို့ ဗိုလ်မှူးအောင်ရဲ့အသံတွေမှာ ဆို့နစ်ကြေကွဲ သံတွေ ရောနှောထွက်လာခဲ့တယ်။ သူ့ရဲ့ မျက်နှာပြင်ပေါ်မှာ ဆွေးမြေ့မှုတဝက်၊ ကရုဏာတဝက်က ထင်ရှားစေခဲ့တယ်။

"ကောင်းပြီလေ … ငါ မစုနဲ့တွေ့မယ် … ငါတင်မကဘူး။ ဒီငြိမ်းတဖွဲ့လုံးနဲ့ တွေ့မယ်။ မင်းတို့ စီစဉ်လိုက် …။ ပြောပြလိုက်ပေါ့ကွာ"

ကျနော်တို့ ဝမ်းသာသွားကြတယ်။ ဗိုလ်မှူးအောင်ကို အားလုံးက ဝိုင်းကန်တော့ကြပြီး ကျနော်တို့တတွေ အန်တီခြံကို အပြေးကို ရောက်လာခဲ့ကြတော့တယ်။ အန်တီက တခြားသူတွေနဲ့ တွေ့နေလို့ ကြာနေတဲ့အချိန်တွေတောင်မှ စိတ်မရှည်နိုင်တော့ဘူး၊ တခြားသူတွေနဲ့တွေ့ပြီးလို့ … ထွက်လာလာခြင်းပဲ ကျနော်တို့ရဲ့ ပွဲဦးထွက်အောင်မြင်မှုကို အားပါးတရ ပြောပြလိုက်တော့ အန်တီရဲ့ မျက်နှာပေါ်မှာအပြုံးတွေနဲ့ … … …။

ကျနော်တို့တွေ့ဆုံတုန်းက မှတ်တမ်းတင်လာတဲ့ တိတ်ခွေကို အန်တီ့လက်ထဲ အပ်နှံခဲ့တယ်။ အန်တီက ချက်ခြင်းပဲ …

"ဘဘတို့ကို ပြောလိုက်ပါ … လူကြီးတွေက အန်တီ့ဆီ မလာပါနဲ့။ မသင့်တော်ပါဘူး။ အန်တီက အငယ်ပဲ၊ အန်တီက လူကြီးတွေရှိရာကို အရောက်လာပါ့မယ်လို့ …"

ဒါနဲ့ ကျနော်တို့ ဗိုလ်မှူးအောင်တို့ဆီကို အကြောင်းပြန်ရပြန်ပါတယ်။ ဒီလိုနဲ့ နေ့တနေ့ကို သဘောတူခဲ့ပြီး … အန်တီက ဗိုလ်မှူးအောင်အပါအဝင် ဒီငြိမ်း အဖွဲ့ဝင်လူကြီးများကို သွားရောက် ဂါရဝပြုခဲ့ပါတယ်။

နောက်ထပ်တခါ ကျနော် ဗိုလ်မှူးအောင်နဲ့ တွေ့ဆုံတဲ့အခါမှာတော့ …

"ငါ အသက်လည်းကြီးပြီ … ငါသေသည့်အချိန်ထိ မစုကို ဝန်းရံ ပေးသွားမယ် … ကူညီသွားမယ်"

ဗိုလ်မှူးအောင်ဟာ နောက်ဆုံးသေသည်အထိ ကတိတည်စွာ အန်တီစုကို ဝန်းရံပေးခဲ့ပါတယ်။ အန်တီနဲ့ ပြန်ဆုံတွေ့တဲ့အခါမှာတော့ အန်တီက ကျနော်တို့နဲ့ ဗိုလ်မှူးအောင်တွေ့ဆုံခဲ့တဲ့ အသံဖမ်းတိတ်ခွေကို နားထောင်ပြီးပြီမို့ … …

"လူကြီးတွေ စိတ်ဆိုးကြတာ တခါတရံကြတော့လည်း ချစ်စရာတော့ အကောင်းသား … သူတို့မှာ စိတ်နဲ့ အခန့်မသင့်လို့သာ"

တနေ့ ကျနော်တို့ အန်တီစုနဲ့တွေ့ကြတဲ့အခါ ပြောမိတာက …
"အန်တီ …၊ အမေရိကန်သမ္မတ လင်ကွန်းက ပြောဖူးတယ်။ (The best way to destroy an enemy is to make him your friend.) ရန်သူကို အပြီးချေမှုန်းပစ်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ မိတ်ဆွေဖွဲ့ခြင်း ပဲ …" တဲ့။

နောက်ပြီး … ဆရာကြီး ဒဂုန်တာရာကလည်း ပြောဖူးတယ်။

"နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ" တဲ့။

"ဒါပေမယ့် … ဗိုလ်ချုပ်အောင်ဆန်းဟာ ဦးစောကို နည်းမျိုးစုံနဲ့ မိတ်ဆွေဖြစ်အောင်ကြိုးစားပေမယ့် နောက်ဆုံး လုပ်ကြံသတ်ဖြတ်ခြင်းကိုသာ ခံလိုက်ရတယ်။ မိတ်ဆွေဖြစ် မသွားရှာဘူး။ ဒါကိုကျတော့ ဘယ်လို

နားလည်ရမလဲ” ဆိုတော့ … အန်တီရဲ့တောက်ပတဲ့မျက်ဝန်းအစုံမှာ အခိပ္ပာယ်တွေနဲ့ … ခပ်ဆိတ်ဆိတ်လေး နားထောင်နေရှာတယ်။

ဘေးမှာရှိတဲ့တပ်မှူးဟောင်းကြီးတွေရဲ့ရင်ထဲမှာ ပဟေဠိပုစ္ဆာတပုဒ် များ ဖြစ်သွားလေရော့သလား။

အန်တီစုအိမ်ရဲ့ဘေးမှာရှိနေတဲ့ အင်းယားကန်ကို ဖြတ်တိုက်လာတဲ့ လေပြေညင်းလေးတွေရဲ့အသံကို ကြားနေရသလိုပဲ … … …။

+++++

ကျနော်တို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့သူတွေကတော့ တော်တော်များပါတယ်။ ဒီအထဲက အခိကကျတဲ့ အကြောင်းအရာများနဲ့ အတွေ့အကြုံ များကိုပဲ ဦးစားပေးတင်ပြလိုပါတယ်။

နောက်ထပ်တခါ ဝိဂူရ သခင်ချစ်မောင်လို့ လူသိများခဲ့တဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးတယောက်နဲ့ ကျနော်တို့ တွေ့ဆုံခဲ့ပါတယ်။ ကျနော်တို့ သခင်ချစ်မောင်နဲ့ တွေ့ဆုံဖို့ကို ခွင့်တောင်းတော့ အဆင်ပြေစွာပဲ တွေ့ခွင့်ပေးခဲ့ပါတယ်။ ကျနော်တို့ကို သူ့ပါတီက ဗဟိုအလုပ်အမှုဆောင် လူကြီးတချို့နဲ့ပါ တွေ့ဆုံပေးခဲ့တယ်။ သူတို့ဘဝ သူတို့အတွေ့အကြုံတွေက ကျနော်တို့အတွက် စိတ်ဝင်စားဖွယ်ရာတွေ အများကြီး ပါခဲ့ပါတယ်။ သူ ပြောတာတွေထဲမှာ သဘောကျတာလေးက ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့–လူမသိသေးတဲ့စကားတွေနဲ့ အကြောင်းအရာလေးပါ။ (သိပ်တော့ မထူးဆန်းပါဘူး) ဒါပေမယ့် လေးစားစရာကောင်းပါတယ်။ ချစ်စရာ ကောင်းပါတယ်။

တနေ့ ဗိုလ်ချုပ်နဲ့ သခင်ချစ်မောင်တို့ ဒို့ဗမာအစည်းရုံး ရုံးခန်းမှာဆုံကြတော့ (အဲဒီတုန်းက ဗိုလ်ချုပ်က သခင်ပေါက်စဘဝပဲ ရှိပါသေးတယ်) ဗိုလ်ချုပ်က စာအုပ်တအုပ်ကို သေသေချာချာ လေးလေးနက်နက် ဖတ်နေရာကနေ မျက်စိ၊ အကြောတွေ ညောင်းလို့ထင်ပါရဲ့။ ထလာပြီး ခါးကို ဟိုဘက်ချိုး၊ ဒီဘက်ချိုးလုပ်ရင်း …

“ကိုချစ်မောင်ရေ .. ခင်ဗျားကို ကျုပ်မေးခွန်းတခုမေးဦးမယ်ဗျာ” ဆိုတော့ သခင်ချစ်မောင်က …

“မေးလေဗျာ .. ရပါတယ် … ဘယ် နိုင်ငံရေး အယူအဆအကြောင်း ဆွေးနွေးချင်လို့လဲဗျ …” ဆိုတော့ … ဗိုလ်ချုပ်က –

“လောလောဆယ် … အဲဒါတွေ မပါသေးဘူးဗျ၊ ကျုပ်မေးချင်တာ ကျုပ် ဒီပုံစံနဲ့ မိန်းမရော ရနိုင်ပါ့မလားဗျာ …” ဆိုပြီး ဆိုင်းမဆင့် ဗုံမဆင့် မေးလိုက်တော့ သခင်ချစ်မောင်တောင် ရုတ်တရက် အံ့အားသင့်သွားတယ်။

ပြီးမှ သူက အလိုက်သင့်ပဲ … …

“ခင်ဗျား လိုချင်ရင် … ရတာပေါ့ဗျာ … ဒါပေမယ့် ခင်ဗျားက မိန်းမပိုးချိန်ရော ရလို့လား … ”

“ပြောလည်း ခံရမှာပဲဗျ … အဲဒီဘက်ကို မလှည့်အားဘူး … တခါတရံကျလည်း မိသားစုဘဝလေးနဲ့ အေးအေးချမ်းချမ်းလေး နေကြည့်ချင်တယ် … ဘယ်လိုနေမလဲ မသိဘူး”

သခင်ချစ်မောင်ဟာ ကျနော်တို့ကိုပြောပြနေစဉ်မှာ အတိတ်ကို ပြန်လွမ်းဆွတ်နေပုံပါ။ ပြီးမှ သူကပဲ ဆက်ပြီး ...

"ဘဘ ကိုယ်ချင်းစာပါတယ်။ လူပဲလေ ... လူ့ဘဝရဲ့အရသာကို ခံစားချင်တာပေါ့ ... ဒါပေမယ့် သူ့မှာ နိုင်ငံတာဝန်တွေက ဝန်ထုတ်ဝန်ပိုးဖြစ်နေတော့ လူငယ်ဘဝ လူငယ်အလုပ်တွေတောင် မလုပ်နိုင်ရှာဘူး။ အိမ်ထောင်ကျသွားတော့လည်း အိမ်ထောင်ရဲ့မိသားစုအရသာ ဘယ်လောက်ကြာကြာ ခံစားသွားရလို့လဲ။ သူ့ခမျာ ငယ်ငယ်လေးနဲ့ အသက်ဆုံးရှုံးသွားရရှာတယ်"

သခင်ချစ်မောင်ဟာ ပြောပြောဆိုဆိုနဲ့ သူထိုင်နေတဲ့နေရာရဲ့ နောက်ဘက်မှာ ဖန်ပေါင်းချောင်နဲ့ ထည့်ထားတဲ့ ကိုယ်တပိုင်းပြတ် ဗိုလ်ချုပ် ရုပ်ထုငယ်ပုံလေးကိုကြည့်ပြီး လွမ်းလွမ်းဆွတ်ဆွတ် ပြောပြနေစဉ်မှာ ... ကျနော် မျက်စိကစားကြည့်လိုက်တော့ ... တဖက်မှာလည်း လီနင် ကိုယ်တပိုင်းပြတ် ရုပ်ထုကို ဖန်ပေါင်းချောင်လေးနဲ့ ထည့်ထားတာကို တွေ့ လိုက်ရတယ်။ ဒါတွေဟာ သခင်ချစ်မောင်ရဲ့ ယုံကြည်ချက်နဲ့ လေးစားမှုကို ဖော်ကျူးပြသနေတဲ့ သင်္ကေတတွေ ဖြစ်နေမှာ အသေအချာပါပဲ။

"ဒေါ်အောင်ဆန်းစုကြည်ဟာ ဖအေတူသမီးပါ ...။ ဖအေ့ခြေရာကို နင်းနိုင်ပါတယ်။ ဘဘ သူ့ကို ယုံတယ် ...။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ အမျိုးသားလိုအပ်ချက်လမ်းစဉ်ကို ဒီကနေ့ အကောင်အထည် ဖော်ပေးနိုင်မှာ ... ဒေါ်အောင်ဆန်းစုကြည်ကလွဲလို့ ... ကျန်တဲ့သူတွေအဖို့ သိပ်မလွယ်လှပါဘူး ...။ ဘဘတို့လည်း ကြိုးစားခဲ့တာပါပဲလေ ...။ ဒါပေမယ့် မဖြစ်ထွန်းခဲ့ပါဘူး ... ..."

ကျနော်တို့အထဲက တယောက်က မေးခွန်းတခု မေးလိုက်ပါတယ်။

"ဘဘ ... စစ်အစိုးရရဲ့နောက်ကွယ်မှာ ဦးနေဝင်း ကြိုးကိုင်နေတယ်ဆိုတဲ့ ပြောဆိုသံများအပေါ် ဘဘ ဘယ်လိုမြင်ပါသလဲ ..."

သခင်ချစ်မောင်က ချောင်းတချက်ဟန့်လိုက်ရင်း ဘေးနားမှာရှိနေတဲ့ ရှူဆေးဗူးလေးကို ကောက်ရှူတယ် ...။

"ဒါကတော့ သားရယ် ..။ ဘဘ အတတ်တော့ မပြောနိုင်ဘူးပေါ့။ ဒါပေမယ့် ဥပမာပေးရရင် ... ချောင်းလေးတချောင်းရှိတယ်။ ချောင်းရဲ့ ဒီဘက်မှာလည်း သမင်ခြေရာကို တွေ့နေရတယ်။ ချောင်းရဲ့ တဖက်မှာလည်း ခြေရာကိုတွေ့နေရရင် ... အဲဒါ ဘာဖြစ်လိမ့်မလဲ။ ကိုယ်ကိုယ်တိုင် မမြင်သည့်တိုင်အောင် ... သမင်ဟာ စမ်းချောင်းကို ခုန်ပြေးသွားတယ်ဆိုတာ ပြောနိုင်ပါတယ် ...။ ဒီလိုပါပဲ"

"ဘဘ ... အန်တီနဲ့တွေ့ဆုံမယ်ဆိုရင် .. ဘဘ သဘောထားဘယ်လိုရှိပါသလဲ ...။ နောက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ်အပေါ်မှာ ... ဘဘ ဘယ်လောက် ပူးပေါင်းပါဝင်ကူညီနိုင်ပါသလဲ" ဆိုတော့ ...

"ဘဘ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံချင်ပါတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးလမ်းစဉ် ကိုလည်း ဘဘ အကြွင်းမဲ့ယုံကြည်တယ် ...။ ဘဘ အသက်နဲ့ခန္ဓာရှိနေသရွေ့ အတတ်နိုင်ဆုံး ပူးပေါင်း ပါဝင်ကူညီပါ့မယ်"

ကျနော်တို့ရင်ထဲမှာ ပီတိတွေ ကိုယ်စီနဲ့ …။

ဝိဇ္ဇူရ သခင်ချစ်မောင်လို့လူသိများတဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးဆီက မမေ့နိုင်တဲ့ စကား လက်ဆောင်လေးတခု မှတ်သားမိခဲ့တယ်။ အဲဒီ စကားလေးဟာ ကျနော့်ဘဝမှာ ဘယ်တော့မှ မမေ့နိုင်ခဲ့ပါဘူး။

အဲဒါကတော့ … "လူထုကို ဘယ်သောအခါမှ အပြစ်မမြင်ပါနဲ့ … တဲ့။ ဘယ်လို အကြောင်းမျိုးနဲ့မှ လည်း အပြစ်မမြင်ပါနဲ့ … တဲ့။ လူထု ဆိုတာ နိုင်ငံရေးလုပ်တဲ့ အမျိုးမဟုတ်ဘူး။ သူတို့ကို နိုင်ငံရေး နားလည်အောင်လုပ်ပေးဖို့သာ လိုတယ် … တဲ့။ ကိုယ့်ဘက်ကို ခြေလေးတချောင်း ရပ်ပေးတယ်ဆိုရင်ကို တာဝန်ကျေပါတယ်" … တဲ့။

ဘယ်လောက်ကောင်းလိုက်တဲ့ စကားလဲဗျာ။ (လူထုဟာ ကိုယ့်နောက်က မပါလို့ … နောက်က မလိုက်လို့ဆိုပြီး ဒေါသပြင်းထန်နေသူများ မှတ်သားသင့်တဲ့ အဆိုအမိန့်တခုပါ။)

တခါတုန်းက ကျနော် ဖတ်ကြည့်ဖူးတဲ့ (Our daily bread) ဆိုတဲ့ ခရစ်ယာန် ဘာသာရေးစာအုပ် ထဲက အမေရိကန် သမ္မတဟောင်း ဂျော့ဝါရှင်တန် ပြောသွားတဲ့စာသားလေးကိုလည်း ပြန်ပြောင်း သတိရမိ တယ် …။

"သင် မှန်တာလုပ်နေသမျှကာလပတ်လုံး … သင့်ရဲ့ဘေးမှာ လူအုပ်ကြီး မမြင်ရလို့ စိတ်ဆင်းရဲနေ သလား၊ သင် မမြင်ရတဲ့ ဖြူစင်တဲ့စိတ်ဝိညာဉ်တွေ သင့်မျက်စိတဆုံးမှာ ရှိနေပါတယ် …" တဲ့။

ကျနော်တို့ကျောင်းသားတွေ အကုန်လုံး သခင်ချစ်မောင်ကို ဝိုင်း ကန်တော့ကြပြီး ပြန်လာခဲ့ကြတယ်။

နောက်ရက်တွေမှာတော့ အန်တီစုဟာ သခင်ချစ်မောင်ရှိရာအိမ်ကို သွားရောက်ပြီး ဂါရဝပြု တွေ့ဆုံ ခဲ့ပါတယ်။ အဲဒီဖြစ်စဉ်ကို ဗွီဒီယိုရိုက်ပြီး သခင်ချစ်မောင်တို့အဖွဲ့ ဖြန့်ခဲ့တာ အဲဒီကာလက တော်တော် ပြန့်နှံ့ခဲ့ပါတယ်။

ဒီလိုနဲ့ ကျနော်တို့ ကျောင်းသားလူငယ်တွေဟာ အစဉ်လာရှိတဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးများကို ဂါရဝပြုဖို့ အစီအစဉ်တွေကို စတင်ရင်းနဲ့ ဆက်လက် အကောင်ထည်ဖော်ခဲ့ပါတယ်။
တကယ်တော့ ဂါရဝပြုခြင်းရဲ့နောက်မှာ ညီညွတ်ခြင်း၊ သင့်မြတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအကျိုးကို သယ်ပိုးနိုင်ခြင်းဆိုတဲ့ ရည်ရွယ်ချက်များလည်း ပါ ပါတယ်။

ကျနော်တို့ အတိုက်အခံ နိုင်ငံရေးလောကထဲမှာကို တယောက်နဲ့တယောက် မျက်နှာချင်းဆိုင်လို့ မရအောင် မုန်းတီးခြင်းတွေနဲ့ ရင်ဆိုင်နေတဲ့သူတွေ ရှိပါတယ်။ အဲဒီလိုဖြစ်ရပ်တွေကို ပြေလည်ဖို့ဆိုတာ ဒီနည်းလမ်းက လျော်ကန်အသင့်မြတ်ဆုံးပဲ … လို့ ကျနော်တို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ကျနော်တို့အဖွဲ့ထဲက ကျောင်းသားတွေဟာ တက္ကသိုလ်များမွှာရုံကို ဂါရဝပြုပွဲအခမ်းအနား ကျင်းပဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ သက်ဆိုင်ရာ တက္ကသိုလ် အာဏာပိုင်တွေက ခွင့်မပြုခဲ့ဘူး။ ကျနော်တို့ တော်တော်လေး အကြံအိုက်သွားကြတယ်။ ဘာဆက်လုပ်ရမှန်း မသိအောင်ဖြစ်နေခဲ့ရာက ကျနော်တို့ထဲက တယောက်က အကြံပြုလာပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ခြံထဲ လုပ်ခွင့်ရရင် မကောင်းဘူးလား ... တဲ့၊ ကြိုးစားကြည့်ကြရအောင်" တဲ့။

ကျနော်တို့ ရင်ထဲမှာ အလင်းစလေးတချက် လင်းလက်သွားတယ်။ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အန်တီ့ကို တင်ပြကြည့်မယ်ဆိုပြီး ... တနေ့မှာတော့ အန်တီ့ကို ပြောပြကြတယ်။

အန်တီက ချက်ချင်းပဲ သဘောပေါက်သွားသလား မသိဘူး။ ဒါပေမယ့် ချက်ချင်းတော့ မတုံ့ပြန်ခဲ့ဘူး။

"သူတို့လူကြီးတွေ ဆွေးနွေးလိုက်ဦးမယ်" ဆိုလို့ ကျနော်တို့ကို နောက်ထပ် ၃ ရက်လောက် အစောင့်ခိုင်းခဲ့တယ်။ ကျနော်တို့က အန်တီ့ကို တင်ပြခဲ့တာ ... "အန်တီကသာ ခြံထဲမှာလုပ်ခွင့်ပေးပါ။ ကျန်တဲ့ ကုန်ကျစရိတ် ကျနော်တို့ ခံပါ့မယ် ..." လို့ဆိုတော့ အန်တီက ကျနော်တို့ကို ခပ်ထေ့ထေ့လေး ပြုံးကြည့်တယ်။ (အဲဒီအပြုံးဟာ အဓိပ္ပာယ်ရှိမှန်း နောက်မှသိလိုက်ရပါတယ်)

နောက် ၃ ရက်လောက်အကြာမှာတော့ အန်တီက ကျနော်တို့ကို သူ့ခြံဝင်းအတွင်းမှာ အခမ်းအနားလုပ်ဖို့ ခွင့်ပြုခဲ့တယ်။ ကျနော်တို့ တော်တော်ပျော်သွားကြတယ်။ အန်တီက ကျနော်တို့ကိုကြည့်ပြီး ပြုံးရင်း လှမ်းမေးလိုက်တယ်။

"အဆောက်အဦဆောက်ရင် ပိုက်ဆံက တော်တော်ကုန်မှာ။ သားတို့ ဘယ်လိုစီစဉ်ထားသလဲ ..." တဲ့။

ကျနော်တို့အားလုံး ရုတ်ခနဲ ငြိမ်သွားပြီး ... တယောက်နဲ့တယောက် ကြည့်နေမိတယ်။

"အန်တီ သဘောပေါက်ပြီးသားပါ ...။ သားတို့ကျောင်းသားတွေ ဘယ်ကလာ ဝင်ငွေရှိမှာလဲ။ အခု အဆောက်အဦက ဆောက်မယ်ဆို ပိုက်ဆံက တော်တော်ကုန်ကျမှာဆိုတော့ အန်တီတို့ပဲ အကုန်ကျခံပါမယ်"

ကျနော်တို့ အရှက်ပြေ ရီးတီးရွှာ ဖြစ်ကုန်ကြတယ်။ အခုမှ သဘောပေါက်မိလိုက်တာက ဟိုတနေ့က အန်တီ ကျနော်တို့ကို ခတ်ထေ့ထေ့လေး ပြုံးကြည့်တာ ဒါ့ကြောင့်ကိုး။ ကျနော်တို့အကြောင်းကို အန်တီက ရှေ့ကြို တွေးထားပြီးသား။

တကယ်တော့ ကျနော်တို့က လုပ်ချင်ဇောကြောင့်သာ အာမဘာန္တေခံပြီး ပြောခဲ့ကြတာ။ လက်တွေ့မှာ ဒီကုန်ကျငွေရှာဖို့ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စပါ။

ဒီလိုနဲ့ ကျနော်တို့ သင့်မြတ်ရေးလမ်းစဉ်ကိစ္စကို ဆက်လက်ဆွေးနွေးခဲ့ကြတယ်။ ကျနော်တို့ လုပ်ဆောင်ခဲ့တဲ့ကိစ္စများကိုလည်း လူကြီးတွေနဲ့ တိုင်ပင်ဆွေးနွေး၊ အမြင်တွေဖလှယ်ရင်းက ... ကျနော်တို့ထဲက ကျောင်းသားတယောက်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ= တစည (၈ လေးလုံး အရေးတော်ပုံကြောင့် ဖျက်သိမ်းပေးလိုက်ရတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ = မဆလ မှ နာမည် ပြောင်းလိုက်သောပါတီ) ကိုဖိတ်ခေါ်ရန်ကိစ္စကို ဆွေးနွေးကြတော့ ... အားလုံးက သဘောတူခဲ့ကြပါတယ်။

နောက်တယောက်က မေးခွန်းတခု ထမေးလာပါတယ်။

"ဒါဆို ဦးနေဝင်းကိစ္စကိုရော ဘယ်လိုစဉ်းစားမလဲ" ဆိုတော့ .. ဒီမေးခွန်းကို ကျနော်တို့ ရင်တုန်မိတာ အမှန်ပါ …။ ကျနော်တို့ အဆုံးအဖြတ် မပေးရဲပါဘူး …။ ဒီအချိန်မှာပဲ ဘဘ ဦးတင်ဦးက ထ ပြောလာပါတယ်။

"ဦးနေဝင်းကို ဖိတ်ခေါ်ဖို့ကိစ္စက မူအရ ကမ်းလှမ်းရမှာပဲ …။ လက်ခံတာ … လက်မခံတာက သူ့အပိုင်းပေါ့" ဆိုတော့ ဦးအောင်ရွှေက ဦးတင်ဦးရဲ့အဖြေကို ထပ်ဆင့်ထောက်ခံခဲ့ပါတယ်။

အန်တီကတော့ လူကြီးတွေရဲ့အကြံပြုချက်များကို ခပ်မဆိတ်လေးပဲ နားထောင်နေရှာတယ်။ ဘဘ ဦးတင်ဦးကပဲ ဆက်လက်ပြီး … …

"အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ ဟိုလူတော့ လာ၊ ဒီလူတော့ မလာနဲ့ … လို့ ခွဲခြားလို့ မရကောင်းဘူး …။ ဦးနေဝင်းဟာလည်း သမိုင်းမှာ တာဝန်ရှိသူတယောက်ပဲ။ သူ့ကို ကမ်းလှမ်းသင့်တယ်။ နောက်ပြီး နအဖခေါင်းဆောင်ပိုင်းတွေလည်း ကမ်းလှမ်းရမှာပဲ …။ လက်ခံခြင်း လက်မခံခြင်းက ကာယကံရှင်များရဲ့ အခန်းကဏ္ဍပဲ …"

ကျနော်က ဘဘ ဦးတင်ဦးပြောအပြီးမှာ မေးခွန်းတခု မေးမိတယ်။

"ကျနော်တို့ ကျောင်းသားများအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးမူအရ အားလုံးကို ကမ်းလှမ်းပါမယ် …။ ဒါပေမယ့် ပြဿနာက တစည ပါတီရယ် … ဦးနေဝင်းရယ် … နအဖ စစ်ခေါင်းဆောင်တွေရယ်ကို ဖိတ်ခေါ်ကမ်းလှမ်းရမယ်ဆိုတာကို … ကျန်တဲ့ အင်အားစုတွေက ဝိုင်းဝန်းပြစ်တင်ကြရင် … ကျနော်တို့ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမလဲ …" ဆိုတော့ ဦးကြည်မောင်က စကားလုံးဝမပြောဘဲ နားထောင်နေရာကနေ ဝင်ထောက်ပေးလာတယ် …။

"မူအရ လုပ်တဲ့ကိစ္စပဲ …။ အားလုံး နားလည်လာမှာပါ"

ကျနော်တို့ရင်ထဲမှာတော့ လူကြီးတွေရဲ့အားပေးသံတွေကြောင့် လိပ်ပြာလုံခြုံခဲ့ပါတယ်။

အဲဒီအချိန် ငြိမ်ငြိမ်လေးနားထောင်နေတဲ့ အန်တီက …

"လုပ်ရပ်တိုင်း … လုပ်ရပ်တိုင်းမှာ ရည်ရွယ်ချက်နဲ့ စေတနာမှန်ဖို့ အဓိကပါ …။ အထင်မှားခဲ့ရင်လည်း တဖြည်းဖြည်းချင်း နားလည်သဘောပေါက်လာမှာပါ"

အားလုံး စက္ကန့်ပိုင်းမျှ ငြိမ်သက်သွားကြတယ်။ အတွေးကိုယ်စီနဲ့။ ထိုင်နေရာက ညောင်းလို့ ဟန်ချက်ပြောင်းထိုင်တဲ့ အသံမှတပါး … (တဖျတ်ဖျတ်ရိုက်နေတဲ့ ကင်မရာ ခလုတ်အသံလေးတွေက အခန်းတွင်းမှာ လူးလာပြေးနေကြတာက လွဲလို့ …) တိတ်ဆိတ်သွားနေတဲ့ အချိန်မှာပဲ … အန်တီက အေးအေးဆေးဆေး ဝင်ပြောပါတယ်။

"ဖေဖေ့တုန်းကလည်း ဒီလိုပါပဲ ...။ သူဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တိုင်းအပေါ် အားလုံးက တပြိုင်နက်ထဲ ထောက်ခံခဲ့တာမှ မဟုတ်တာ ...။ သဘောကျတဲ့သူတွေရှိသလို ... ကန့်ကွက်တဲ့သူတွေ ရှိနေမှာပဲ ...။ ဒါ ဖြစ်စဉ်ပဲလေ ...။ ဖေဖေဆို ဘယ်လောက် ရင်ဆိုင်ခဲ့ရသလဲဆိုတာ ဘဘတို့ (ဦးတင်ဦး၊ ဦးအောင်ရွှေ၊ ဦးကြည်မောင်၊ ဦးလွင်တို့ကို ရည်ညွှန်းခြင်း ဖြစ်သည်) ဆို အသိဆုံးပါ။ အန်တီ မှတ်မိနေသေးတယ် ... အိမ်မှာဖေဖေက စာတန်းတောင် ချိတ်ဆွဲထားတာ ...။ ရိုးရိုးလေးပါ ...။

'ကိုယ်ကောင်းရင် ခေါင်း ဘယ်မှမရွှေ့ဘူး' ... တဲ့"

အဲဒီနေ့က အန်တီရဲ့ခြံရှေ့ ဟောပြောပွဲလုပ်မယ့်နေ့ဖြစ်တဲ့အပြင် ဟောပြောပွဲစဖို့ကလည်း အချိန်ကနီးကပ်လာပြီမို့ ကျနော်တို့ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့တယ်။ ကျနော်တို့ အန်တီ့အိမ်ထဲကထွက်လာတော့ အိမ်ရှေ့မှာ ဟောပြောပွဲက စခါနီးနေပြီ၊ လူတော်တော်များများ တံခါးပေါက်ရှေ့မှာပိတ်နေလို့ တောင်းပန်ပြီး ကျော်ခွထွက်လာခဲ့ရတယ်။ မျက်နှာချင်းဆိုင် လမ်းတဖက်မှာရှိတဲ့ အိမ်ကြီးထဲမှာတော့ ထောက်လှမ်းရေးများ ကလည်း နေရာယူလို့စတော့မယ့် ဟောပြောပွဲအတွက် ဗွီဒီယိုရိုက်ဖို့ပါ။ လူတွေက တဖွဲဖွဲ၊ ယာဉ်ထိန်းရဲတွေက လမ်းဘေး တဖက်တချက်ကို သံဆူးကြိုးတွေနဲ့ ကာထားတဲ့ အတွင်းပိုင်းမှာ ယာဉ်တန်းတွေကို လက်ပြနေတယ်။ အန်တီ ထွက်လာတယ်ဆိုရင်ပဲ ... ...

"ဒေါ်အောင်ဆန်းစုကြည် ... ကျန်းမာပါစေ ..."

ထပ်ခါ ... ထပ်ခါ ဆိုတဲ့ သံပြိုင် အော်ဟစ် ဆုတောင်းပေးသံတွေက မိုးထိ ညံတက်သွားတယ်။

အန်တီက လက်လေးဝှေ့ရမ်း၊ အပြုံးတွေနဲ့ နှုတ်ဆက် ... ...။

ခေါင်းပေါ်မှာလည်း ပန်းတွေ ဝေဆာလို့ ... ...။

ဘေးတဖက်တချက်မှာတော့ တချိန်က မြန်မာ့တပ်မတော်ရဲ့ ကာကွယ်ရေးစစ်ဦးစီးချုပ်ဖြစ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီး သူရတင်ဦး၊ နောက်တယောက်က စစ်တိုင်းမှူးတာဝန်ကိုယူခဲ့တဲ့ ဗိုလ်မှူးကြီးကြည်မောင် ..။

သူတို့နှစ်ယောက်က ခြံစည်းရိုးတံခါးပေါ်က ငေါထွက်နေတဲ့ သံတိုင်လေးတွေကို ဘယ်ညာ ဆုပ်ကိုင် ထားရင်း ... မျက်လုံးတွေကတော့ ... လူထုကြီးဆီကို ဖြန့်ဝဲလို့ ... ...။

"ကျမကို မေးလာတဲ့မေးခွန်းလေးက ... ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးလုပ်လို့ အန္တရာယ်တွေနဲ့ ရင်ဆိုင်လာရတဲ့အခါ ... ကြောက်ရွံ့စိတ် ဖြစ်ပေါ်တတ်ပါသလား ... တဲ့ ။ သိပ်ကောင်းတဲ့ မေးခွန်းလေးပါ ...။

အန်တီဟာ သူ ဖတ်လိုက်တဲ့စာရွက်လေးကို ကိုင်ထားတဲ့လက်ကို ဘေးကိုချလိုက်ရင်း ... ပရိသတ်ကို ပြုံးကြည့်လိုက်တယ်။ ညာဘက်လက်က မိုက်ကရိုဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ...

"ကျမဟာ ... သာမန်လူသားပါ ...။ ကြောက်စရာနဲ့တွေ့ရင် ... ကြောက်တတ်တာပေါ့ ..." (လက်ခုပ်သံများ)

"... ကိုယ်ယုံကြည်တဲ့အလုပ်တွေကိုလုပ်တဲ့အခါ တခါတလေ .. ကြောက်ကြောက်နဲ့လုပ်ရတဲ့ အခါလည်း ရှိပါတယ်။ ကြောက်နေတယ်ဆိုတာ တခါတလေ အကျင့်လည်း ဖြစ်တတ်တယ်။ ဒါပေမယ့် အမြဲတန်း ကြောက်နေရင် အကျင့်ပါသွားတတ်တယ် ..." (လက်ခုပ်သံများ)

"သတ္တိအစစ်မှန်ဆိုတာ ကြောက်လျှက်နဲ့ မှန်တာကိုလုပ်ရဲတာပဲ"

ပရိသတ်ကြီးဟာ ငြိမ်သက်စွာနဲ့ အန်တီစုရဲ့ စကားလုံးတွေကြားမှာ နစ်မျောသွားတယ် ...။

တခါတရံ ကုက္ကိုင်းလမ်းမကို ဖြတ်မောင်းလာတဲ့ကားတွေရဲ့ ဟွန်းသံတွေထွက်ထွက်လာတာကတော့ ... စိတ်အာရုံကို အနှောက်အယှက် ဖြစ်သွားစေခဲ့တာ အမှန်ပါ ...။ သို့သော်လည်း သူတို့လည်း သူတို့ခရီးကို သူတို့ သွားကြတာဆိုတော့ ... နားလည်ပေးလိုက်ကြပြန်ပါတယ်။

"ဒီခေတ်မှာဆိုလို့ရှိရင် မှန်တာလုပ်သူတွေ အများကြီး အချုပ် အနှောင်ခံရတယ် ...။ အများကြီး ဒုက္ခအပေးခံရတယ် ...။ ဒါပေမယ့်လည်း မှန်တာမို့လို့ဆိုပြီး ... လုပ်ရဲတဲ့သတ္တိ မွေးဖို့လိုတယ် ..." (လက်ခုပ်သံများ)

လက်ခုပ်သံတွေတောင်မဆုံးခင်မှာ ကားတစီးက ဖြတ်မောင်းလာ ပြီး ဟွန်းသံကို မနားတမ်းပေးတယ်။ လမ်းပေါ်မှာ ကားတွေက သိပ်ညပ်နေတာလည်း မဟုတ်ဘဲနဲ့ ... အန်တီစုနဲ့ မျက်နှာချင်းဆိုင်နားလောက် ရောက်တော့ ကားကို ဖြည်းဖြည်းလေး မောင်းလာပြီး ဟွန်းသံကို လုံးလုံး မရပ်ဘူး။

အန်တီစုလည်း စကားဆက်ပြောလို့ မရတော့ဘူး။ နားထောင်နေတဲ့ လူအုပ်ကြီးက ပွစိပွစိ ဖြစ်ကုန်တော့မှ ကားကိုမောင်းပြေးတယ်။ မကြာခင်မှာပဲ အလားတူ ဟွန်းသံရှည်ဆွဲလာတဲ့ ကားတစီး၊ နောက်ထပ်တစီး ... နောက်ထပ် ... နောက်ထပ် ...။

အားလုံးအတွက် စိတ်အနှောက်ယှက် ဖြစ်စေခဲ့တာတော့ အမှန်ပါ။ ဒါပေမယ့် အန်တီစု အပါအဝင် လူထုကြီးက စိတ်ရှည်ရှည်နဲ့ သည်းခံရှာပါတယ်။ အဲဒီလိုအဖြစ်ပျက်တွေက ဟောပြောပွဲကာလအချိန်တွေမှာ နေ့စဉ်နဲ့ဆိုသလို ကြုံတွေ့ခဲ့ရတာပါ။

တခါ စစ်ထောက်လှမ်းရေးတွေဟာ တာဝန်အရ လူတွေကို အရက်မူးအောင်တိုက်ပြီး လူအုပ်ကြီးကြား ထဲ လွှတ်လိုက်တယ်။ အရက်မူးသမားတွေက လူအုပ်ကြီးကို စိတ်အနှောင့်ယှက်ဖြစ်အောင် လုပ်တော့တာပဲ။ သို့သော်လည်း NLD က လုံခြုံရေးယူပေးနေတဲ့ လူငယ်တွေက ဘယ်တော့မှ သူတို့ကို ရိုင်းရိုင်းစိုင်းစိုင်း မပြုမူခဲ့ဘူး။ အဲဒီလိုလူတွေကို အသာပဲခေါ်ပြီး လူအုပ်ကြီးနဲ့ဝေးရာကို သွားပို့လိုက်တယ်။

စဉ်းစားကြည့်မိတယ်။ တကယ်လို့ ဒီနေရာမှာ နအဖရဲ့ စစ်ဗိုလ်ချုပ်တဦး မိန့်ခွန်းပြောခဲ့ချိန် ဖြစ်မယ်ဆိုရင် ... ဒီလိုလုပ်လို့ ရနိုင်မလား ...။ ချက်ခြင်းကို ထောင်ထဲပို့ပစ်လိုက်မှာ အမှန်ပါ။
အမှန်တရားတခုရှိတယ် ...။
'စိတ်နဲ့တန်သော ဘဝ' ... တဲ့။

'စိတ်ကောင်းရင် ... ဘဝကောင်းမယ်။

စိတ်မြင့်ရင် ... ဘဝမြင့်မယ်။
စိတ်ယုတ်ရင် ... ဘဝယုတ်မယ်။
စိတ်ကောက်ရင် ... ဘဝကောက်မယ်'

ဒီလိုယုတ်မာမှုတွေရှိသလို အင်မတန်မှ မြင့်မြတ်ဖြူစင်တဲ့ နှလုံးသားပိုင်ရှင်များကိုလည်း ဟောပြောပွဲအပြီးမှာ တွေ့ရပါတယ်။ အဲဒါကတော့ ဟောပြောပွဲပြီးလို့ ကျန်ရစ်ခဲ့တဲ့ အမှိုက်သရိုက်တွေကို လိုက်လံရှင်းလင်းပေးတဲ့ NLD ပါတီဝင်များ အပါအဝင် လူပုဂ္ဂိုလ်အချို့ပါ။

သူတို့ကို ဘယ်သူကမှခိုင်းတာ မဟုတ်ဘူး။ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ကူညီကြတာ၊ ဘာအကျိုးစီးပွားမှ မမျှော်လင့်ဘူး။ ကိုယ့်စရိတ်နဲ့ကိုယ်လာတယ်၊ သူတို့တတ်နိုင်တဲ့အားနဲ့ ကူညီကြတယ် ...။

ဘယ်လောက်ချစ်စရာ ... လေးစားစရာကောင်းတဲ့ ဆောင်ရွက်မှုတွေလည်းဆိုတာ ... စဉ်းစားကြည့်ရအောင်ပါ ...။

+++++

"တိုင်းပြည်တပြည်ကို အုပ်ချုပ်တဲ့ခေါင်းဆောင်ဟာ ပြည်သူလူထုရဲ့ထောက်ခံမှုနဲ့ အုပ်ချုပ်တာပဲဖြစ်ရမယ်။ လက်နက်အားကိုးနဲ့ အုပ်ချုပ်တယ်ဆိုတာ မဖြစ်သင့်ဘူးဆိုတာကို မွေးကတည်းက ကျမကို သင်ထားလို့ သိခဲ့တဲ့ သင်ခန်းစာပါပဲ"

အန်တီပြောခဲ့တဲ့ စကားလေးပါ။

တနေ့ အန်တီနဲ့တွေ့ကြလို့ ပြောခဲ့တဲ့စကားတွေကိုလည်း နားထဲကြားယောင်နေဆဲပါပဲ။ "အန်တီစဉ်းစားကြည့်မိတယ် ... အန်တီတို့လူမျိုးတွေက အာဏာနဲ့သိပ် အယဉ်ပါးမခံနိုင်ဘူး ...။ နိုင်ငံတော်အာဏာကစလို့ ... သေးသေးငယ်ငယ်အဆင့်ထိ အာဏာနဲ့ထိတွေ့မိပြီဆို ပျက်စီးသွားကြတာ များတယ် ...။ ဥပမာလူတယောက် တုတ်ကိုင်ထားတယ်ဆိုရင်တောင် ... သူက တုတ်ရှိတဲ့အာဏာနဲ့ ယစ်မူးသွားချင်တာ ... လူတွေတွေ့ရင် ရိုက်ပစ်၊ နှက်ပစ်လိုက်ချင်တာ ... အဲဒါတွေကို ပြုပြင်နိုင်ရမယ်။

အဲဒီလိုပြောတော့ ကျနော်က အဖြစ်အပျက်တွေကို သွားသတိရမိတယ်။ ကျနော်တို့ကျောင်းသားတွေက အန်တီ့အိမ်ကို အဝင်အထွက် အရမ်းများတော့ အန်တီ့အိမ်ရှေ့မှာ တားဆီးစစ်ဆေးတဲ့ ထောက်လှမ်းရေးတွေက တော်ရုံဆို သိပ်မစစ်ဆေးမမေးမြန်းတော့ပါဘူး။ ဒါကလည်း တာဝန်အရကိုး။

အန်တီကိုယ်တိုင်က နေအိမ်အကျယ်ချုပ်က လွတ်လာတော့ သူ့ လုံခြုံရေးအတွက် ခွင့်ပြုထားတာဆိုတော့ သူတို့မှာတာဝန်ရှိတယ်။ အန်တီ့အိမ်ကို ဝင်လာသူမှန်သမျှ အစစ်ဆေးခံရတယ်။ ဓာတ်ပုံရိုက်ယူတယ်။ (တနည်းအားဖြင့် ထောက်လှမ်းရေးက အန်တီနဲ့ဆက်စပ်သူမှန်သမျှ မှတ်တမ်း အသေအချာယူတာလည်းပါမှာပါ။ လုံခြုံရေးအရဆိုတော့လည်း ဘယ်သူပြောသာမှာလဲ)။

တနေ့ အဲသလိုပဲ ကျနော်တို့ထဲက ကျောင်းသားတယောက်ကို စစ်ဆေး၊ ဓာတ်ပုံရိုက်တော့ သူက ဒေါ်သူပုန်ထပါလေရော ...။

“ကျုပ်တို့က အန်တီကခွင့်ပြုထားလို့ လာကြတာဗျ၊ ချစ်လို့ လေးစားလို့ အလုပ်တွေ အတူတူတွဲ လုပ်ဖို့ လာကြတာ။ သတ်ဖို့ လာတာမဟုတ်ဘူး” ဆိုတော့ လုံခြုံရေးတာဝန်ရှိသူက ...

“ခင်ဗျား ... ဒေါ်အောင်ဆန်းစုကြည်ကို မလုပ်ကြံပါဘူးလို့ ဘယ်လို အထောက်အထားနဲ့ ... ယုံကြည်ရမလဲ။ တခုခုဖြစ်သွားရင် ကျုပ်တို့က ဘဝနဲ့ရင်းရမှာ ...။ တာဝန်အရ စစ်ဆေးမှုကို မခံနိုင်ရင် ... မဝင်ပါနဲ့”

စကားလုံးလုလုလေးနဲ့ ဟန့်တားလိုက်ခြင်းပါ။ ကျနော်ကပဲ ကြားက ဝင်ပြီး ... အမောင်ကျောင်းသား ကို မေတ္တာရပ်ခံရတော့တယ်။ ကျနော်တို့ထဲက ကျောင်းသားကလည်း ... မလိုအပ်ဘဲနဲ့ မပြောပလောက်တဲ့ ပါဝါကို ထုတ်သုံးချင်တယ်။ (သူ့ကို ယုံယုံကြည်ကြည် ဝင်ခွင့်ပေးထားတဲ့ ပါဝါပေါ့)။ တဖက်ကလည်း စောစောကပြောတဲ့စကားတွေကို တဖက်သားလက်ခံချင်လာအောင် မပြောဘဲ၊ အထက်အရာရှိက အောက်လက်ငယ်သားကို ငေါက်တဲ့လေသံနဲ့ပြောတော့ ... မလိုအပ်တဲ့ပြဿနာကို ရှင်းရတော့တာပါပဲ။ အသေးစားကိစ္စလေးဆိုတော့ အာဏာလို့ မမြင်ကြဘူး။

တကယ်တော့ အာဏာဆိုတာ လုပ်ပိုင်ခွင့်ပဲ။ အင်္ဂလိပ်လိုမှာတော့ (Power)ပေါ့။ အဲဒါကို သွား သတိရမိတယ်။ အန်တီ့ခြံရှေ့ အဝင်တံခါးနဲ့ကပ်လျှက်နားမှာ အဆောက်အဦငယ်လေးတလုံးကို လုံခြုံရေး အရဆိုပြီး ထောက်လှမ်းရေးက တာဝန်ပေးထားတဲ့သူတွေနေဖို့ အန်တီက ခွင့်ပြုထားတယ်။ အဲဒီဘေးဘက်နား မှာတော့ လက်နက်ကိုင် အစောင့်အရှောက် ရဲဘော်တချို့နေကြတယ်။

သူတို့ကိုတော့ မြင်ကွင်းမှာမနေဖို့ အန်တီကမေတ္တာရပ်ခံထားသလား မသိဘူး။ လူမြင်ကွင်းရှေ့မှာ သိပ်မနေကြဘူး။ အဲဒီထဲမှာတောင်မှ သဘောထားပျော့ပြောင်းသူတွေပါသလို တင်းမာသူတွေလည်း ပါကြတယ်။ တခါတရံ အန်တီ့ဆီလာကြတဲ့သူတွေကို (လုံခြုံရေးဘန်းပြပြီး) တော်တော် မဖွယ်မရာ ပြုမူဆက်ဆံတာတွေနဲ့ ဆုံရပါတယ်။ အဲဒီလိုပြဿနာက ခဏခဏဆိုသလို ဖြစ်တာ။

နောက်တော့ အန်တီက လုံခြုံရေးတာဝန်ခံ ဗိုလ်မှူးသူရ (သူကလည်း ထောက်လှမ်းရေးက အရာရှိ တဦးပါပဲ) နဲ့ ညှိနှိုင်းလိုက်မှ နောက်ပိုင်း တော်တော်အဆင်ပြေသွားတော့တယ်။ အန်တီက ခရီးစဉ်တခု သွားတော့မယ်ဆို ပထမဦးဆုံး ... စောစောကပြောတဲ့ ထောက်လှမ်းရေးမှူး (သို့) လုံခြုံရေး အရာရှိပေါ့။ သူ့ကို ပြောရတယ်။ သူက လမ်းကြောင်းစီစဉ် လုံခြုံရေးပေးပေါ့။ (ကျနော်မြင်သလောက်ပြောရရင် အဲဒီအချိန်က အန်တီ့အနေထားက ပုံသဏ္ဍာန် ၂ မျိုးလို ဖြစ်နေတယ်) တမျိုးက ဘယ်သွားသွား– အကျယ်ချုပ်ပုံစံနဲ့ သွားလာရတာမျိုးဖြစ်ပြီး၊ နောက်ပုံသဏ္ဍာန်တမျိုးက လက်ရှိအာဏာရ နိုင်ငံအကြီးအကဲ ပုံစံမျိုး၊ အန်တီနဲ့ သွားလေရာ ပါသွားတတ်တဲ့လူငယ်အချို့ ပြောပြတာကတော့ အန်တီခရီးစဉ်သွားပြီဆို လမ်းကြောင်း ရှင်းထားတာမျိုး၊ မီးပွိုင့်တွေ နီထားတာမျိုးတွေ လုပ်တယ်။

ဒါပေမယ့် အန်တီဟာ ဘယ်တော့မှ ဘယ်သူ့ကိုမှ မောက်မောက်မာမာ အထက်စီးကနေ ဆက်ဆံတယ် ဆိုတာတော့ ကျနော်တို့ မကြုံဖူးဘူး။ သူ့ခြံထဲမှာလာနေတဲ့ စစ်သားတွေ၊ ရဲတွေကိုတောင်မှ လေးလေးစားစား ဆက်ဆံတတ်တယ်။ နောက်တခုက အန်တီဟောပြောပွဲမှာ ပြောတဲ့စကားတွေကို တော်တော်များများ ဌာနဆိုင်ရာ အကြီးအကဲတွေဆို ရင်တုန်စွာ နားစွင့်နေကြရတာ။ (ဥပမာ) နေရာတခု၊ ဌာနတခုရဲ့ မမှန်မကန် ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို လူထုက တင်ပြမေးခွန်းမေးလို့ အန်တီက ထင်မြင်ချက်ပေးပြန် ဖြေမိပြီဆို၊ အဲဒီသက်ဆိုင်ရာပုဂ္ဂိုလ်တွေ အနိမ့်ဆုံး စစ်ဆေးမေးမြန်းခံရမယ်၊ တချို့ဆို အရေးယူခံရတာတွေ

တောင်ရှိတယ်ဆိုတာ ပြန်သိရပါတယ်။

ဒါပေမယ့် အန်တီစုဟာ အဲဒါတွေအပေါ်မှာ ကျေနပ်နေတာ (လုပ်ခွင့်သာတုန်း ဖိထောင်းလိုက်မယ် ဆိုတာမျိုး) ဘယ်တော့မှ မရှိခဲ့ဘူး။ အဲဒီသဘောကိုကြည့်ရင်တောင်မှ ပါဝါရဲ့သဘောကို ခံနိုင်ရည်ရှိသူနဲ့ မရှိသူ ရဲ့ခြားနားမှုကို သိနိုင်ပါတယ်။ ဒါကတော့ အန်တီစုရဲ့ နှလုံးသားပုံရိပ် တစိတ်တဒေသကို လှေလာနိုင်ဖို့ တင်ပြပေးတာပါ။

ဒီလိုနဲ့ အန်တီစုရဲ့ ခြံဝန်းအတွင်းမှာ အခမ်းအနားလုပ်ဖို့ အဆောက်အဦကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်များ၊ လူငယ်များ စုပေါင်းဆောက်လုပ်လိုက်တာ အကောင်ထည်ပေါ်သွားပါတယ်။ သူတို့ခမျာ တော်တော် ပင်ပန်းရှာပါတယ်။ မြေကြီးတွေ ရှင်းရတာကို တော်တော် ခက်ခက်ခဲခဲ လုပ်ခဲ့ရပါတယ်။ စိတ်ဓာတ်ကြောင့်သာ လာလုပ်အားပေးကြတာပါ။ တော်ရုံဆို သိပ်မလွယ်လောက်ပါဘူး။ အဲဒီအချိန်ကာလက အန်တီစုကို ဝန်းရံပေးခဲ့တဲ့ လူငယ်အင်အားစုတွေထဲမှာ ကျနော်တို့ တကာသ အပါအဝင် – ကျောင်းသားတွေနဲ့ NLD လူငယ်အဖွဲ့အင်အားက အတိုင်းတာတခုထိ အင်အားကောင်းခဲ့ပါတယ်။

ကျနော်တို့ ကျောင်းသားများအနေနဲ့ကတော့ မူလကစီစဉ်ထားတဲ့အတိုင်း အမျိုးသားပြန်လည် သင့်မြတ်ရေးလမ်းကြောင်းကို အထောက်အပံ့ဖြစ်စေနိုင်မယ့် ဆောင်ရွက်ချက်များကို ဆက်လက် လုပ်ကိုင် ခဲ့ပါတယ်။ ဒီလိုနဲ့ ကျနော်တို့ဟာ ဝါရင့်နိုင်ငံရေးသမားကြီးများ အပါအဝင် တိုင်းရင်းသားနိုင်ငံရေး ပါတီ ခေါင်းဆောင်တွေ၊ တသီးပုဂ္ဂလ နိုင်ငံရေးခေါင်းဆောင်ကြီးတွေနဲ့ ဆွေးနွေးတိုင်ပင် ညှိနှိုင်းချက်တွေကို အဆက်မပြတ် လုပ်ဆောင်ခဲ့ပါတယ်။

တိုင်းရင်းသားပါတီ ခေါင်းဆောင်ထဲကဆိုရင် ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တွေဖြစ်ကြတဲ့ ဦးခွန်ထွန်းဦး၊ ဦးစိုင်းညွန့်လွင်တို့ အပါအဝင် မြေပေါ်နိုင်ငံရေးပါတီ ခေါင်းဆောင် လူကြီးများနဲ့တွေ့ပြီး သဘောတူညီချက်တွေ ရယူနိုင်ခဲ့ပါတယ်။ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ဆိုရင် ၁၉၉၀ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်တော်တော်များများ အနိုင်ရခဲ့တဲ့ ပါတီတခုလည်း ဖြစ်ပါတယ်။ ကျနော်တို့ ဦးခွန်ထွန်း ဦးရယ်၊ ဦးစိုင်းညွန့်လွင်ရယ်ကို တနေ့မှာတော့ တွေ့ဆုံခဲ့ပါတယ်။

အဲဒီအချိန်က သူတို့ကလည်း သူတို့ရင်ထဲမှာရှိနေတဲ့ မကျေနပ်ချက်တွေ၊ မွန်းကြပ်မှုတွေကို အတိုင်းအတာတခုထိ ဖွင့်ချခဲ့တယ်။ ဦးခွန်းထွန်းဦးဆိုရင် အဲဒီအချိန်က အမျိုးသားညီလာခံ တက်ရောက်နေသူ တဦးပါ၊ သူတို့ရင်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်ကိုတော့ လူထုခေါင်းဆောင်တယောက်မို့ သူတို့လည်း လေးစားမှုရှိပါတယ်။ ဒါပေမယ့် NLD ပါတီအပေါ်မှာတော့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကာလက ကြုံခဲ့ရတဲ့ အထစ်အငေါ့လေးတွေကြောင့် စိတ်ထဲမှာတော့ ဖုတုတုပါပဲ။ ကျနော်တို့ကို ပြောတဲ့အခါတိုင်းမှာ လည်း ဗမာတွေက ဗမာတွေက ဆိုတဲ့အသုံးကို ခဏခဏသုံးတော့ ကျနော်တို့ထဲက ကျောင်းသားတယောက်က …

"အန်ကယ် .. တကယ်တော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား မျိုးနွယ်စုတွေကို … ဖိနှိပ်တာ၊ အခွင့်အရေးတွေကို ကန့်သတ်တာ၊ တန်းတူညီမျှရေး မရှိတာ … အဲဒါတွေကိုလုပ်တာ ကျနော်တို့ ဗမာ ပြည်သူတွေ မဟုတ်ပါဘူး … စစ်အာဏာရှင် အစိုးရအဆက်ဆက်က လုပ်တာပါ…။ ကျနော်တို့အမြင်အရ ပြောရရင် … ဗမာလူမျိုးအများစုဟာ … ဘယ်တိုင်းရင်းသား လူမျိုးနွယ်စုကိုမှ အဲဒီလိုလုပ်တာ ရှိမယ်မထင်ပါဘူး … … ရှိခဲ့ရင်လည်း အနည်းစုပဲ ဖြစ်ပါလိမ့်မယ် …"

ဒီစကားရပ်အပေါ်မှာတော့ ဦးခွန်ထွန်းဦးက ဘာဝေဖန်ကောက်ချက်မှ မပေးခဲ့ဘူး၊ ဦးစိုင်းညွှန့်လွင်က ရုတ်တရက်ကြားကနေ စကားကို ဝင်ထောက်လိုက်တယ် ...။

"မဟာဗမာ လူမျိုးကြီးဝါဒကတော့ တော်တော် စက်ဆုပ်စရာ ကောင်းတယ်ဗျ ...။ အနည်းစု တိုင်းရင်းသားလူမျိုးစုတွေအပေါ် ကျင့်သုံးတဲ့ .. မဟာဗမာ လူမျိုးကြီးဝါဒကိုတော့ ကျနော်တို့ ဆန့်ကျင် ရလိမ့်မယ်"

ကျနော် သောက်လက်စ ကော်ဖီခွက်လေးကို စားပွဲပေါ် အသာတင်လိုက်ရင်းက ...

"မဟာဗမာလူမျိုးကြီးဝါဒမှ မဟုတ်ပါဘူး ...။ မဟာကရင်၊ မဟာ ရှမ်း၊ မွန်၊ ရခိုင်၊ ကချင်၊ ကယား၊ ချင်း စတဲ့ ဘယ်မဟာ လူမျိုးကြီးဝါဒမဆို ကျနော်တို့ကတော့ ဆန့်ကျင်သွားမယ် ..."

အိမ်ရဲ့ပြင်ပက တိုက်ခတ်နေတဲ့လေသံတွေကို ကြားနေရတယ်၊ နံရံပေါ်က တိုင်ကပ်နာရီရဲ့ စက်သံမှတပါး ... ဦးခွန်ထွန်းဦးကတော့ မျက်လုံးလေးကိုမှေးပြီး တခုခုကိုပြောဖို့ စဉ်းစားနေပုံရတယ်။ ကျနော်တို့ထဲက ကျောင်းသားတယောက်ရဲ့ဝင်ရောက်ပြောဆိုမှုက ငြိမ်သက်ခြင်းကို ဖြိုခွင်းပစ်လိုက်တယ်။

"ငါ့လူမျိုးသာလျှင် မြင့်မြတ်တယ်၊ ငါ့လူမျိုးသာလျှင် အရာရာကို လွှမ်းမိုးရမယ်၊ ချုပ်ကိုင်ရမယ်.. ဆိုတဲ့ မဟာလူမျိုးကြီးဝါဒဟာ ၂၁ ရာစု ဒီနေ့ကမ္ဘာကြီးမှ ခေတ်မမီတော့ပါဘူး ...။ တကယ်တော့ မြန်မာပြည်မှာ တိုင်းရင်းသားလူမျိုးတွေဆိုတာ ရာနဲ့ချီရှိနေတာပဲ ...။ အားလုံး တန်းတူအခွင့်အရေးရှိဖို့ကို ကျနော်တို့လည်း ထောက်ခံတယ် ..."

ဆိုဖာခုံပေါ်မှာ အားရပါးရ မှီထိုင်နေရင်းက ဦးခွန်ထွန်းက ရုန်းထလိုက်ပြီး ...

"အမျိုးသားညီလာခံမှာလည်း – တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ အဲဒီတန်းတူ အခွင့်အရေးအတွက် ကျနော်တို့တင်သွင်းခဲ့တာပဲ ...။ ဒါပေမယ့် မလွယ်ပါဘူးဗျာ ...။ လက်ရှိ နအဖ က သူ့သဘောထားတွေကိုပဲ ဇွတ်အတင်း အားထုတ်ကြိုးစားနေတာ .. တွေ့ရတော့ .. အမျိုးသား ညီလာခံကိုလည်း အားကိုးလို့ မရပါဘူး ..."

ဦးခွန်ထွန်းဦးရဲ့စကားလုံးတွေက သူ့ရင်ထဲမှာရှိနေတဲ့ ခံစားချက် အကုန်အစင် မဟုတ်သေးဘူးဆိုတာ ကျနော် နားလည်လိုက်တယ်။

"အန်ကယ်ရာ ... အမျိုးသားညီလာခံဆိုတာ .. အစစ်အမှန်မှ မဟုတ်တာပဲ ..။ အတုအယောင်ပဲ ..။ ဒါကို အားလုံးသိပါတယ် ..။ တကမ္ဘာလုံးလည်း သိပါတယ် ..။ ကျနော်တို့လိုချင်တာ .. ဒီနေ့အချိန်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးပါပဲ"

"မှန်တာပေါ့ဗျာ .. ။ သိပ်လို အပ်တာပေါ့ ...။ ခက်တာက နအဖဘက်ကကျတော့ သူတို့ပြောထား တယ်မဟုတ်လား ..။ တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလိုရှိတယ်ဆိုရင် .. ညီလာခံထဲ ဝင်လာခဲ့ပါ ... ဆိုတာလေ ..။ အမျိုးသားညီလာခံမှာ ဆွေးနွေးပါဆိုတာလေ"

"တကယ်ရော … အမျိုးသားညီလာခံကနေ .. အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တွေ့ဆုံဆွေးနွေးရေး ကို လုပ်ဆောင်နိုင်ပါတယ်ဆိုတာကို .. အန်ကယ် ယုံရဲ့လား"

ဦးခွန်းထွန်းဦးက မျက်မှောင်တချက် ကျုံ့သွားတယ်။ ပြီးမှ ဖျော့တော့တော့ အပြုံးတချက်နဲ့ ခေါင်းကို လေးတွဲ့စွာရမ်းလိုက်ရင်း … အပြင်ကိုတချက်ကြည့်လိုက်တော့ တော်တော်တောင် မှောင်နေပြီ။

"အန်ကယ် … အခု အန်တီ နေအိမ်အကျယ်ချုပ်ကလွတ်လာတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် အစွမ်းကုန်လုပ်ဆောင်နေတာကို တွေ့ရပါတယ် .. အဲဒါ အန်ကယ် သဘောထားကို သိပါရစေ"

ဆိုတော့ ဦးခွန်ထွန်းဦးရဲ့မျက်နှာပြင်ဟာ အပြုံးတွေနဲ့ ဝင်းလက်သွားတယ် …။

"ကြိုဆိုရမှာပေါ့ဗျာ … ကျနော်တို့ ထောက်ခံတယ် … … လက်တွဲလုပ်မယ်"

ကျနော်တို့ကျောင်းသားများနဲ့ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)ရဲ့တာဝန်ရှိသူ ၂ ဦးနဲ့ အနာဂတ်နိုင်ငံရေးအတွက် ဆွေးနွေးတိုင်ပင်တဲ့ကိစ္စပြီးလို့ အလွတ်သဘောပြောဆိုတဲ့အခါမတော့ အားပါလှတဲ့ ဦးခွန်ထွန်းဦးနဲ့ ဦးစိုင်းညွန့်လွင်တို့ရဲ့ တိုင်းရင်းသားရေးရာ ခံစားချက်တွေကလည်း ကျနော်တို့ရဲ့ နှလုံးသားထဲကို စူးစူးရှရှဖြစ်စေခဲ့တာ အမှန်ပါ။

နောက်မကြာခင် ရက်ပိုင်းအတွင်းမှာပဲ ဦးခွန်ထွန်းဦးတို့ SNLD နဲ့ အန်တီစု အပါအဝင် NLD ခေါင်းဆောင်ပိုင်းတွေနဲ့ တွေ့ဆုံခဲ့ကြောင်းကို သိရပါတယ်။

'ဟင့်အင်းကို ကျော်ဖြတ်ခြင်း' ဆိုတဲ့ထဲက စာသားလေးတခုကိုသွား သတိရမိပါတယ်။ 'ညှိနှိုင်း ဆွေးနွေးခြင်းဆိုသည်မှာ နေ့စဉ်ရင်ဆိုင်ကြရသည့် ကိစ္စဖြစ်သည်' ပြဿနာအရပ်ရပ်ရှိမယ်ဆိုရင်တောင်မှ ညှိနှိုင်းဆွေးနွေး အဖြေရှာမယ်ဆိုရင် … ဆုံးရှုံးနစ်နာမှုအား ပိုမသက်သာလာနိုင်ဘူးလား.. ဆိုတဲ့အသိက ရင်ထဲမှာ စွဲနစ်လျှက် …။

ကျနော်တို့တွေ တနေ့မှာတော့ ဦးနေဝင်း (ဗိုလ်ချုပ်ကြီးဟောင်း နေဝင်း– မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ(မဆလ) ဥက္ကဋ္ဌဟောင်း – ယခု ကွယ်လွန်)ဆီ သွားရောက်ကမ်းလှမ်းခဲ့တယ်။ လူချင်းတော့ မတွေ့ဆုံခဲ့ပါဘူး။ ဒါပေမယ့် အကြောင်းပြန်ကြားချက်တော့ ရခဲ့တယ်။

"ကျောင်းသားတွေ ခုလိုလာရောက် ကမ်းလှမ်းတာကို ကြိုဆိုတဲ့အကြောင်း၊ ဝမ်းသာတဲ့အကြောင်း၊ ဒါပေမယ့် သူ့ရဲ့ကျန်းမာရေးအရ မလာရောက်နိုင်တာကို နားလည်ပေးဖို့"စသဖြင့် အကြောင်းပြန်ခဲ့ပါတယ်။ အခုလို ကျနော်တို့ သွားရောက်ကမ်းလှမ်းတာကို နိုင်ငံရေးအင်အားစုတချို့သိသွားတဲ့အခါ ကျနော်တို့ကို ဝိုင်းဆော်ပလော်တီးကြတော့တာပဲ။ ကျနော်တို့ ဒီအလုပ်ကို ခိုးကြောင်ခိုးဝှက်လုပ်ခဲ့တာ မဟုတ်လေတော့ (ဆော်ပလော် ဝိုင်းတီးလည်း ခံဖို့ကလွဲလို့ ဘာတတ်နိုင်မှာလဲ)။ အန်တီ ကျနော်တို့ကို ပြောကြားခဲ့တဲ့ … 'ရည်ရွယ်ချက်နဲ့ စေတနာမှန်ရင် နားလည်လာကြမှာပါ' ဆိုတဲ့စကားကို နားထဲကြားရင်း … ရင်ထဲမှာတော့ ကျိတ်မြိုခဲ့ရပါတယ်။

နောက် တစည ပါတီ (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ) ဆီကိုသွားတော့ ကျနော်တို့ကို

ပထမတော့ ခပ်စိမ်းစိမ်း၊ ခပ်တွန့်တွန့်ပဲ ဆက်ဆံခဲ့တယ်။ ကျနော်တို့ရဲ့လုပ်ရပ်နဲ့ သဘောထားအမှန်ကို နားလည်သွားတဲ့အခါမတော့ သက်ဆိုင်ရာတာဝန်ရှိသူက နွေးနွေးထွေးထွေး ပြောဆို ဆွေးနွေးခဲ့ပါတယ်။

"သူတို့ဆွေးနွေးပြီး အကြောင်းပြန်ကြားပေးပါမယ်..." ဆိုတဲ့စကားကို ရရှိခဲ့ပါတယ်။

တဖက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အန်တီစု အပါအဝင် ပါတီခေါင်းဆောင်တွေ ကျနော်တို့ကျောင်းသားလူငယ်တွေဟာ အသည်းအသန် ကြိုးစားနေပေမယ့် တဖက်က နှိပ်ကွပ်မှုတွေကတော့ လျှော့မသွားပါဘူး။ အထူးသဖြင့် အန်တီစုဆီကို လာရောက်တွေ့ဆုံတဲ့သူတွေကို ဒုက္ခမျိုးစုံပေးတာ ခံရပါတယ်။ ပါတီဝင်နဲ့ နိုင်ငံရေးအသိုင်းအဝိုင်းက လူတွေကို အဓိက ပစ်မှတ်မထားဘဲ၊ သာမန်ပြည်သူထဲက ပြည်သူတွေကို နည်းပေါင်းစုံနဲ့ ဖိနှိပ်လာတယ်။

ဥပမာ – သာမန်ပြည်သူတယောက်က အန်တီ့ဆီလာတွေ့ပြီးတာနဲ့ နောက်ပိုင်း ဂယက်တွေက ရိုက်တော့တာပဲ။ စီးပွားပျက်အောင်လုပ်တာတို့၊ အသိုင်းအဝိုင်းအပြင်ဘက် ရောက်သွားအောင် လုပ်တာတို့ပေါ့၊ အဲဒီကိစ္စတွေ က တော်တော်စိတ်ပျက်ဖို့ကောင်းပါတယ်။ (အဲဒီထဲက နာမည်ကျော် အဆို တော် ကိုတင်လှိုင်တို့၊ စီးပွားရေးလုပ်ငန်းရှင်ထဲကဆို ဦးသိန်းရွှေ (စာရေး ဆရာမ မမေငြိမ်း ဖခင်)တို့ အပါအဝင် တော်တော်များများ ခံရတယ်)

ကျနော်ကိုယ်တိုင်တောင် ရန်ကုန်မြို့ကြီးမှာ နေစရာနေရာတွေ အများကြီးရှိပါရဲ့နဲ့ နေလို့ မရလောက်အောင်ကို ဖြစ်ခဲ့ရတယ်။ ကျနော် နေတဲ့အိမ်တိုင်းကို ညစဉ် ဧည့်စာရင်းစစ်တယ်။ ဘာရယ်လည်း မဟုတ်ဘူး၊ ပြီး ပြန်သွားတယ်။ အဲဒါမျိုး နေ့စဉ်လုပ်တော့ ကျနော်နေတဲ့အိမ်တွေက ကြောက်လာကြတယ်။ (ကျနော့်ညီမ အရင်းခေါက်ခေါက် အပါအဝင်ပေါ့)

နောက် ကျောင်းအဆောင်မှာသွားနေတော့ အဆောင်ပိုင်ရှင်တွေကို သက်ဆိုင်ရာ အာဏာပိုင်တွေက ဖိအားပေးလာပြန်ရော။ နေလို့မရပြန်ဘူး။ ဒီလိုနဲ့ပဲ ဟိုရွှေ့လိုက် – ဒီရွှေ့လိုက် နေရာပေါင်းများစွာ ပြောင်းနေခဲ့ရတာပါ။ ဒီကြားထဲမှာ ကိုယ့်ဒီမိုကရေစီဘက်တော်သားများရဲ့ ဖိအားပေးမှု၊ ဆန့်ကျင်ရှုတ်ချမှု၊ ကလိမ်ကျမှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါမတော့ နိုင်ငံရေးကို အတော်ကို စိတ်ကုန်ခမ်းမတတ် ဖြစ်ခဲ့ပါတယ်။

တနေ့ အန်တီနဲ့ဆုံတဲ့အခါ ကျနော့်ရင်ထဲမှာ မွန်းကြပ်နေတာတွေ စိတ်ပျက်၊ စိတ်ကုန်ခန်းမတတ် ဖြစ်နေတာတွေကို ဖွင့်ဟပြောပြတော့ ... အန်တီက –

"နိုင်ငံရေးဆိုတာ ဒီလိုပဲသားရဲ့ ..။ ကိုယ်က ဘယ်လောက်ပဲ မှန်တာ လုပ်လုပ် ...။ အမှန်တရား ဆိုတာ မပေါ်ပေါက်သေးသရွေ့ ... ခါးစည်း ခံရတာပဲ ...။ အဲဒါကို စိတ်ပျက်၊ စိတ်ကုန်လို့ မရဘူး ...။ ကိုယ့်ရည်မှန်းချက် ပန်းတိုင်ကရှိသေးတယ် မဟုတ်လား"

"ဖေဖေ့တုန်းကဆို ... သားတို့စဉ်းစားကြည့်လိုက်ပါ။ အောင်ဆန်း–အက်တလီစာချုပ်နဲ့ လွတ်လပ်ရေး အရယူဖို့ လက်တကမ်းအလို ... အင်္ဂလန်ကခေါ်လို့ ဖေဖေတို့သွားကြတယ် ...။ ဟိုရောက်မှ .. ပါသွားတဲ့ သူတွေထဲက လက်မှတ်မထိုးကြလို့ ... (ဗိုလ်ချုပ်အား လုပ်ကြံသတ်ဖြတ်သူ ဦးစောနဲ့ ကျန်တယောက်က သခင်ဘစိန်ကို ရည်ညွှန်းခြင်းဖြစ်သည်) အရမ်းကို ဗျာများခဲ့ရတာ ... ဘယ်လောက် စိတ်သောက ရောက်လိုက်မလဲ ...။ ခံစားကြည့်လိုက်ပါ ...။ နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်လာတဲ့ လွတ်လပ်ရေး

ကို .. လက်တကမ်းအလိုကျမှ .. ဒီလိုဖြစ်တယ်ဆိုတော့ ..။ ဒါပေမယ့်လည်း အဆုံးမတော့ .. အောင်မြင်သွားပါတယ်"

အန်တီရဲ့စကားသံတွေထဲမှာ ... သံဝေဂသံတွေ ရောနှောပါနေတယ်ဆိုတာကို ကျနော်တို့ သတိထားမိလိုက်ကြတယ်။ ကျနော်တို့ ကိုယ်ချင်းစာနိုင်ပါတယ်။

"အန်တီ မှတ်မိသေးတယ်။ ဖေဖေ အင်္ဂလန်ကပြန်လာတော့ ... အိမ်မှာ စာတန်းတခု ထပ်ကပ်ထားတယ် .. 'လေ့ခွက်ချည်းကျန် အလံမလဲ့' တဲ့ ...။ ဒီလိုပါပဲ ..။ အန်တီ အပါအဝင် အန်တီတို့ပါတီဆိုလည်း သားတို့ သိတဲ့အတိုင်း ဘက်ပေါင်းစုံက တိုက်လိုက်ကြတာ ... မားမားမတ်မတ် ရပ်ခံ ရတာပဲ ..။ အဲ့ဒါကို စိတ်ပျက်အားလျှော့ နောက်ဆုတ်သွားလိုက်မယ်ဆိုရင် ... ဘာဖြစ်မလဲ ... စဉ်းစားကြည့်ကြပေါ့ ..."

အန်တီရဲ့အားပေးစကားတွေက ကျနော့်အဖို့ အားတက်စေခဲ့တာ အမှန်ပါ။ ကုန်ခမ်းသွားတဲ့ စိတ်ဓာတ်တွေ အသစ်ပြန်မွေးဖွားလာစေခဲ့တယ်။ ခွန်အားသစ်တွေ ဖြစ်လာတယ်။ အကယ်လို့ အဲဒီတုန်းက အန်တီသာ ခုလို အားပေးစကား မပြောခဲ့ဘူးဆိုရင် ... ကျနော် ရန်ကုန်ကနေ ဇာတိမြို့မှာပဲ ပြန်ပြီး အေးအေးဆေးဆေးသွားနေဖို့ ဆုံးဖြတ်ချက်ချလုနီးပါး ဖြစ်နေပါပြီ။ (ခံနိုင်ရည်နည်းတယ်ပြောလည်း ခံရမှာပါပဲ)၊ ဒါမျိုးဖြစ်စဉ်များကို ဦးဆောင်လုပ်တဲ့ ကျောင်းသားတော်တော်များများ ခံခဲ့ရဖူးပါတယ်။

တဆက်တည်းတင်ပြလိုတာက ယနေ့ ဒီမိုကရေစီလွတ်မြောက်ရေးတိုက်ပွဲအတွက် ကြိုးစားဆောင်ရွက်နေတဲ့ ကျောင်းသားလူငယ်များကို ကျနော်တို့အတွေ့အကြုံတွေထဲက အရေးကြီးတဲ့ အချို့ကို ကောက်နှုတ်တင်ပြပါရစေ။

လုပ်ရပ်တခုအတွက် အကောင်ထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အဲဒီလုပ်ရပ်ဟာ အောင်မြင်မှုရောင်ခြည်တွေမြင်လာရပြီဆို ကြီးစွာသော အနှောက်အယှက်၊ အဟန့်အတားတွေ၊ တိုက်ခိုက်မှုတွေ ဝင်လာမှာ မလွဲဘူး ... ဆိုတာ မှတ်ထားစေလိုပါတယ်။ သိပ်ဆန်းပြားတဲ့ဖြစ်ရပ်တွေ မဟုတ်ပေမယ့် ယနေ့အထိတော့ အသုံးတွင်နေဆဲပါ၊ ဘာဖြစ်လို့လည်းဆိုတော့ စစ်အာဏာရှင်များရဲ့လက်ကိုင်တုတ် ထောက်လှမ်းရေးဌာန အသီးသီးရဲ့ စိတ်ဓာတ်ရေးရာစစ်ဆင်မှုကို အလူးအလဲ ခံရပါလိမ့်မယ်။ ပြည်ပ နိုင်ငံရေးလှုပ်ရှားမှုရော၊ ပြည်တွင်းမှာပါ အတော်ကို အရေးပါ ခရီးရောက်လှပါတယ်။

ထောက်လှမ်းရေးအင်အားစုတွေဆိုတာ နိုင်ငံတော်ဘဏ္ဍာကို ရေလို သုံးလုပ်နေတဲ့ အဖွဲ့အစည်းတွေဆိုတော့ စိတ်ဓာတ်နဲ့လုပ်နေတဲ့ ကျနော်တို့ ဒီမိုကရက်တစ်အင်အားစုတွေ အလူးလူး အလိမ့်လိမ့်၊ အပြိုပြိုအကွဲကွဲဖြစ်အောင် လုပ်နိုင်ခဲ့တာ အမှန်ပါ။

ကျနော့် အတွေ့အကြုံအရပြောရရင် ... ပထမ ဦးဆောင်လုပ်တဲ့သူတွေကို သမိုင်းအညွန့်ကျိုးအောင် အရင်ချိုးပါတယ်။ ဒါမှလည်း ကျန်တဲ့သူတွေက ဦးဆောင်နေတဲ့သူတွေကို အယုံကြည်ကင်းမဲ့သွားစေတာကိုး။ ဒါကိုလည်း သူတို့မွေးထားတဲ့ သတင်းပေးတွေကတဆင့် တွင်တွင်ကျယ်ကျယ်ဖြစ်အောင် စီမံချက်ချလုပ်ကြတာပါ။

ဒီလိုလူမျိုးတွေက အန်တီစုလိုလူမျိုးကို သူတို့လောက် မချစ်ဘူးလို့ ထင်ရလောက်အောင် ဟန်ဆောင်မှုတွေနဲ့ စိမ့်ဝင်လာကြတယ်။ လက်သီးလက်မောင်းကို သူများတွေထက် ပိုတန်းတယ်။

ကြွေးကြော်သံကို သူများတွေထက် ပိုကျယ်လောင်စေတယ်။ ဒီလို အယုံသွင်းပြီးပြီဆိုကာမှ သူတို့ရဲ့ စီမံချက်တွေကို တဆင့်ချင်း အကောင်ထည်ဖော်တော့တာပါပဲ။

မိမိ ဒီမိုကရက်တစ်အင်အားစုတွေဖြစ်လင့်ကစား ကိုယ်နဲ့အဆင်မပြေတဲ့ အင်အားစုတွေဆီကို သူတို့ထဲက သတင်းပေးများက ချဉ်းကပ်မယ်။ မိမိအင်အားစုထဲမှာလည်း သတင်းပေးများကို ထည့်သွင်းထားမယ်။ သတင်းလိုချင်တာထက် ဖြိုခွဲဖို့ဗျူဟာကို ပိုအသားပေးပါတယ်။ ဦးဆောင်၊ ခေါင်းဆောင်လုပ်နေတဲ့သူတွေရဲ့ သမိုင်းအညွှန့်တွေကို တစစီချေတော့တာပဲ။ အဲသလိုဖြစ်ပြီဆို မိမိနဲ့အဆင်မပြေ ဖြစ်နေတဲ့ ဒီမိုကရက်အင်အားစု များဘက်ကိုလည်း စိမ့်ဝင်သွေးထိုးလိုက်တော့ ... ထောက်လှမ်းရေးရဲ့ နည်း စနစ်တွေဟာ တခုပြီးတခု အောင်မြင်တော့တာပဲ။

သိပ်ကိုအောင်မြင်ခဲ့ပါတယ် ..။ အခုလည်း အောင်မြင်ဆဲပါပဲ ...။ နောင်လည်း ဆက်အောင်မြင်နေဦးမှာပါ၊ (အဲ ... ဒါပေမယ့် ခြွင်းချက်တခုတော့ ရှိပါတယ်။ ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ ထောင်ထဲက လွတ်လာပြီး ၈၈ မျိုးဆက်ကျောင်းသားများဆိုပြီး လှုပ်ရှားမှုတွေလုပ်ကြတော့ သူတို့ဟာ အဲဒီအချိန်မှာ များစွာသော အတွေ့အကြုံတွေ၊ သင်ခန်းစာတွေရနေသူတွေ ဖြစ်နေကြတော့ ... အဲသလိုလုပ်ဖို့ တော်တော်အခက်တွေ့ပါလိမ့်မယ်။

တချိန်က တဖက်နဲ့တဖက် (ဗကသ နဲ့ မကသ) အပြင်းအထန် တိုက်ခိုက်လာတဲ့သူတွေဟာ ခုချိန်မှာ သွေးစည်းညီညွတ်စွာနဲ့ လက်တွဲ လုပ်ဆောင်နိုင်ခြင်းအပေါ် ... ကြားဝင် သပ်လျှိုဖြိုခွဲလို့မရတဲ့ အဆုံးမှာတော့ ထောင်ထဲဆွဲထည့် ပစ်လိုက်တာပါပဲ။

သွေးကွဲအောင်ဖြိုခွဲခြင်းဖြင့် သမိုင်းအညွှန့်ကျိုးအောင် လုပ်ဆောင်ခြင်းဆိုတဲ့ နအဖ လက်ကိုင်တုတ် ထောက်လှမ်းရေးများရဲ့ဗျူဟာဟာ သူတို့အဖို့ သိပ်တွက်ခြေကိုက်ပါတယ်။ မျောက်အမြည်းနဲ့ မျောက်ကို ချည်ခြင်းပါ၊ ကုန်ကျစရိတ် သက်သာတဲ့အပြင် ဖမ်းဆီးထောင်ချခြင်းကြောင့် ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ နအဖကို နာမည်ပျက်စေနိုင်မယ့် အမည်းစက်ကိုလည်း ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။

ဒီလိုနဲ့ နိုင်ငံရေးဇာတ်ခုံပေါ်ကနေ လွင့်စင်သွားသူတွေ၊ ဘေးရောက်သွားသူတွေဟာ (ဒီမိုကရက်တစ် အင်အားစုများအဖို့ ...) အင်မတန်မှ ဝမ်းနည်းစရာကောင်းလှပါတယ်။ နှမြောစရာ ကောင်းလှပါတယ်။

စစ်အာဏာရှင် တော်လှန်ရေးခေတ်အဆက်ဆက်မှာ ဘယ်တော့မှ တိမ်ကောမသွားတဲ့၊ ဘယ်တော့မှလည်း ပျောက်မသွားဘဲ၊ ထပ်ခါထပ်ခါအသုံးချတိုင်း အောင်မြင်နေတဲ့ ထောက်လှမ်းရေးများရဲ့ မာယာကျော့ကွင်း ဗျူဟာများဟာ ယနေ့ထက်တိုင် ခေတ်မီနေဆဲပါ။

ဥပမာပြရရင် အန်တီစုကို ဝန်းရံနေသော ကျောင်းသားလူငယ်များ၊ ပါတီလူငယ်များ၊ လုံခြုံရေး အနီးကပ်တာဝန်ယူနေသူများကို သူတို့ သတင်းပေးများမှတဆင့် တီးတိုးဝါဒဖြန့်ပါတယ်။ အဲဒီလူတွေကို ထောက်လှမ်းရေးကပဲ လစာပိုက်ဆံပေးထားသလိုလို၊ အကျိုးစီးပွားတွေ ပုံအောပေးထားသလိုလို၊ အန်တီ့ အနီးနားကိုကပ်လာပြီး အဲဒီလူတွေကပဲ နိုင်ငံအကျိုးကို ပျက်စီးအောင်လုပ်တော့မယ့်သူတွေလိုလို၊ အန်တီ ကျဆုံးသွားအောင်၊ နာမည်ပျက်သွားအောင်လုပ်တော့မယ့် သူတွေလိုလိုဖြစ်အောင် တီးတိုးလှုံ့ဆော် ဖြန့်ပါတယ်။

ဒီလူငယ်တွေဟာ တဖက်မှာ မိမိကိုယ်ကျိုးကိုစွန့်ပြီးလည်း လုပ်ရသေး၊ လူထုနဲ့ မိမိ ဒီမိုကရက်တစ်အင်အားစုတွေရဲ့ မျက်လုံးစိမ်းတွေ၊ တံတွေးစက်တွေကြားမှာလည်းနေရသေးဆိုတော့ စိတ်ဓာတ်ရေးရာအတွက် ထော်တော့်ကို ကြံ့ကြံ့ခံခဲ့ရပါတယ်။ အန်တီစုနဲ့လူကြီးများကသာ နားလည်မှုမပေးနိုင်ဘူးဆိုရင် .. နိုင်ငံရေးကို တသက်လုံး မလုပ်ချင်တော့လောက်အောင် စိတ်ကုန်သွားမှာအမှန်ပါ။

ဒီမိုကရေစီလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်မယ့် မျိုးဆက်သစ်လူငယ်များ သင်ခန်းစာယူနိုင်ဖို့ လိုပါလိမ့်မယ်။ စာရေးဆရာ ဆရာအောင်သင်း စကားနဲ့ပြောရရင် .. 'လူလိမ္မာဆိုတာ သူများအမှားပေါ်မှာ သင်ခန်းစာယူနိုင်ရပါ့မယ်'။

ဒီနေရာမှာ ကျနော်ရဲဝံ့စွာ အားမနာတမ်း ပြောနိုင်တာရှိပါတယ်။ အန်တီစုဟာ ဘယ်သောအခါမှ အဲသလို အောက်တန်းကျတဲ့ လုပ်ရပ်များကိုမှ လုပ်ဖို့နေနေသာသာ စဉ်းတောင် မစဉ်းစားပါဘူး၊ မိမိလိုချင်တဲ့ ပန်းတိုင်ကို ရိုးသားဖြောင့်မတ်စွာသွားပါတယ်။ ဖြူစင်တဲ့အကျင့်ကိုပဲ ကျင့်ပါတယ်။ ပရိယာယ်လို၊ မာယာလို နည်းစနစ်တွေ၊ ဗျူဟာတွေကို ဘယ်သောအခါမှ မကျင့်သုံးပါဘူး၊ အပြိုင်းနဲ့ ခုတုံးလုပ် မဆက်ဆံပါဘူး။ ဒါကိုတော့ ရဲရဲကြီးပြောရဲပါတယ်။ တခါက အန်တီ ကျနော်တို့ကို ပြောခဲ့ဖူးပါတယ် ...။

"တိုင်းပြည်ခေါင်းဆောင်လုပ်မယ့်သူဆိုတာ ... ရိုးသားဖြောင့်မတ်ဖို့ လိုတယ် ... ..." တဲ့။

ဘယ်သူတွေ ဘယ်လိုပဲ လုပ်လုပ်၊ ပြောပြော၊ သွေးခွဲနေပါစေ။ အန်တီစု အပါအဝင် လူကြီးများရဲ့ နားလည်မှုပေးတတ်ခြင်းတွေအပေါ်မှာတော့ ကျနော့်တသက်မှာ ဘယ်သောအခါမှ မေ့သွားမှာမဟုတ်ပါ၊ ကျနော်တို့ တွေ့ကြုံခဲ့ရတဲ့ဖြစ်စဉ်တွေထဲမှာတောင်မှ ရင်ဝကို လက်သီးနဲ့ ပစ်ထိုးလိုက်သလိုမျိုး ခံစားခဲ့ရတဲ့ ဖြစ်စဉ်များလည်း ဆုံတွေ့ခဲ့ဖူးပါတယ်။

ကျနော်တို့ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ်ကို ကြိုးစားဆောင်ရွက်နေစဉ်မှာ တချို့ နိုင်ငံရေးသမားကြီးများရဲ့ သက်ဲမကင်းအကြည့်တွေ၊ ရိသဲ့သဲ့အပြောတွေနေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ကျနော်တို့လုပ်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်အပေါ် မကျေနပ်လို့၊ ဒါမှမဟုတ် အန်တီစု အပေါ် အစာမကြေလို့ တုံ့ပြန်တာမျိုးကို ကိစ္စမရှိပါဘူး။ ခံနိုင်ပါတယ်။ ဘယ်လို ပုံသဏ္ဍာန်မျိုးနဲ့ပဲဖြစ်ဖြစ် အောင်မြင်အောင်ကျော်ဖြတ်ဖို့ ကျနော်တို့မှာ ဆုံးဖြတ်ထားတာတွေရှိပါတယ်။ ဘယ်လိုပဲ အောက်ကျခံရ ခံရ ကျနော်တို့ လုပ်ဆောင်ပါ့မယ်။ ဒါပေမယ့် အဲသလိုမဟုတ်ဘူး ...။

ကျနော်တို့ကပဲ နအဖ လက်ကိုင်တုတ် ကျောင်းသားတွေလိုလို၊ ထောက်လှမ်းရေး ကြိုးဆွဲသမျှ လိုက်လုပ်နေရတဲ့သူတွေလိုလို ဆက်ဆံခံရတဲ့အခါမတော့ ... ကျနော်တို့ လူငယ်ကျောင်းသား အငယ်တွေကပဲ အောင့်အီးသည်းခံပေးလိုက်ရပါတယ်။

ကျနော်တို့နဲ့ ဆွေးနွေးဖို့ စတောင်မစရသေးခင် ...
"ဗိုလ်ခင်ညွန့်က ... ဘာမှာလိုက်လဲ" ဆိုတာမျိုးဟာ သိပ်ကို ခံရခက်တဲ့စကားတွေပါ။ လူကြီးတွေက သဘောထားအမြင်မကြီးနိုင်ဘဲ၊ လူငယ်တွေက နားလည်ပေးရတာ အတော်ကသိကအောင့်နိုင်စေခဲ့ပါတယ်။

'အမှန်တရားက ဖိနပ်စီးဖို့ ကျန်နေတုန်း .. မုသားက ကမ္ဘာကို ပတ်ပြီးပြီ ...' ဆိုတဲ့ စကားကို သွားသတိရမိတယ်။ နအဖ လက်ကိုင်တုတ် ထောက်လှမ်းရေးတွေရဲ့ သွေးခွဲသပ်သျှို၊ အညွန့်ချိုး

နည်းဗျူဟာများဟာ အောင်မြင်ပါပေတယ်။ ဒီမိုကရက်တစ်အင်အားစုတွေ တဖွဲ့နဲ့တဖွဲ့၊ တယောက်နဲ့ တယောက်ကြားမှာ သံသယတွေပွားအောင်လုပ်တာလည်း သူတို့လက်ချက်ပါပဲ။ အန်တီစုလိုပုဂ္ဂိုလ်မျိုးအနားမှာ ဝန်းရံသူတွေ ကင်းမဲ့သွားအောင်၊ အထီးကျန်အောင် အမျိုးမျိုးလုပ်ဆောင်ခဲ့တာလည်း သူတို့ လက်ချက်ပါပဲ။

တကယ်တော့ မြန်မာနိုင်ငံ စစ်အာဏာရှင်အဆက်ဆက်မှာ စစ်ခေါင်းဆောင်တွေဟာ သူတို့ရဲ့ ဆန့်ကျင်ဘက် အတိုက်အခံလို့ပဲ ခေါ်ခေါ် ရန်သူလို့ပဲ သုံးသုံး အဲဒီလူပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေ၊ အင်အားစုတွေကို ရှုမြင်သုံးသပ်လုပ်ဆောင်ရာမှာ စစ်အမြင်၊ စစ်ရှုထောင့်ကနေပဲ လုပ်ဆောင်တာ များတယ်။

စစ်ပွဲတွေမှာ အကောင်းဆုံးစစ်ပွဲဟာ ဘာလဲဆိုတော့ မတိုက်ဘဲနဲ့နိုင်တဲ့စစ်ဆိုတဲ့ ဥပဒေသတခု ရှိတယ်၊ အဲဒီဥပဒေသကို နအဖက မြေပေါ်မြေအောက် ကျင့်သုံးတယ်။ (လောလောဆယ် အဲဒီဥပဒေသနဲ့ ပတ်သက်လို့ မြင်သာတာကတော့ နယ်ခြားစောင့်တပ် အဖွဲ့ခံလိုက်ရတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေပါ) ထို့နည်းတူစွာပါပဲ မြေပေါ်နိုင်ငံရေး အင်အားစုများကိုလည်း ဒီသဘော ကျင့်သုံးတယ်။ သူတို့ တိုက်စရာမလို တော့ဘူး၊ ဖမ်းပြီး ထောင်ထဲထည့်စရာ မလိုတော့ဘူး။ (အဲသလို လုပ်နေရရင် သူတို့အဖို့ သိပ်တွက်ချေ မကိုက်ဘူးထင်ပါရဲ့ ပျက်လက်စနာမည်က ပိုပျက်လာဦးမယ်) ဒီအဆင့်နဲ့မရမှ ထောင်ထဲထည့်ပေါ့။

အချင်းချင်းတွေ ရန်တိုက်ပေးလိုက်တယ်၊ ဦးဆောင်နေသူတွေ သမိုင်းအညွန့်ကျိုးအောင် ဖန်တီး ပေးလိုက်တယ်၊ နာမည် မပျက်ပျက်အောင် ဗျူဟာတွေ၊ မဟုတ်မမှန် တီးတိုးဝါဒဖြန့်မှုတွေနဲ့ အများစုကို အယုံသွင်းပြီး အဲဒီသူတွေကို ယုံကြည်တဲ့သူတွေ မရှိအောင်၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး လောကပါမကျန် ဘေးရောက် …၊ အားလုံးနဲ့ အထီးကျန်ဖြစ်အောင် တွန်းပို့ပေးလိုက်တယ်၊ အဲသလို အခြေအနေတရပ်ကို ရောက်အောင် စစ်အာဏာရှင်လက်ကိုင်တုတ် ထောက်လှမ်းရေးတွေက ရေလာမြောင်းပေး နည်းနည်းလေး လောက် ဖန်တီးပေးလိုက်ရုံဆို လုံလောက်ပါပြီ။ ကျန်တဲ့အပိုင်းကို မိမိ ဒီမိုကရက်အင်အားစု ဘက်တော်သား များက ဆက်လုပ်ကြတော့တယ်။ သူတို့က ကျန်ရှိအပိုင်းကို ဆက်တွန်းကြတယ်။ တချို့ ကိုယ့်အင်အားစုတွေဆို ထောက်လှမ်းရေးက အဲသလိုခင်းပေးလို့ သူတို့ဆက်လျှောက်နေတာတောင် ဆက်လျှောက်မှန်းမသိရ လောက်အောင် ထောက်လှမ်းရေးတွေက ပါးနပ်ပါတယ်။ ကျွမ်းကျင်ပါတယ်။

တခါက နပိုလီယံပြောခဲ့တဲ့စကားကို ဖတ်ဖူးမိတယ်။ 'ရန်သူ လျှောက်စေချင်တဲ့လမ်းကို လျှောက်မိတာ လောက် မှားတဲ့အမှားမရှိဘူး .. တဲ့' ဆင်ခြင်နိုင်စရာစကားလေးပါ။

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ထင်ရှားနေတဲ့ ကျောင်းသား ခေါင်းဆောင် မင်းဇေယျာတို့၊ ကိုကိုကြီးတို့ဆို .. ဒီလို အောက်တန်းကျတဲ့ ထောက်လှမ်းရေးများရဲ့ ဗျူဟာအောက်မှာ ကာလတခုထိ လူးလိမ့်နေအောင် ခံခဲ့ရပါတယ်။ မိမိအင်အားစုများရဲ့ အထင်မှားခြင်း၊ ဝိုင်းကျဉ်ခြင်းကို ခံခဲ့ ရပါတယ်။ အမှန်တရား ကမ္ဘာပတ်မှပဲ သက်သာရာရခဲ့တာ မဟုတ်လား။

ဒါ့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ အပြောလွယ်သလောက် အောင်မြင်အောင် လုပ်ဆောင်နိုင်ဖို့ အတော်ခက်ခဲတယ်ဆိုတာကို အတွေ့အကြုံတွေက သက်သေခံနေပါတယ်။

တကယ်လို့သာ အန်တီစု အပါအဝင် လူကြီးများရဲ့အားပေးမှုမရှိဘူးဆိုရင် ကျနော်တို့လုပ်ငန်းစဉ်များ ဟာ တလက်မတောင် ရွေ့နိုင်စရာအကြောင်း မရှိခဲ့ပါဘူး။

+++++

'ကျနော်တို့တတွေ 'ည' ဆိုတဲ့ ကာလတခုကို အချိန်အားဖြင့် အဓိပ္ပာယ်အားဖြင့်
လိုသလို ဆွဲယူလို့ မရနိုင်တော့ဘူးလား။ ညဟာ နေ့ ရဲ့ ရှေ့တော်ပြေး၊
လေပြေလေညှင်းကလေးကော မဖြစ်နိုင်ဘူးလား။ ညဟာ အနှုတ်လက္ခဏာမဟုတ်ဘဲ
အပေါင်းလက္ခဏာရဲ့မိခင်အဖြစ်
ကျနော်တို့ ပြောင်းယူလို့ မရနိုင်တော့ဘူးလား။'

ကဗျာဆရာ ငြိမ်းဝေ

အမိမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်ရေးရရှိရေး၊ အမျိုးသားလွတ်မြောက်မှုတိုက်ပွဲဟာ သိပ် ကြမ်းတမ်းလှပါတယ်။ ခက်ခဲနက်နဲလှပါတယ်။ အမှောင်ထု အားကြီးလွန်းလှပါတယ်။ ပေးဆပ်မှုတွေလည်း များလွန်းလှပါတယ်။

အဖိုးတန်သောအရာမှန်သမျှ ခက်ခက်ခဲခဲလုပ်ယူမှ ရတတ်တယ် … ဆိုတဲ့ ဥပဒေသကလည်း ရှိနေတယ် မဟုတ်လား။ အမှောင်ဆုံးသော သန်းခေါင်ဟာ အရုဏ်ဦးဖို့အတွက် နိမိတ်လက္ခဏာရပ်တွေများ ဖြစ်လာလေလိမ့်မလား။

ဒီလိုနဲ့ … တနေ့ ကျနော်အိမ်ကို ပြန်အရောက်ပြီး မကြာခင်မှာပဲ အိမ်ရှေ့ကို ထောက်လှမ်းရေးက ကားတစီး ထိုးဆိုက်လာတယ်။ ကားပေါ်ကနေ လူ ၃ ဦးဆင်းလာပြီး အိမ်ထဲကိုဝင်လာတယ်။ ကျနော်က သိလိုက်ပါတယ်။ သူတို့ ဘယ်သူတွေလဲဆိုတာ။

ကျနော်က အိမ်ရှေ့ဧည့်ခန်းမှာ လူမှုဝတ္တရားအရဧည့်ခံလိုက်တော့ သူတို့ထဲက တယောက်က မိတ်ဆက်ပေးတယ်၊ တယောက်က ဗိုလ်ကြီး အဆင့်ရှိသူ၊ နောက်တယောက်ကတော့ ဒုတပ်ကြပ် တယောက်၊ ကျနော့်ကို မိတ်ဆက်ပေးနေသူက ကျနော်နေထိုင်ရာအရပ်မှာ တာဝန်ကျနေတဲ့ နယ်မြေခံ ထောက်လှမ်းရေး တပ်ကြပ်ကြီး။

ကျနော် နည်းနည်းတော့ သဘောပေါက်လိုက်တယ်။ ဒါ လာဖမ်းတာတော့ မဖြစ်နိုင်သေးဘူး … ဆိုပြီး (ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ခန့်မှန်းကြည့်မိတာပါ။) အကြီးဆုံးအဆင့် ဖြစ်တဲ့ ဗိုလ်ကြီးဆိုသူက စ ပြောလာတယ် …။

"မနက်ဖြန်မှာ ကျနော်တို့ လူကြီးက ခင်ဗျားတို့ကျောင်းသားတွေနဲ့ တွေ့ချင်တယ်ဆိုပြီး … အကြောင်းကြားလာလို့ ကျနော်တို့ ခင်ဗျားဆီ လာခဲ့ တာပါ" ပြောပြောဆိုဆိုနဲ့ သူ့ရဲ့လက်ကိုကမ်းပေးတော့ ကျနော်လည်း … လက်ဆွဲနှုတ်ဆက်ရင်းကနေ … …

"ဘယ်သူလဲ .. ခင်ဗျားတို့လူကြီးဆိုတာ ဘယ်သူလဲ" ဆိုတော့ …

"အဲဒါတော့ ကျနော်လည်းမသိဘူး .. ကျနော်တို့တပ်မှူး (ထောက်လှမ်းရေး ၁၆–တောင်ဥက္ကလာပ) ကနေ လွှတ်ပြီး အကြောင်းကြားခိုင်းလိုက်လို့ လာပြောတာပါ"

"ဒါဆို .. ခင်ဗျားတို့ထောက်လှမ်းရေးတပ်မှူးတော့ မဟုတ်နိုင်ဘူး"

"သူတော့ မဟုတ်ပါဘူး ... လူကြီးတယောက်တော့ လူကြီး တယောက်ပဲ"

ကျနော် သဘောပေါက်လိုက်ပြီ၊ လွန်ခဲ့တဲ့ ၂ ရက်က နအဖဆီ အကြောင်းကြားစာကို ကျနော်တို့ တတွေ အန်တီအိမ်ထဲမှာ လုံခြုံရေးတာဝန်ယူထားတဲ့ ထောက်လှမ်းရေးတွေကနေတဆင့် ပို့ခိုင်းလိုက်တာ အဲဒီကိစ္စပဲ ဖြစ်နိုင်လောက်မယ်။ စိတ်ထဲမှာ ကောက်ချက်ချနေရင်းက ...

"အဲဒါ ... ခင်ဗျားတို့ကျောင်းသားတွေ စုစုပေါင်း ၅ ယောက်ကနေ ၁၀ ယောက်ထက်မပိုဘဲ တွေ့ချင်တယ်တဲ့ ... ဖြစ်နိုင် ... မဖြစ်နိုင် ကျနော့်ကို အခုအကြောင်းပြန်လို့ ရနိုင်မလား"

မိုးကအတော်ကို ချုပ်နေပြီ၊ စီစဉ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။ တွေ့ရမှာက မနက်ဖြန်ဆိုတော့ သိပ်တော့လွယ်လိမ့်မယ်လို့ ကျနော် မထင်မိ။

"မနက်ဖြန်တွေ့ရမယ်ဆိုတာတော့ ... သိပ်လွယ်မယ် မထင်ဘူးဗျ။ ကျနော် ကျန်တဲ့သူတွေကို လိုက်အကြောင်းကြားရဦးမှာ"

"ဒါဆို ဘယ်နေ့လောက် ဖြစ်နိုင်မလဲ ... သိပ်တော့ မစွာနဲ့ပေါ့ဗျာ"

ကျနော် စဉ်းစားကြည့်မိတယ်။ ဒီကိစ္စကို ပေါ့ပေါ့လုပ်လို့မဖြစ်၊ ကျနော် လူကြီးတွေနဲ့ တိုင်ပင်မှ ဖြစ်မည်။ သို့မဟုတ်ဘူးဆိုရင် ကျနော်တို့သမိုင်းကို ထိခိုက်နိုင်သည့်အရာဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ သူတို့နဲ့ ဆက်ဆံရတာ နည်းနည်းတော့ လန့်သည်။ အဖမ်းခံရမှာကို လန့်တာတော့ မဟုတ်ပါ၊ ကျနော်တို့ သမိုင်းပုတ်မြောင်းထဲ ထိုးကျသွားမှာကို စိုးရိမ်မိသည်။ ထောက်လှမ်းရေးတွေ လုပ်တတ်သည့် အကျင့်ဆိုးတွေကို တွေ့ကြုံဖူးသူတယောက်အနေဖြင့် လွယ်လွယ်နဲ့ မဆုံးဖြတ်ရဲ ...။

"ကျနော် အဆုံးဖြတ်ပေးလို့ မရနိုင်ဘူးဗျ ...။ တိုင်ပင်ရဦးမယ်။ ဒါတော့ ခွင့်ပြုပါ"

ထောက်လှမ်းရေးအရာရှိ နည်းနည်းတော့ စိတ်ရှုပ်သွားဟန်ရှိတယ်။ ပြီးမှ သူက ...

"နေဦး ... ကျနော် လူကြီးဆီ လှမ်းသတင်းပို့ မေးကြည့်ဦးမယ်"

ဆိုပြီး ကျနော့်တို့အိမ်ထဲကနေ ကားရပ်ထားတဲ့နေရာကို ထွက်သွားပြီး ဖုန်းတလုံးနဲ့ အဆက်အသွယ် သွားလုပ်နေတာကို ပြတင်းပေါက်ကနေ လှမ်းမြင်နေရတယ်။ နည်းနည်းတော့ကြာတယ်။ ၁၅ မိနစ်လောက် ရှိမယ်ထင်တယ်။ အိမ်ထဲ ကျန်ရစ်ခဲ့တဲ့သူတွေကတော့ ဖွင့်ထားတဲ့ တီဗွီကိုကြည့်ရင်း စောင့်နေကြတယ်။

နောက်ပြန်ဝင်လာပြီး ...

"သဘက်ခါလောက်တော့ ဖြစ်အောင်လုပ်ပေးပါ ... တဲ့"

"ကျနော် ကြိုးစားကြည့်ပါ့မယ် ..။ ဒါပေမယ့် အာမတော့ မခံရဲဘူး။ တွေ့မယ် .. မတွေ့ဘူး .. ဆိုတာ။ ကျနော်တို့တိုင်ပင်ချင်ပါသေးတယ် ..။ တကယ်လို့ အကြောင်းပြန်ကြားမယ်ဆိုရင် .. ဘယ်လို လုပ်ရမလဲ"

"ဟုတ်ပြီလေ ... ကျနော်တို့ ခင်ဗျားဆီကို လာဆက်သွယ်ပါ့မယ်။ ကျနော်တို့ဆီကို အမြန်ဆုံး အကြောင်းပြန်ပေးပါ"

ပြောပြောဆိုဆိုနဲ့ အရာရှိလုပ်သူကထပြီး ကျနော်အပါအဝင် အိမ်မှာရှိနေတဲ့သူငယ်ချင်း မိသားစုများ ကိုနှုတ်ဆက်ပြီး ထွက်သွားတော့တယ်။ ကျနော်က သူငယ်ချင်းလုပ်သူနဲ့မိသားစုကို မှာထားရတယ်။ တကယ်လို့ သူတို့ ဒီကိုလာပြီး ဆွေးနွေးတာတို့ ... စကားပြောတာတို့ကို မှတ်ထားပေးဖို့၊ အဲသလိုမဟုတ်ရင် သူတို့က ပြင်ပမှာ မဟုတ်မဟတ်တွေ ပြောဆိုလာရင် အခက်ကြုံမှာ ကြောက်ရလို့ သက်သေထူထားတာပါ။

ဒီလိုနဲ့ နောက်ရက်မှာပဲ ကျနော်တို့ကျောင်းသားများနဲ့ဆုံတွေ့ပြီး နအဖ ထောက်လှမ်းရေးအရာရှိရဲ့ ကမ်းလှမ်းချက်ကို တင်ပြတိုင်ပင် ဆွေးနွေးကြတယ်။ အားလုံးကတော့ သွားရောက်တွေ့ဆုံဖို့ကို သဘော တူခဲ့ကြပြီး ဆက်လက်ပြီးတော့ အန်တီစုအပါအဝင် လူကြီးတွေနဲ့ ဆက်လက်တိုင်ပင်ဖို့ကို ပါစီစဉ်ခဲ့ကြတယ်။ အန်တီစု အပါအဝင် NLDက လူကြီးတွေနဲ့တွေ့ဆုံတော့ အားလုံးက သွားရောက်တွေ့ဆုံဖို့ကို အားပေးခဲ့တယ်။ အန်တီစုကတော့ ...

"အန်တီတို့တောင် တွေ့ဆုံဆွေးနွေးဖို့ အမြဲတောင်းဆိုနေတာပဲ ...။ အခုလို သားတို့ကိုတွေ့ဖို့ ကမ်းလှမ်းချက်အတွက် သွားသင့်ပါတယ် ...။ ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်း သိရတာပေါ့"

ကျနော် ညနေဘက် နေတော်တော်စောင်းလို့ အိမ်ပြန်သွားတော့ နယ်မြေခံထောက်လှမ်းရေး တပ်ကြပ်ကြီးက အိမ်မှာ အဆင်သင့်စောင့်နေတယ် ...။ ကျနော်က အကျိုးအကြောင်းကိုရှင်းပြပြီး ကျနော်တို့ ကျောင်းသားများ လာခေါ်ဖို့ကိုပါစီစဉ်ခိုင်းတော့ သူက .. 'အားလုံးစီစဉ်ပေးမယ့်အကြောင်း' ပြောပြီး ပြန်သွားခဲ့တယ်။

ကျနော့်ရဲ့စိတ်ထဲမတော့ မယုံရဲယုံရဲနဲ့ အကောင်းဘက်ဖြစ်ပါစေလို့ပဲ မျှော်လင့်ရင်း ..။

နောက်တနေ့မှာတော့ ကျနော်တို့ကို သတ်မှတ်ထားတဲ့နေရာမှာ သူတို့ ကားနှစ်စီးနဲ့ လာကြိုတယ်။ တစီးက ကျနော်တို့ကို ခေါ်သွားတဲ့ကားဖြစ်ပြီး နောက်တစီးကတော့ ထောက်လှမ်းရေးအမှတ် (၁၆) က တပ်မှူး စီးလာတဲ့ကား။ သူက ကျနော်တို့ကားရဲ့ရှေ့ဘက်ကနေမောင်းရင်း .. သွားနေတာကတော့ မြို့ထဲ ဘက်ပဲ ...။ ဘယ်ကိုသွားနေတာလဲဆိုတာ ကျနော်တို့လည်း တိတိကျကျ မသိဘူး ..။ နောက်တော့မှ .. ဝန်ကြီးများရုံးထဲ ကို ထိုးဝင်သွားတယ်။ အဲဒီဝန်းထဲရောက်တော့ ထောက်လှမ်းရေး ဘာရုံးလဲ မသိဘူး။ နည်းနည်းတော့ အဆောက်အဦက ကြီးတယ် ..။ ကျနော်တို့ ကို ကားပေါ်ကဆင်းခိုင်းပြီး .. 'ပါလာတဲ့ အိတ်တွေ၊ စာအုပ်တွေကို အပြင်မှာ ထားခဲ့ဖို့' ပြောတယ်။ နောက် အစည်းအဝေးခန်းမလို (အခန်းကို လေးထောင့် စားပွဲပုံစံ ပတ်လည်ခင်းထား) နေရာကို ရောက်တော့ ကျနော်တို့ကို ထိုင်ခိုင်းလိုက်တယ်။ ကျနော်တို့ကို စားပွဲရဲ့တဖက်မှာ တန်းစီပြီးထားတယ်။ ပြီးတော့ ထောက်လှမ်းရေး ဗိုလ်ကြီးလုပ်သူက ကျနော်တို့ထဲက ပါလာတဲ့ သူတွေရဲ့ နာမည်ကို တယောက်ချင်းစီ လိုက်မေးပြီး ... သူ့ရဲ့ မှတ်စုစာအုပ် လေးထဲမှာ ရေးမှတ်တယ် ...။

သိပ်မကြာခင်မှာပဲ .. အရပ်ဝတ် အရပ်စား လူ ၅ ယောက်လောက်ဝင်လာပြီး အအေးပုလင်းတွေနဲ့၊ ကိတ်မုန့်တွေ သယ်လာပြီး .. ကျနော်တို့ကို တည်ခင်းကျွေးမွေး .. သူတို့အားလုံးကလည်း ကျနော်တို့ကို ပြုံးပြုံးရွှင်ရွှင်နဲ့ ဆက်ဆံနေလေတော့ .. ကျနော့်စိတ်ထဲမှာ 'အခြေအနေကတော့ သိပ်မဆိုးဘူး' လို့

ကောက်ချက်ချမိတယ် ...။ ကျနော်က ဘေးနားမှာရှိတဲ့ ကျောင်းသား ခင်မောင်သိန်း (NLD–ကိုကိုးကျွန်း လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း သား) ကို တိုးတိုးလေး ကပ်ပြောတယ် ...။

"ဟေ့ကောင် ... အကုန်စားကွ ။ ထောက်လှမ်းရေးက ဒီလိုကျွေးတာ စားရခဲတယ်"ဆိုတော့ ဘေးတဖက်က ကျောင်းသူတဦးက လက်ညှိုးလေးကို ပါးစပ်နားမှာကပ်ပြီး ... ...

"ရှူး .. တိုးတိုး .. အခန်းထဲမှာ အသံဖမ်းစက်တွေ တပ်ထားရင်တပ်ထားမှာ။ သိပ်စကားမပြောနဲ့တော့" ဆိုတော့မှ ကျနော်တို့လည်း ချကျွေးတာတွေကို စားနေချိန်မှာပဲ .. ကင်မရာတွေကိုင်လာတဲ့လူတချို့ အခန်းထဲ ဝင်လာတယ် ...။

ကျနော်တို့စားသောက်နေတဲ့ပုံတွေကို ... တဖျန်းဖျန်းနဲ့ ဓာတ်ပုံ ရိုက်ယူတော့တာပဲ ...။ ဘာတွေလုပ်ကြမှန်းတော့ မသိသေးဘူး။ ဓာတ်ပုံရိုက်သူတွေထွက်သွားပြီး ခဏလေးအကြာမှာပဲ အခန်းထဲကို ယူနီဖောင်းနဲ့ လူကြီးလို့ ပြောတဲ့သူ ဝင်လာတယ်။ ထောက်လှမ်းရေးတပ်မှူးရယ်၊ ဗိုလ်ကြီးရယ်က ထ အလေးပြုနေချိန်မှာ ... ကျနော် အကဲခပ်လိုက်တော့ .. အဆင့်က ဗိုလ်မှူးကြီးအဆင့်။ ကျနော်က လူပုဂ္ဂိုလ်ကို သေသေချာချာ မသိဘူး။ သူက စားပွဲထိပ် တည့်တည့်မှာ နေရာယူအပြီး ထောက်လှမ်းရေးက ဗိုလ်ကြီးက ကျနော်တို့တယောက်ချင်းစီရဲ့နာမည်ကိုခေါ်ပြီး အဲဒီဗိုလ်မှူးကြီးနဲ့ မိတ်ဆက်ပေးတယ်။

ကျနော်တို့ကို မိတ်ဆက်ပေးပြီးမှ သူကပဲ ... "ဒါကတော့ ဗိုလ်မှူးကြီးသန်းထွန်း ပါ"

ဆိုတော့မှ ကျနော်လည်း သိတော့တယ်။ ဗိုလ်ချုပ်ခင်ညွန့် ရဲ့လက်ရုံး (သူ့ရာထူး တိတိကျကျတော့ ကျနော်လည်း မသိဘူး).. ပြီးတော့ သူ့ရဲ့ရင်ဘတ်မှာလည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်ဆိုတာကြီးလည်း တပ်လာသေးတယ်ဗျ။ သဘောကတော့ ဝတ်စုံပြည့်၊ တာဝန်ပြည့်သဘော။ ကျနော်တို့အားလုံးကို တချက်ဝေ့ကြည့်ပြီး .. ပြုံးပြတယ်။ ပြီးမှ သူ့ရှေ့မှာ တင်ထားတဲ့ ယူလာတဲ့ မှတ်စုစာအုပ်လေးကိုဖွင့်ရင်း ...

"ကျနော် ဖတ်ပြတာလေး သေသေချာချာနားထောင်ပေးပါနော်" ဆိုပြီး ... ...

"မကြာသေးမီက ကျောင်းသားများရဲ့ ကမ်းလှမ်းဖိတ်ခေါ်ချက်ကို သိရှိရတဲ့အကြောင်း ...၊ အဆိုပါ ကမ်းလှမ်းချက်ကို လက်ခံရန်မှာ အချိန်ကာလအားဖြင့် စောနေသေးကြောင်း ...၊ အခြေအနေတရပ်ကို စောင့်ကြည့်ရန်လိုနေသေးကြောင်း ..." စသဖြင့် စာအုပ်လေးကိုကြည့်ပြီး ဖတ်ပြပါတယ်။

"ကျနော် ပြောတာရှင်းရဲ့လား မသိဘူး" ဆိုတော့ ကျနော်တို့အားလုံး က 'ရှင်းတဲ့အကြောင်း' ပြန်ပြောလိုက်တယ်။ စိတ်ထဲမတော့ 'ဒါလေး ဖတ်ပြတာများ စာအုပ်ဖွင့်ဖတ် လုပ်နေရသေးတယ်၊ ဒီအတိုင်း ပါးစပ်က ပြောလည်း ရနေရဲ့သားနဲ့' လို့ ပြောမိတယ်။

ပြီးမှ ဗိုလ်မှူးကြီးသန်းထွန်းက ကျနော်တို့ကို .. "ဘာများပြောချင်သေးလဲ" ဆိုတော့ .. ကျနော်တို့လည်း တယောက်ချင်းစီ ပြောတော့တာပဲ။

ကျနော်တို့လုပ်ဆောင်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ်ကို ကျနော်က ရှင်းပြတယ် ...။ ကျနော်တို့ထဲက ကျောင်းသူ ခင်လေးငယ်နဲ့ အေးအေးခိုင်တို့ကလည်း အန်တီစုရဲ့ ယနေ့ ရပ်တည်ချက်၊ သဘောထားတွေကို ပွင့်ပွင့်လင်းလင်းချပြကြတယ်။ သူကတော့ သိပ်ပြန်မပြောပါဘူး၊ နားပဲထောင်နေတယ်။

ကျနော်တို့ ဗိုလ်မှူးကြီးသန်းထွန်းနဲ့ စုစုပေါင်းဆွေးနွေးချိန် နာရီဝက်သာသာပါပဲ။ နောက်တော့ ပြန်လာခဲ့ကြတယ်။

ကျနော်တို့ကိုပြန်ပို့တော့ ထောက်လှမ်းရေး ဗိုလ်ကြီးလုပ်သူက လိုက်ပို့ပေးတယ်။ သူက ကျနော်တို့ သဘောမနောကို သိနေလို့လား မသိဘူး။ "အန်တီစုအိမ်ဘက် လိုက်ပို့ပေးရမှာ မဟုတ်လား" ဆိုတော့ … ကျနော်တို့က တပြိုင်နက်ထဲ ခေါင်းညိတ်လိုက်ကြတယ်။

အန်တီစုအိမ်ရောက်တော့ အဆင်သင့်ပဲ ကျန်တဲ့လူကြီးတွေဖြစ်တဲ့ … ဦးအောင်ရွှေ၊ ဦးတင်ဦး၊ ဦးကြည်မောင်တို့နဲ့ပါတွေ့တော့ အကျိုး အကြောင်းကို တင်ပြကြတယ်။ အန်တီကတော့ …

"သားတို့အနေနဲ့ လုပ်စရာရှိတာတွေ လုပ်ခဲ့ပြီးပြီပဲ … ကိုယ့်တာဝန် ကျေတာပေါ့ … ကိုယ်ကလည်း ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပေါ့"

ကျနော့်ရင်ထဲမတော့ နည်းနည်း စိုးထိတ်မိတာ ရှိတယ် …။ အထူးသဖြင့် ကျနော်တို့ နိုင်ငံရေး လောကမှာက အဲသလို နအဖ က ပုဂ္ဂိုလ်တွေနဲ့ ထိတွေ့ဆက်ဆံလာပြီဆို ဝိုင်းဆော်ပလော်တီး ခံရတာတွေက ရှေ့မှာ သင်ခန်းစာတွေကရှိနေလေတော့ … ကျနော်က ဖွင့်ပြောမိတယ်။

"အန်တီ အပါအဝင် .. ဘဘတို့ကို ကျနော်တို့ အသိပေးထား ချင်ပါတယ် ..။ အဲဒါဘာလဲဆိုတော့ ကျနော်တို့ အခုလုပ်ဆောင်နေတဲ့ ကိစ္စရပ်တိုင်းကို ရိုးသားပွင့်လင်းစွာ လုပ်ကိုင်နေပါတယ် … ဆိုတဲ့အကြောင်းကို လူကြီးတွေ သက်သေထား အသိပေးထားချင်ပါတယ်" ..။

ဦးတင်ဦးက ချက်ချင်းပဲ … … "ဘဘတို့ သိပါတယ် … သားတို့ စိတ်မပူပါနဲ့"

ဒီလိုပြောလိုက်တော့မှ ကျနော်တို့စိတ်သက်သာရာရခဲ့တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် … ကျနော့်ကို မကျေနပ်လို့ နအဖက ထောင်ချပစ်လိုက်မှာထက် … မိမိ ဒီမိုကရေစီအင်အားစုတွေက အထင်မှား ဆန့်ကျင်မှာကို အကြောက်ဆုံးပါ။ တကယ်လည်းကြုံတွေ့ရတာပါပဲ၊ နောက်ရက်မှာပဲ စာတွေဖြန့်တယ်၊ အဲဒီစာတွေက 'ကျနော်တို့ လုပ်ဆောင်နေတဲ့ကိစ္စတွေဟာ သစ္စာဖောက်လုပ်ရပ်တွေ ဖြစ်ကြောင်း၊ ကျနော်တို့ကို ဝိုင်းဝန်း ဆန့်ကျင်ကြဖို့' ဆိုပြီး လုပ်ဆောင်လာတော့ ကျနော်တို့ တော်တော်စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ဘာတတ်နိုင်မှာလဲလေ … အန်တီပြောခဲ့တဲ့စကား အတိုင်းပဲ …

'ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်ကောင်းမွန်ရင် တနေ့တော့ နားလည်လာကြမှာပါ' ဆိုတဲ့စကားကိုပဲ နှလုံးသွင်းရင်း ဖြေသိမ့်ခဲ့ရပါတယ်။

+++++

'မျှော်လင့်ချက်ဆိုသည်မှာ ဘယ်တော့မှ အချည်းအနှီးမဖြစ်။ မနက်ဖြန်အထိ
ဆက်လက် အသက်ရှင်နိုင်ဖို့ လူတယောက်ကို အမိက တွန်းအားပေးသည့်ခွန်အားမှာ
မျှော်လင့်ချက်သာဖြစ်သည် မဟုတ်လား'

စာရေးဆရာမ ဂျူး

အဲဒီနေ့က ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်၊ သီတင်းကျွတ်လပြည့်နေ့။

မြန်မာ့လေ့ထုံးလမ်းစဉ်လာမှာတော့ အနန္တော အနန္တ ၅ ပါး အပါအဝင် လူကြီးသူမ ဆရာသမားများကို လက်ဆယ်ဖြာမိုး ရှိခိုးကန်တော့ ကြတဲ့နေ့လည်း ဖြစ်တယ်။ ဒီလို ရှိခိုးကန်တော့ကြခြင်းဟာ မြန်မာ့ရိုးရာ အစဉ်အလာပါ၊ လက်နက်ချခြင်း မဟုတ်၊ အညံ့ခံခြင်း မဟုတ်၊ အောက်ကျခံခြင်းမျိုးလည်း မဟုတ်ပါ။ ကျနော်တို့ စီစဉ်ခဲ့တဲ့ ဂါရဝပြုပွဲဆိုတာ သာမန်ကြည့်မယ်ဆို ဒီလောက်ပါပဲ။

ဒါပေမယ့် ရင်ထဲမှာရှိနေကြတဲ့ ရည်ရွယ်ချက်တွေလည်း ရှိနေပါသေးတယ်။ ဒါကတော့ သင့်မြတ်ခြင်းမှသည် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်နိုင်သော အမျိုးသားပြန်လည်သင့်မြတ်ရေးဆီကို ဦးတည်ပါတယ်။ အန်တီစု ခြံဝန်းအတွင်းမှာ မြို့နယ်အသီးသီးက လူငယ်တွေဆောက်လုပ်ပေးထားတဲ့ မဏ္ဍပ်ကြီးကတော့ အဲဒီနေ့မှာ တင့်တင့်တယ်တယ် ကြွားကြွားဝံ့ဝံ့။

ပထမဦးဆုံး ကျင်းပပြုလုပ်ခဲ့တဲ့ အခမ်းအနားဆိုလည်း မှန်ပါတယ်။ ကျနော်တို့အားလုံး တတ်နိုင်သလောက် တာဝန်ကျေပွန်စွာ ဖိတ်ခေါ်ခဲ့ပါတယ်။ ပထမဦးဆုံးကျင်းပမယ့် အခမ်းအနားဆိုတော့ နည်းနည်းတော့ ရင်ခုန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအခမ်းအနားကို အောင်အောင်မြင်မြင် ဖြစ်စေချင်တာ အမှန်ပါ။ အဲဒီကာလက အခြေအနေကလည်း သိပ်အကောင်းချည်းမဟုတ်သေးတော့ … ရန်စွယ် အန္တရာယ်တွေကိုလည်း စိုးရိမ်ရပါတယ်။

အန်တီ့ခြံဝန်းထဲမှာကျင်းပမယ့် ပထမဆုံးအခမ်းအနားကို မပျက်ပျက်အောင် လာဖျက်နိုင်မယ့် အရာတွေကိုလည်း ကြိုတွေးပြီး ကြိုစီစဉ်နိုင်အောင် ဖန်တီးထားရပါတယ်။ လုံခြုံရေးကို ပါတီလူငယ်တွေနဲ့ ကျနော်တို့ ကျောင်းသားတွေပဲ ယူခဲ့ပါတယ်။ အန်တီစုခြံဝန်း တံခါးပေါက်ကြီးကို ဒိုးယိုပေါက် ဖွင့်လိုက်ပါတယ်။ အန်တီစုလုံခြုံရေးကို တာဝန်ယူပေးနေတဲ့ ထောက်လှမ်းရေးတွေကို အဲဒီနေ့မှာပဲ မေတ္တာရပ်ခံပြီး 'တနေ့တာအတွက် ကျနော်တို့ တာဝန်ယူပေးမယ့်အကြောင်း' ကို သဘောတူညီချက်ရအောင် ဆွေးနွေးခဲ့တာ အဆင်ပြေခဲ့ပါတယ်။ (အန်တီက ထောက်ခံပြောဆိုတာလည်း ပါတာပေါ့လေ)

အခမ်းအနား ကျင်းပမယ့် ခန်းမရဲ့ရှေ့ဘက်မှာတော့ ကြိုဆိုရေးနဲ့ မှတ်တမ်းဌာန ဖွင့်ထားပါတယ်။ မှတ်မှတ်ရရ ကျနော့်ရင်ထဲမှာ မမေ့နိုင်တဲ့ မှတ်တမ်းလေးတခုကတော့ … ဆရာမောင်လင်းယုန် (ရှမ်းပြည်) ရေးပေးသွားတဲ့ ဆရာကြီး မင်းသုဝဏ်ရဲ့ ကဗျာလေးပါ …။

'ဒေါင်းပျံထိုးဆွတ်၊ ဘယ်ညာခွပ်၍
လွတ်လပ်ရလေ၊ တို့တတွေသည်
အိုးဝေ ကျေးဇူးပါတကား' … .. တဲ့၊

တက်ရောက်လာကြတဲ့ လူကြီးတော်တော်များများ မှတ်တမ်းတွေ ရေးပေးကြပါတယ်။ (အန်တီစု အပါအဝင်ပေါ့လေ) တက်ရောက်လာကြတဲ့ လူကြီးတွေ တော်တော်များများရှိပါတယ်။ မှတ်မိသလောက်ဆို

အယောက် ၆၀ နီးပါးတော့ရှိမယ် ထင်ပါတယ်။ ထူးခြားတာက ထင်ရှားတဲ့ စာရေးဆရာ ကြီး နန်းညွန့်ဆွေ၊ မြသန်းတင့်နဲ့ ဆရာအောင်သင်းကိုပါ ဖိတ်ကြားခဲ့ပါတယ်။ ဆရာကြီးတွေကလည်း တက်ရောက်ပေးပါတယ်။ အမျိုးသမီးထဲကတော့ လူကြီးပိုင်းက ဆရာမကြီး ဒေါ်ကြည်ဦး (ကိုဇာဂနာ့အမေ)နဲ့ ဒေါ်ကြည်ကြည် ရယ်။ နောက်နှစ်ယောက်ကတော့ အန်တီစု နဲ့ ဒေါ်ချိုချိုကျော်ငြိမ်း ပေါင်း လေးဦးပဲ ရှိပါတယ်။

ရာသီဥတုကလည်း အဲဒီနေ့က တော်တော့်ကို သာသာယာယာရှိခဲ့တာ ဆုတောင်းပြည့်ခဲ့သလား ထင်ရလောက်အောင်ပါ၊ ကုက္ကိုင်းလမ်းမကြီးပေါ်က အန်တီစုရဲ့ ခြံဝန်းရှေ့မှာရော၊ ခြံတွင်းမှာရော ပရိသတ်တွေအပြည့်။ ကားတွေ အစီအရီ၊ ပြန်စဉ်းစားကြည့်မိတိုင်း အောက်မေ့သတိရစရာတွေ … ရင်ထဲဝင်ရောက်လာပါတယ်။ အခုချိန်မှာ အဲဒီလူကြီးတွေထဲကတချို့ဆို ကွယ်လွန်သွားကြပါလေပြီ။

စိတ်မကောင်းစရာ မြင်ကွင်းတခုကလည်း ရှိသေးသဗျ။ အန်တီ့ ခြံဝန်းထိပ်နားက အဆောက်အဦငယ် လေးမှာ အမြဲနေရာယူထားတဲ့ ထောက်လှမ်းရေးတွေက သူတို့ထိုင်နေကျနေရာလေးမှာ ငုတ်တုတ်ကလေးတွေ ထိုင်နေကြတော့ .. ဝင်လာကြတဲ့ ပရိသတ်တိုင်းက သူတို့ကို ကြည့်သွားကြလေတော့ .. ပရိသတ်ရဲ့အကြည့်ကို သူတို့ အကြည့်မခံနိုင်လောက်အောင် ထိတ်လန့်သွားခဲ့ပုံရပါတယ်။ နောက်ဆုံး ဘယ်လိုမှနေလို့မရလောက် အောင်ကို ဖြစ်လာကြလို့ ထင်တယ်။ ထောက်လှမ်းရေးတွေဟာ သူတို့ အိမ်ငယ်လေးထဲ ပြေးဝင်သွား ရလောက်အောင်ပါပဲ။ (တူသော အကျိုးပေးဆိုတာ ဒါမျိုးများလား)

ဦးခွန်ထွန်းဦးကတော့ သူတို့ရဲ့ရိုးရာ တိုင်းရင်းသားဝတ်စုံအပြည့်နဲ့ လာတာကို တွေ့လိုက်ရတယ်။ တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က လူကြီးတွေလည်း အသီးသီး၊ ဗိုလ်ချုပ်ရဲ့အပါးတော်မြဲ (ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) ရယ် … ဗိုလ်မင်းလွင် ရယ်၊) ၂ ဦးလုံး ရောက်လာတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီဝင်တွေနဲ့ လူငယ်တွေကလည်းအပြည့်၊ သူတို့ကတော့ ပျော်နေကြတယ်။ နောင်ဆို အခမ်းအနားတွေ၊ နိုင်ငံရေးပွဲတွေကိုလုပ်မယ်ဆို ပူစရာမလိုတော့ဘူးလေ၊ အန်တီ့ခြံဝန်းအတွင်းမှာ အဆင်ပြေသွားပြီ၊ နိုင်ငံရေးလောကမှာ အတန်ငယ်ပျောက်နေတဲ့သူတွေကိုလည်း ပြန်တွေ့ရတယ်။

အခမ်းအနားစတော့ လူကြီးတွေက စင်မြင့်ပေါ်မှာ နေရာယူပေးတယ်။ အန်တီရယ်၊ ဒေါ်ချိုချို ကျော်ငြိမ်းရယ် နှစ်ယောက်ကတော့ ကျနော်တို့ ကျောင်းသား၊ လူငယ်တွေနဲ့အတူပဲနေရာယူပြီး လူကြီးတွေကို ကန်တော့တယ်။ ပြီးမှ ကျောင်းသားတွေ၊ လူငယ်တွေက သူတို့နှစ်ဦးကို ကန်တော့ကြတယ်။ စိတ်ချမ်းမြေ့စရာ အကောင်းဆုံးနဲ့ ပျော်စရာအကောင်းဆုံးမြင်ကွင်းတခုက .. ကျနော်က လူကြီးတွေ တယောက်ချင်းစီကို နာမည်ခေါ် မိတ်ဆက်ပေးတော့ တယောက်ခေါ်လိုက်တိုင်း … မတ်တပ်ရပ်ပြတဲ့လူကြီးက မတ်တပ်ရပ် ပြ၊ ထိုင်ရာက လက်ထောင်ပြတဲ့လူကြီးက လက်ထောင်ပြပေါ့။

ဆရာကြီးမင်းသုဝဏ်ကို နာမည်ခေါ် မိတ်ဆက်ပေးတော့ ဆရာကြီးက သိပ်ဟန်မတူဘူး။ အဲဒါ ဘေးမှာရှိတဲ့ ဗိုလ်မှူးအောင်က လက်တို့လိုက်မှ လက်ညှိုးလေး ထောင်ပြတယ်။ (အတန်းထဲမှာ ဆရာမက နာမည်ခေါ်လို့ လက်ညှိုးထောင်ပြတဲ့ ပုံသဏ္ဍာန်မျိုးလေး) လူထုက သဘောကျလွန်းလို့ ရယ်လိုက်ကြတာ၊ တခါ ဗိုလ်မှူးအောင်ကို မိတ်ဆက်ပေးပြန်တော့ ဗိုလ်မှူးအောင်က မသိလိုက်ပြန်ဘူး။ ဘေးကလူက လှမ်းပြောမှ လက်ထောင်ပြတယ်။ လူကြီးတွေအားလုံးလည်း ပျော်ရွှင်နေပုံရတယ်။ သခင်ချစ်မောင်က ဆုတောင်းစကားကို ပြန်လည်ပြောကြားပေးတယ်။

မှတ်မှတ်ရရ ဖြစ်သွားတာလေး တခုလည်းရှိသေးတယ် …။ ဒါက ဆရာအောင်သင်း ကို ကျနော်တို့က

စကားပြောပေးဖို့ မေတ္တာရပ်ခံလို့ ဆရာ က စကားပြောပေးတယ် …။ စစချင်း ဘာပြောသလဲ ဆိုတော့ …

"ငါ လူငယ်တွေ၊ ကျောင်းသားတွေကို သနားတယ်ကွာ …။ တကယ်တော့ မင်းတို့တွေဟာ … စာသင်ရမယ့်အချိန်မှာ စာမသင်နိုင် …။ တိုင်းပြည်တာဝန်တွေကို မနိုင့်တနိုင်ထမ်းပိုး .. ထောင်တွေ တန်းတွေကျကြ၊ အနှိပ်စက်တွေခံရ .. ငါ့ရင်ထဲ မချိဘူး …။ အဲဒါဘာဖြစ်လို့ .. ဒီလိုဖြစ်ရတာလဲ .. သိလား .. မှတ်ထားကွ .. ငါ အပါအဝင် (စင်မြင့်ပေါ်က လူကြီးတွေကို လက်ညှိုးထိုးပြပြီး) ဒီလူကြီးတွေ မကောင်းခဲ့လို့ … ညံ့ခဲ့ကြလို့ ဒီလိုဖြစ်တာကွ" ဆိုတော့ စင်မြင့်ပေါ်မှာရှိနေတဲ့ လူကြီးတွေ ရိုးတိုးရွတ … လှုပ်စိလှုပ်စိတွေ ဖြစ်ကုန်တယ်။ နောက် ဆက်ပြောသေးတယ် …။

"ရှင်ဘုရင်ဆိုတာလည်း … ရှင်ဘုရင်အလုပ်ကို လုပ်ရတယ် … တနေ့ သက်ဦးဆံပိုင်ဘုရင်တပါးက တိုင်းခန်းလှည့်လာတော့ အမျိုးသမီးတယောက်က မန်ကျည်းပင်ပေါ်မှာ အရွက်နုလေးတွေ တက်ခူးနေ တယ်လေ …။ အဲဒါကို တယောက်က လှမ်းပြောတယ် ..။ 'ဟဲ့ .. ရှင်ဘုရင် ကြွလာပြီ၊ သစ်ပင်ပေါ်က ဆင်း' ဆိုတော့ .. သူက ပြောတယ် … 'ရှင်ဘုရင် .. ရှင်ဘုရင် အလုပ်လုပ် .. မကျည်းရွက်သည်က မကျည်းရွက်သည်အလုပ် လုပ်မယ် …' တဲ့။

နားထောင်နေကြတဲ့ ပရိသတ် လက်ခုပ်သံတွေ ညံသွားတယ်။ (နောင်အခါမှတော့ ဆရာ အောင်သင်းက ကျနော်နဲ့တွေ့တဲ့အခါ ပြောပါတယ် …။ "ငါ့ကို ဒီလိုအခမ်းအနားတွေမှာ စကားပြော မခိုင်းပါနဲ့ကွာ … တဲ့။ .. ငါကလည်း မှန်တာတွေပြောမိရင် .. ငါ့ကို အတော်အမြင်ကပ်ကြမှာကွ …" တဲ့)

တကယ်လည်း အမြင်ကပ်ခံခဲ့ရပါတယ်..။ ကျနော် လူကြီးအချို့နဲ့ တွေ့တဲ့အခါမှတော့ 'နောက်တခါ … ဆရာ အောင်သင်းလိုလူမျိုးတွေကို အခမ်းအနားဖိတ်ခေါ်မယ်ဆို သူတို့မလာနိုင်ဘူး ….' ဆိုပြီး ပြင်းထန်စွာ ကန့်ကွက်ပါတော့တယ် …။

အန်တီကတော့ လူငယ်တွေရဲ့အခန်းကဏ္ဍကိုပဲ ရှေ့တန်းတင် ပြောဆိုသွားပါတယ်။ 'လူငယ်တွေဟာ တိုင်းပြည်မှာအရေးကြီးတဲ့အကြောင်း၊ သူ့အနေနဲ့ လူငယ်တွေကို အားကိုးတဲ့အကြောင်း' ပြောသွားတယ်။

အခမ်းအနားပြီးတဲ့အချိန်မှာတော့ ဆရာအောင်သင်းက ကျနော့်ကို ပြောတယ် ..။

"ဟေ့ကောင် .. ငါ မစုနဲ့ တွေ့ချင်တယ်ကွာ" ဆိုလို့ ကျနော် အန်တီစု ရှိရာကို ဆရာ့ကိုခေါ်သွားပြီး တွေ့ဆုံပေးတော့ …

"မစု … ကျနော့်ကို သိလား" ဆရာအောင်သင်းက သူ့ရဲ့မျက်မှန်ကိုင်းလေးကို မတင်ရင်း မေးလိုက်တယ်။

"ဆရာ့လိုလူမျိုးကို ကျမ မသိလို့ ဘယ်ဖြစ်မလဲဆရာ .. သိပ်သိတာပေါ့ … ဆရာက နာမည်ကျော်ပဲ" ဆိုတော့ ဆရာအောင်သင်းရဲ့မျက်နှာပြင် ဝင်းလက်သွားတာကို တွေ့လိုက်ရတယ်။

"ကျမ မိတ်ဆွေတဦးက မြန်မာစာသင်ပေးမယ့် ဆရာတယောက်လိုလို့ဆို ပြောတုန်းက ကျမ ဆရာ့ကိုတောင် ပြေးသတိရမိသေးတယ်"

ဆရာအောင်သင်းနဲ့ အန်တီစု ရယ်ရယ်မောမောနဲ့ အိမ်ရှေ့က ဆင်ဝင်အောက်နားလေးမှာရပ်ပြီး စကားတွေ ဖောင်ဖွဲ့ကြတော့တယ်။ ကျနော်လည်း ကျန်တဲ့ကိစ္စရပ်တွေကလည်း ရှိနေသေးတာမို့ အနားက ခွာလာတော့ ဘာတွေဆက်ပြောကြလဲ မသိတော့ဘူး။

နောက်ရက်များ မကြာခင်မှာတော့ ဆရာအောင်သင်းရော ... ဆရာကြီး မြသန်းတင့်ရော နှစ်ယောက်လုံးကို စာပေရေးသားခွင့်၊ စာပေဟောပြောပွဲတွေမှာ ဟောပြောခွင့် ပိတ်လိုက်တယ်လို့ ကြားရတော့တာပါပဲ။ တကယ်တော့ ကျနော်တို့ ဒီအခမ်းအနားကို ကျင်းပရခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကိုက သင့်မြတ်စေချင်တဲ့ရည်ရွယ်ချက်ပါ၊ ဒါပေမယ့်လည်း အတိုက်အခံအင်အားစုဘက်မှာတော့ အတိုင်းတာတခုထိ သင့်မြတ်မှု၊ ညီညွတ်မှု၊ လက်တွဲလုပ်ဆောင်မှုဆိုတဲ့ အကျိုးရလဒ်ကောင်းတွေကို ပေါ်ထွက်လာစေခဲ့ပါတယ်။

နအဖဘက်ကတော့ သင့်မြတ်ဖို့နေနေသာသာ။ နှိပ်ကွပ်မှုတွေရဲ့ အရှိန်က လျှော့ကျမသွားခဲ့ပါဘူး။ ဒါ အတော့်ကို ရုပ်ဆိုးအကျည်းတန်လှတဲ့ ကိစ္စပါ။

ဆရာအောင်သင်း ကျနော့်ကို ပြောခဲ့တဲ့ စကားလေးရှိပါတယ် ...။

"တိုင်းပြည်ကို ချစ်တယ်ဆိုတာ .. လူတွေကို ချစ်တာကိုပြောတာ။ လူတွေကို ချစ်တာ တိုင်းပြည်ကို ချစ်တာပဲ။ တိုင်းပြည်ကိုချစ်တယ်ဆိုပြီး .. နိုင်ငံရဲ့မြေကြီးကို ကုန်းနမ်းနေလို့ မရဘူး ...။ တခြားတဖက်က စဉ်းစားမယ်ဆိုရင် .. လူတွေကို မုန်းတာဟာ .. တိုင်းပြည်ကို မုန်းတာပဲ ..." တဲ့။

ကျနော်တို့အားလုံး ကျေနပ်ပါတယ်။ ဒီအခမ်းအနား ကျင်းပပေးခဲ့ရခြင်းအပေါ် ပီတိတွေ ဖြစ်ခဲ့တယ်။ ဘာပဲပြောပြော ... ဒီမိုကရေစီအင်အားစုတွေဘက်မှာတော့ အတိုင်းတာတခုမှာ ညီညွတ်ရေးဖြစ်စေခဲ့ပြီ မဟုတ်ပါလား။

တရုတ်ခေါင်းဆောင်ကြီး တိန်ရှောင်ဖိန်ပြောခဲ့တဲ့ စကားတခွန်း ရှိတယ် ...။
'ကြောင်ဖြူ၊ ကြောင်နီ၊ ကြောင်ဝါ ခွဲဖို့မလိုဘူး ... ကြွက်ခုတ်တတ်ဖို့ပဲ လိုတယ် ...' တဲ့။

+++++

"ကျမ အမျိုးသားရင်ကြားစေ့ရေးကို ကျမ အမြဲ ယုံကြည်ပါတယ်။ ကျမတို့ဟာ ပြည်သူရဲ့ အင်အားကို အားကိုးပြီးတော့ အလုပ်လုပ်နေတာလို့ အကြိမ်ကြိမ်အခါခါ ပြောခဲ့ပြီးပါပြီ။ ပြည်သူရဲ့အင်အားကို စနစ်တကျ သုံးမှပဲ ထိရောက်မှာပါ။ ပြည်သူတွေကို ထပ်ပြီးမှာပါရစေ။ ကိုယ်လိုချင်တာကို မျှော်လင့်နေရုံနဲ့ မအောင်မြင်ပါဘူး။ ကိုယ်လိုချင်တာကိုရအောင် လုပ်ကြမှ၊ လုပ်ရဲမှ၊ လုပ်နိုင်မှ ရမယ်။ အကောင်းဆုံး နည်းလမ်းကို ရှာရမယ်"
(ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နုတ်ချက်တခုမှ –)

တခါက ကျနော့်မြို့မှာပါ ...။

ကျနော်တို့အပေါင်းသင်းတွေ ဝိုင်းဖွဲ့ပြီးစကားပြောနေတဲ့အချိန်မှာ မြို့ပေါ်က နည်းနည်းပိုက်ဆံ ချမ်းသာတယ်လို့ ပြောလို့ရတဲ့သူတယောက် ဝင်လာတယ်။ ပြီးတော့ အဆက်မပြတ်ဆိုသလို ...

'သူ့စီးပွားရေးကို ဘယ်အာဏာပိုင်တွေက ဘယ်လိုနှိပ်စက်လို့ ဘယ်လိုဒုက္ခရောက်တဲ့အကြောင်း၊ စီးပွားရေးလုပ်ပိုင်ခွင့်များကိုလည်း ဘယ်လို ကန့်သတ်ပိတ်ပင်တဲ့အကြောင်း' တွေကို ခိုသံပါအောင်ညည်းရင်း ပြောနေလိုက်တာ၊ ကျနော်တို့တောင် ပိုက်ဆံစုပြီး သူ့ကိုဝိုင်းကူပေးရမယ့်ပုံ။

ဒါနဲ့ တယောက်က စလာတယ် ...။

"ဒါ .. စနစ်ကြောင့်ပေါ့ .. စနစ်ကို ပြုပြင်ရမယ်"လို့ပြောတော့ အဲဒီလူက ထိုင်ရာကနေ ထသွားမယောင်တောင် ဖြစ်သွားတယ်။

"ခင်ဗျားတို့ နိုင်ငံရေးအကြောင်းပြောမယ်ဆို .. ကျနော် နားမထောင်ချင်ဘူးဗျာ .. နိုင်ငံရေးကို ကျနော် စိတ်မဝင်စားဘူး ..."လို့ ဆိုလာတော့၊ ကျနော်က ... ...

"အခုခင်ဗျား ညည်းနေတာတွေဟာ နိုင်ငံရေး မဟုတ်ဘူးလား ... အဲဒါ ခင်ဗျား နိုင်ငံရေးအကြောင်း ပြောနေတာပဲ"

"ဟာ .. မလုပ်ပါနဲ့ဗျာ .. ကျနော်က ကိုယ့်စီးပွားကလွဲပြီး ဘာမှ စိတ်မဝင်စားဘူးဗျ .. ပိုက်ဆံရဖို့ပဲ သိတယ်၊ ကိုယ်လုပ်မှ ကိုယ်စားရတာပါဗျာ"

ခေါင်းကိုတွင်တွင်ကုတ်ရင်း ကျနော်တို့စကားတွေကို ဖြတ်ငြင်းချက် ထုတ်တော့တယ် ..။ ဒီလူနဲ့တော့ ခက်ပြီ ...။

"နေပါဦး .. ခင်ဗျား စောစောက ပြောသွားတဲ့ .. ကိုယ်လုပ်မှ .. ကိုယ်စားရတယ်ဆိုတာ ... တကယ်လား"

ကျနော်က ဒီလိုမေးလိုက်တော့ သူက ပေစောင်းစောင်းကြည့်ပြီး .. မကျေနပ်တဲ့လေသံနဲ့ ...

"ကလေး သွားမေးတောင် ... သိပါတယ်ဗျာ"

"ကိုယ်လုပ်မှ .. ကိုယ်စားရတယ်ဆိုရင် .. ခင်ဗျား စောစောက ဘာလို့ညည်းတာလဲ .. ကိုယ်လုပ်တိုင်း .. ကိုယ် တကယ်စားရလို့လား"
သူ့စိတ်ထဲမှာ တော်တော်ရှုပ်ထွေးသွားဟန် ရှိတယ်။

"မသိဘူးဗျာ .. ကျနော်က ပိုက်ဆံချမ်းသာဖို့ပဲ သိတယ် ..။ ကျန်တာ ကျနော် မသိဘူး ..။ ခင်ဗျားတို့လို နိုင်ငံရေးလုပ်လို့ ပိုက်ဆံရလာမှာမှ မဟုတ်တာ"

ဒါနဲ့ ကျနော်တို့ထဲက တယောက်က ကြားဖြတ်ပြီး ...

"ဒါဆို .. ခင်ဗျား ဘယ်လောက်ချမ်းသာနေပြီလဲ။ နိုင်ငံရေးကလွဲလို့ ဘာမှမလုပ်တဲ့ ဒေါ်အောင်ဆန်းစုကြည်လောက် ချမ်းသာလား ...။ အခု ဒေါ်အောင်ဆန်းစုကြည်မှာ နိုဘယ်လ်ဆုနဲ့တင်

ဒေါ်လာသန်းချီ ရနေပြီ။ ခင်ဗျား သူ့လောက် ချမ်းသာနေပြီလား” ... ဆိုတော့ ဒီလူ တော်တော် တွေဝေသွားတယ်။

“ကျနော် အမှန်ပြောရရင် .. ဒေါ်အောင်ဆန်းစုကြည်ကိုတော့ လေးလည်း လေးစားတယ် .. ချစ်လည်းချစ်တယ် ..။ ဒါပေမယ့် ကျနော် နိုင်ငံရေးမလုပ်ရဲဘူးဗျ ..။ ကြောက်တယ် ..။ ကျနော် ဒီလိုပြောတာ ဘယ်သူ့မှ လျှောက်မပြောနဲ့နော် .. ”(မျက်လုံးက ဘေးဘီဝဲယာ ကျိုးကန်းတောင်းမှောက်ကြည့်ရင်း စိုးရိမ်နေပုံ ...)

“တကယ်ပါဗျာ .. ကျုပ်တို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်စေချင်တာ အမှန်ပဲ .. ကျနော်ကတော့ မလုပ်ရဲဘူးဗျ .. ကြောက်တယ်”

“ခင်ဗျား နိုင်ငံရေးမလုပ်ချင်ဘူးဆိုလည်း နေလို့ရပါတယ် ...။ ဒါပေမယ့် နိုင်ငံရေးကိုတော့ မသိလို့ မဖြစ်ဘူးဗျ ... နိုင်ငံရေး မသိဘူးဆိုရင် အုပ်ချုပ်တဲ့သူတွေက .. လုပ်ချင်ရာ လုပ်သွားမှာပဲ ... ...”

ကျနော့်ရင်ထဲမှာ တခါက အန်တီစု ထပ်ခါထပ်ခါပြောခဲ့တဲ့စကားကို သွားသတိရမိတယ်။ အမြဲတမ်းလည်း ပြောတယ် ...။

“ကိုယ်လိုချင်တာကို မျှော်လင့်နေရုံနဲ့ မအောင်မြင်ပါဘူး။ ကိုယ်လိုချင်တာကို ရအောင်လုပ်ကြမှ၊ လုပ်ရဲမှ လုပ်နိုင်မှ ရမယ်”

“လိုချင်တာကို မျှော်လင့်ရုံပဲမျှော်လင့်ပြီး၊ ရအောင်လုပ်ယူဖို့ ခက်ခဲနေတဲ့သူတွေကိုလည်း တွေ့ကြုံခဲ့ဖူးပါတယ်”

ဒီလိုပြောခဲ့တဲ့ အန်တီ့ရဲ့စကားတွေဟာ ကျနော့်ရင်ထဲမှာ စွဲနေတယ်။ ကျနော် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ယုံတယ်။ တနေ့မှာ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်က အခုထိ ဖျက်လို့မရနိုင်ပါဘူး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး မရှိဘဲနဲ့ တိုင်းပြည်ထူထောင်ဖို့ဆိုတာ သမင်မွေးရင်း ကျားစားရင်းဖြစ်မှာ အမှန်ပဲ။

အကောင်းဆုံးပါဆိုတဲ့စနစ်နဲ့သွားလည်း မအောင်မြင်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျနော့်တို့နိုင်ငံရဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးက ပြိုကွဲနေတာ မဟုတ်လား။။

ကျနော်တို့ကျောင်းသားလူငယ်တွေ အစွမ်းရှိသလောက် ကြိုးစားအားထုတ်ခဲ့တာ အတိုင်းအတာ တခုထိတော့ အောင်မြင်ခဲ့ပါတယ်။ ဒါပေမယ့် အားရလောက်အောင်အဆင့်ထိတော့ မရောက်ခဲ့ပါဘူး၊ ဒီလို အတိုင်းအတာတခုထိ ရောက်ဖို့ဆိုတာတောင် .. တကယ်တော့ ... အန်တီစု အပါအဝင် လူကြီးတွေရဲ့ ကျောထောက်နောက်ခံပေးလို့ဆိုတာ အမှန်ပါပဲ။ ကျနော်တို့ချည်း ဒီလောက် ခရီးမပေါက်နိုင်ပါဘူး။ ဒါ့အတွက် အန်တီစုကို အထူး ကျေးဇူးတင်မိပါတယ်။

အန်တီစုဟာ ကျနော်တို့ရဲ့မိဘဆိုလည်း မမှားလောက်ပါဘူး၊ ကျနော်တို့အပေါ် မိဘမေတ္တာလို မေတ္တာတွေပေးခဲ့ပါတယ်။ သားသမီးတွေလို သဘောထားခဲ့ပါတယ် ...။ ကျနော်တို့နဲ့ ဆက်ဆံရင်တောင်မှ

ဘယ်တော့မှ "မင်းတို့ … ငါတို့ …" မသုံးဘူး။ "သားတို့ .. သမီးတို့ …" ဆိုပြီး သုံးတယ်။ သူ့ကိုယ်သူကတော့ အန်တီလို့ပဲ သုံးတယ်။

ကျနော်မှတ်မိသေးတယ် ..။ အန်တီစုရဲ့ 'မိဘမေတ္တာ အလင်းစလေး' တချက်ပေါ့ …။

တနေ့ ကျနော်တို့ ကျောင်းသားတွေအပါအဝင် လူကြီးတွေပါ (စုစုပေါင်း အယောက် ၃၀ လောက်တော့ ရှိမယ်ထင်တယ် ..) အန်တီ့ခြံဝန်းထဲက အခမ်းအနားတခုကျင်းပခဲ့တဲ့ အဆောက်အဦမှာ .. အမျိုးသားနေ့အတွက် အစည်းအဝေးလုပ်နေကြတာ ..။ (ဒါကလည်း အန်တီက လူကြီးတွေကိုမေတ္တာရပ်ခံပြီး ကျနော်တို့ကို အစည်းအဝေးတက်ခွင့်ပေးခဲ့တာပါ)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးကြည်မောင် က ဦးဆောင်ပါဝင်ပြီး တိုင်းရင်းသားအဖွဲ့တွေ၊ ကျနော်တို့ကျောင်းသားတွေထဲမှာ ကိုမင်းဇေယျာ (၈၈ – မကသ ကျောင်းသားခေါင်းဆောင်) ကလည်း ထောင်ထဲက ပူပူနွေးနွေး လွတ်လာတဲ့အချိန်။ သူလည်း အစည်းအဝေးကို ရောက်လာခဲ့တယ်။

နောက် ကိုကျော်ဌေးဦး၊ ကိုလေးလွင် (၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များ)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီထဲကဆို မှတ်မှတ်ရရ ဘကြီးမိုး (စာရေးဆရာ မောင်မိုးသူ)၊ ဦးသိန်းတင် (ထောင်တွင်း ကွယ်လွန်)၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ကိုခွန်မြင့်ထွန်း (NCGUB ဝန်ကြီး) သူတို့လည်း ပါကြတယ်။

ဒီလိုနဲ့ အစည်းအဝေး ကျင်းပနေစဉ် မထင်မှတ်တဲ့မြင်ကွင်းတခုက ကျနော့်မျက်လုံးထဲ ဝင်ရောက်လာခဲ့တယ်။ ကျနော်တို့နဲ့ ခပ်လှမ်းလှမ်းက မြက်ခင်းပြင်နဲ့ အလှပန်းပင်ချုံလေးတွေနားမှာ အန်တီစုက .. နိုင်ငံခြားသား ကလေးပေါက်စလေးတဦးနဲ့ ပျော်ရွှင်မြူးထူးနေတဲ့ မြင်ကွင်းပါ။ ကလေးလေးက အရမ်းချစ်ဖို့ကောင်းတယ်၊ ၂ နှစ်သားလောက်ပဲ ရှိမယ်ထင်တယ်၊ (ပုံကြည့်ရတာ တော့ … သံတမန်တယောက်ယောက်ရဲ့ ရင်သွေးများလား မသိဘူး) ဆံပင်လေးတွေက ရွှေရောင်သန်းပြီး ပျော့စင်းနေတာပဲ၊ လေလေးတချက်ဝှေ့လိုက်ပြီဆို .. ဖွာခနဲ .. ဖွာခနဲနဲ့ သိပ်ကြည့်လှတယ်။ လမ်းလျှောက်ပုံကလည်း ဆတ်တောက် … ဆတ်တောက်နဲ့၊ အန်တီစုဆီ ပြေးလာလိုက် … ပတ်လည် ပြေးသွားလိုက်နဲ့ လုပ်နေတယ်၊ နောက်တော့ ကလေးလေးက အန်တီစုဆီ တခါပြေးလာတော့ အန်တီစုက ရှေ့ကနေ မနေးမမြန်လေး ပြေးတယ်၊ ကလေးလေးက ဆတ်တောက် ဆတ်တောက်နဲ့ လိုက်တယ်။

ကျနော် အစည်းအဝေးကို စိတ်မဝင်စားတော့ဘူး၊ ဘေးနားမှာရှိတဲ့ ကျောင်းသားခေါင်းဆောင် ကိုလေးလွင်ကို လက်တို့ပြီးပြလိုက်တယ် ..။ အားလုံးကလည်း သတိပြုမိသွားသလား မသိဘူး။ လှမ်းကြည့်လိုက်မိတယ် ထင်တယ် …။

အန်တီစုက ရှေ့တည့်တည့်ကနေ လက်ခုပ်တီးပြီးခေါ်နေတော့ … ကလေးလေးကလည်း ပြေးလာတယ်။ နောက်တော့ အန်တီ သတိပြန်ဝင်လာလား မသိဘူး။ ကလေးလေးကို မချီပြီး အိမ်ထဲ ပြေးဝင်သွားတယ် ..။

ကျနော် ထင်ပါတယ်။ အဲဒီအချိန်မှာ အန်တီဟာ လူထုခေါင်းဆောင်၊ ပါတီခေါင်းဆောင်ဆိုတဲ့ အတွေးထက် … မိခင်တယောက်ရဲ့စိတ်တွေ ကိန်းဝပ်သွားပုံရတယ် ..။ အင်မတန်မှ ချစ်စရာကောင်းတဲ့

မြင်ကွင်းပါ ..။ ကျနော့်တသက်မှာ ဒီမြင်ကွင်းဟာ ဘယ်တော့မှ မမေ့နိုင်ပါဘူး။ နောင်လည်း ဒီလိုဟာမျိုး တွေ့မြင်နိုင်ဖို့ အလွန်မှ ခက်သွားလောက်ပါပြီ။

ဒီလိုနဲ့ အမျိုးသားနေ့အခမ်းအနားကို အန်တီ့ခြံဝန်းထဲမှာကျင်းပတော့ တက်ရောက်လာကြတဲ့သူတွေ အတော့်ကို များပါတယ်။ ဒီအခမ်းအနားက ဒုတိယမြောက် အခမ်းအနားပေါ့ ...။ တိုင်းရင်းသားအစစ်တွေက သူတို့ရဲ့ ရိုးရာအကတွေနဲ့ ဖျော်ဖြေကြတယ်။ နောက် သီချင်းတွေဆိုနဲ့ အတော်မှ စည်ကားလှပါတယ်၊ အမျိုးသားအောင်ပွဲနေ့ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

အန်တီ့အိမ်ရှေ့က တရားပွဲကတော့ စနေ၊ တနင်္ဂနွေဆို ထုံးစံအတိုင်း စည်ကားလျှက်ပါပဲ။

ဒါပေမယ့် တနေ့မှာတော့ လုပ်ကြံစာတစောင် တက်လာတယ် ..။ (ဒါ သေချာတယ် .. တမင်သက်သက် လုပ်ကြံလိုက်တာ .. ဒီစာက ..)

“လှိုင်သာယာမြို့နယ်မှာ ထမင်းရည်ပုလင်းတွေတောင် ဝယ်သောက်နေရပါတယ် ...” တဲ့ ..။

“ထမင်းရည်ပုလင်းတွေရောင်းလို့ မလောက်ဘူး ဖြစ်နေပါတယ် ...” တဲ့။

အဲဒီစာကို အန်တီက ပြန်ဖြေလိုက်တယ် ..။ ဒါပေမယ့် စကားလုံး တွေ ကျနော် မမှတ်မိတော့ဘူး ..။ စိတ်မကောင်းဖြစ်ပြီး ဂရုဏာသက်စွာ ပြန်ဖြေလိုက်တာတော့ သိလိုက်တယ် ...။

ဒါဟာ ထောင်ချောက်ဆင်ထားတဲ့စာလို့ပဲ အများက ယုံကြည်ကြတယ် ...။

နောက် များမကြာခင်ရက်ပိုင်းမှာတော့ သတင်းစာထဲမှာ အကြီးအကျယ် ရေးလာတော့တာပဲ ..။

‘ထမင်းရည်ဆိုတာ .. တကယ်တော့ စားစရာမရှိလို့ ဝယ်သောက်ကြတာ မဟုတ်ဘူး ..’ တဲ့ ...။ ‘မီးသွေးအမှုန့်တွေဖျော်ပြီး မီးသွေးအလုံးတွေ လုပ်ဖို့ ရောင်းကြ၊ ဝယ်ကြတာ ..’ တဲ့ ..။ ဒါကိုမသိဘဲနဲ့ အစိုးရကို တမင်နစ်နာအောင် ... အန်တီစုက ... အပုတ်ချသလိုလို ... ဘာလိုလိုနဲ့ တုံ့ပြန်ရေးသားလာတာကို တော်တော်များများ မှတ်မိကြဦးမှာပါ၊ တကယ်တော့လည်း .. အန်တီစုက အဲဒီနေရာ ရောက်ဖူးတာမှ မဟုတ်တာ ..။ စာကို တင်ပေးတဲ့သူကလည်း တင်ပေးလိုက်တော့ ... ရင်ထဲမှာ သူ့သူ့ကိုကို ခံစားသွားမှာပေါ့။ လူတွေ စားစရာချို့တဲ့ကုန်လို့ ... ထမင်းရည်ပဲဝယ်သောက် နိုင်တော့တယ် .. ဆိုတော့၊ (ကျနော် ထင်ပါတယ် ..) သိသိကြီးနဲ့ လုပ်ကြံလိုက်တဲ့စာပါ၊ ဒီလို အလုပ်မျိုးတွေကိုလည်း မသမာသူများက အန်တီစုအပေါ် အထင်မှား အမြင်မှားဖြစ်အောင် လုပ်ကြံတတ်ပါတယ်။ (ဘာမဟုတ်တဲ့ကိစ္စကို နအဖက ရေးကြီးခွင်ကျယ် လုပ်တာကိုလည်း နောက်ပိုင်း တင်ပြပေးပါဦးမယ်)

သိပ်မကြာခင်မှာတော့ ကျနော်တို့ပညာဆည်းပူးရာ ရန်ကုန်တက္ကသိုလ်ရဲ့ ၇၅ နှစ်မြောက် စိန်ရတုသဘင် အခမ်းအနားကလည်း နီးကပ်လာတယ်။ ကျနော်တို့ကျောင်းသားများလည်း စိန်ရတုသဘင်ပွဲ အခမ်းအနားကိုနွှဲဖို့ စုကာရုံးကြပေါ့။

အဲဒီအချိန်မှာ ဗိုလ်ချုပ်ခင်ညွန့်က ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှာရှိတဲ့ အဆောင်တွေမှာ ကျင်းပတဲ့

ပွဲတိုင်းနီးပါးလောက် မလွတ်တမ်း တက်ရောက်နေတဲ့အချိန်။ (တနည်းအားဖြင့် စည်းရုံးရေး အသွင်သဏ္ဍာန်တွေပါ ပါနေတယ်) (ထောက်လှမ်းရေးက ရုပ်ခပ်ဖြောင့်ဖြောင့် စစ်ဗိုလ်တွေနဲ့ ဓာတ်ပျက် ကျောင်းသူတွေကလည်း တရုန်းရုန်းနဲ့ ဓာတ်ပုံတွေ တွဲရိုက်နေကြတဲ့အချိန်ပေါ့)

ရန်ကုန်တက္ကသိုလ်ဟာ ယာယီအားဖြင့် စစ်ရောင်လွှမ်းသွားခဲ့တယ်။ ဗိုလ်ချုပ်ခင်ညွန့် ဆိုတဲ့ ပုဂ္ဂိုလ်က ဆက်ဆံရေး စကားပြောညက်တယ်လို့ ကြားဖူးထားတယ်။ အဆောင်ဟောပြောပွဲတွေမှာ သွားရောက် စကားပြောပြီဆို .. သူ့ပုံစံက နိုင်ငံရေးသမားတယောက် ဟန်အတိုင်းလို့ ပြောကြတယ်။ (စစ်ဗိုလ် အသွင်ပြင်လက္ခဏာမျိုး မဟုတ်ဘူးလို့တောင် ပြောကြတယ်)

ကျနော်နေခဲ့တဲ့ အင်းဝဆောင်မှာ သူရောက်လာတဲ့အခါ ကျောင်းသားတွေက မကြားတကြား လှမ်းပြီးတော့ .. "ယောက္ခမကြီး ... ယောက္ခမကြီး" လို့အော်တော့ ... သူ အခမ်းအနားမှာ စကားပြောတဲ့အခါ ထည့်ပြောသွားတယ်။ "အင်းဝဆောင်က ကျောင်းသားတွေက တော်တော် လက်နေးတဲ့ ကျောင်းသားတွေ ...။ အန်ကယ့်သမီးက ယောကျာ်းရသွားပြီ" ... တဲ့။ ... ... ... စသဖြင့်ပေါ့။ အဲသလို ကျောင်းသားတွေနဲ့ ဝင်ရောတာ။ ကျောင်းသားတွေနဲ့ တဝါးဝါး တဟားဟား လက်ဆုံကြလို့။

ဒါပေမယ့် တဖက်မှာတော့ နိုင်ငံရေးအခြေအနေဟာ တင်းမာမှုဆီကို ဦးတည်သွားစေတဲ့ ကိစ္စတခု ကလည်း ပေါ်ပေါက်လာခဲ့တယ်လေ။ ၁၉၉၅ နိုဝင်ဘာ ၂၂ ... အင်န်အယ်လ်ဒီ သတင်းစာရှင်းလင်းပွဲမှာ ဒေါ်စုက .. 'အမျိုးသားညီလာခံကနေပြီး မြန်မာပြည်ရဲ့နိုင်ငံရေး အဖြေရှာနိုင်ဖို့ မလွယ်ဘူး၊ လွတ်လပ် ပွင့်လင်းမှုတွေ မရှိဘူး ..' လို့ ဝေဖန်ထောက်ပြတယ်။ 'ထွက်မယ်'လို့ မပြောခဲ့ဘူး။၊ နိုဝင်ဘာ ၂၇ မှာ အမျိုးသားညီလာခံ ပြန်စတယ် ထင်တယ်။ အဲသည်မှာ ဦးအောင်ရွှေတို့က အမျိုးသားညီလာခံကနေ နိုဝင်ဘာ ၂၉ မှာ နုတ်ထွက်လိုက်တယ်။

ဒါက အင်န်အယ်လ်ဒီ ပါတီခေါင်းဆောင်တွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေ အပြင်မှာရှိသလောက် တွေ့ဆုံဆွေးနွေးပြီးမှ ထွက်လာတဲ့ရလဒ်လို့ မြင်ပါတယ်။ (ဒီ ညီလာခံက နုတ်ထွက်တာက သဘောထား တင်းမာတာကို ပြတာလည်း မဟုတ်ဘူး၊ ရန်လိုတာလည်း မဟုတ်ဘူးလို့ ပြောချင်ပါတယ်) ညီလာခံက ၂၇ မှာ စပါတယ်။ ပါတီကနေပြီး ညီလာခံကော်မရှင်ကို တင်ပြထားတာတွေ၊ တောင်းဆိုထားတာတွေရှိတယ်လို့ သိရတယ်။ စစ်အစိုးရက ညီလာခံမှာ ဒါတွေကို ပြန်လည် အကြောင်းပြန်ခြင်း မရှိဘူး။ ဒါတွေကို စစ်အစိုးရ မီဒီယာတွေက မပြောခဲ့ဘူး။ ပြည်တွင်းက မြန်မာပြည်သူတွေမှာလည်း သေသေချာချာ နားလည်နိုင်ဖို့ အခြေအနေ မရခဲ့ဘူး။ လူတွေက တဖက်သတ်ပြောနေတာတွေကိုပဲ ကြားနေရတာကိုး။ အဲဒီအခြေအနေ ပေါ်မှာ နအဖက လက်ခံနိုင်စွမ်းမရှိတော့ဘူး၊ အခိုက်အတန့် ပြေလျှော့နေတဲ့သဘောထားတွေဟာ (အကြောင်းတခုကြောင့် ပြေချင်ယောင်ဆောင်တာလည်း ဖြစ်နိုင်ပါတယ်) ချက်ခြင်းဆိုသလို နအဖဘက်က ပြောင်းလဲတင်းမာလာတော့တယ်။ အတိုက်အခံ ဒီမိုကရက်တစ်အင်အားစုများကို နှိပ်ကွပ်ရေးတွေ တဖန် ပြန်ဦးမော့လာပြန်တယ်။

တနေ့မှာတော့ ကျနော့်တယောက်တည်းကို ထောက်လှမ်းရေးက လာခေါ်သွားတယ်။ ဒီတခါမှာတော့ ထောက်လှမ်းရေး ၁၆ မှာပါ၊ အဲဒီမှာ ဗိုလ်မှူးကြီးသန်းထွန်းနဲ့ တခါ ထပ်ဆုံပါတယ်။

ကျနော်နဲ့တွေ့ဆုံတော့ အရင်တခါတုန်းကလို ပုံသဏ္ဍာန်မဟုတ်တော့ ဘူး။ သူ့ကိုကြည့်ရတာ တခုခုကို အစာမကြေတဲ့ပုံမျိုး။

"ကျနော် … ခင်ဗျားတို့ကို အရင်တခေါက် တွေ့ခဲ့တုန်းကပြောခဲ့တာတွေ မှတ်မိဦးမှာပါ"

"ဟုတ်ကဲ့ … မှတ်မိပါတယ်"

ကျနော်ကလည်း အေးအေးသက်သာပဲ ပြန်ဖြေလိုက်တယ်။

"ကျနော်တို့ စောင့်ကြည့်ဦးမယ်ပြောတာ .. မမှားလောက်ပါဘူး။ ခုပဲ အခြေအနေတွေက တမျိုး ပြောင်းလဲလာတယ် … ဒါတောင် ကာလက ဘယ်လောက်မှ ကြာသေးတာ မဟုတ်ဘူး"

ပြောနေတဲ့စကားသံတွေထဲမှာ မကျေနပ်သံတွေ ပါနေတယ်ဆိုတာကို ကျနော် သတိထားမိတယ်။ ကျနော် ဆက်နားထောင်တော့ …

"ခင်ဗျားတို့ကိုလည်း .. ကျနော် တခုပြောမယ် .. ဖြစ်နိုင်ရင် ကျောင်းသားကိစ္စပဲလုပ်ပါ .. ကျောင်းသားကိစ္စပဲ လုပ်မယ်ဆို .. ကျနော်တို့ ကူညီနိုင်တယ် .. နိုင်ငံရေး ရောစွက်လာတယ်ဆိုရင်တော့ မကောင်းဘူး။ကျောင်းသားအရေးပဲ လုပ်မယ့် … ကျနော်တို့ကို မဆန့်ကျင်မယ့် ကျောင်းသားသမဂ္ဂဆို ကျနော်တို့ ကူညီမယ် …"

"ဒါတော့ အာမ မခံနိုင်ဘူး …။ ကျနော်တို့ လက်ခံထားတာ ကျောင်းသားအရေးဟာ နိုင်ငံရေးပဲ။ ကျနော်တို့ဟာ ထာဝရ ဆန့်ကျင်ရေးသမားတွေ မဟုတ်ဘူး ..။ လက်ခံနိုင်တာရှိရင် .. ထောက်ခံမှာ ဖြစ်သလို .. လက်မခံနိုင်တာရှိရင် .. ပြောရမှာပဲ ..။ ဒါဟာ ဆန့်ကျင်တဲ့ ပုံသဏ္ဍာန်ဖြစ်သွားခဲ့ရင် .. ကျနော်တို့ မတတ်နိုင်ဘူး"

ကျနော် အေးအေးဆေးဆေးပဲ ပြောလိုက်တယ် …။

"ခင်ဗျားတို့ကို အချိန်မရွေး အရေးယူအပြစ်ပေးလို့ရတယ်ဆိုတာ သိတယ်မဟုတ်လား"

သူရဲ့စကားလုံးတွေမှာ ဒေါသသံတွေ ရောနှောပါလာတယ်။

"သိပါတယ် … ဒါက ဗိုလ်မှူးကြီးတို့အပိုင်းပါ … ကျနော်တို့ အကြမ်းဖက်လုပ်ရပ် လုပ်နေတာ မဟုတ်ပါဘူး …"

"ဒါပေမယ့် .. ဥပဒေဘောင်ကို ကျော်လွန်နေတယ်ဆိုတာကိုတော့ သတိထားဖို့ လိုလိမ့်မယ် …။ နောက်ပြီး ခင်ဗျားတို့ အန်တီကလည်း .. တလောက .. လှိုင်သာယာမှာ ထမင်းရည်ပုလင်းတွေ ဝယ်သောက်ရ လောက်အောင်ကို ပြည်သူတွေငတ်နေပြီ … ဆိုတာ လူထုရှေ့မှာပြောတာ မကောင်းဘူး။ (တကယ်မှာတော့ အန်တီက ပြည်သူတွေငတ်နေပြီ .. လို့ မသုံးနှုန်းခဲ့ပါဘူး) … အကြောင်းဇစ်မြစ်မှန်ကို မသိဘဲ .. အဲသလိုပြောတာ မကောင်းဘူး ..။ ကျနော်တို့အစိုးရကို အပုတ်ချသလို ဖြစ်နေတယ်"

"အဲဒါကတော့ .. အန်တီနဲ့ပြောပါ .. ကျနော်တို့နဲ့ မဆိုင်ပါဘူး။ ဒါ ပြောပါ ..။ ဒါ မပြောပါနဲ့ .. လို့ ကျနော်တို့လုပ်နိုင်တဲ့သူတွေ မဟုတ်ပါဘူး …။ အဓိက ကျနော့်ကိုခေါ်ရတဲ့အကြောင်းရင်းကို သိချင်ပါတယ်"

ထိုင်နေတဲ့ ကုလားထိုင်နောက်မှီကို အားပါးတရ မှီထိုင်လိုက်ရင်း .. စားပွဲပေါ်ကို လက်နှစ်ဖက် ဆန့်တင်ထားရင်းက ...

"ခင်ဗျားတို့ .. ဒေါ်အောင်ဆန်းစုကြည်ကို မဝန်းရံပါနဲ့ ..။ ကျောင်းသားတွေဟာ .. ကျောင်းသားကိစ္စပဲ လုပ်ပါ ..။ နောက်ပြီး ရန်ကုန် တက္ကသိုလ် စိန်ရတုသဘင်ပွဲကို မနှောက်ယှက်ပါနဲ့"

ခရားရေလွှတ် တောက်လျှောက် မနားတမ်းပြောလိုက်တယ် ...။

"ဗိုလ်မှူးကြီးကို ကျနော်ပြောနိုင်တာကတော့ .. စိန်ရတုသဘင်ပွဲကို နှောက်ယှက်မယ်ဆိုတဲ့အရာ စဉ်းတောင်မစဉ်းစားမိဘူး ...။ ဒါဟာ ကျနော်တို့နဲ့လည်း သက်ဆိုင်နေတော့ .. ကျနော်တို့လည်း ဆင်နွဲချင်တယ် ..။ နောက် ဒေါ်အောင်ဆန်းစုကြည်ကို မဝန်းရံပါနဲ့ ... ဆိုတဲ့ကိစ္စကတော့ .. ဗိုလ်မှူးကြီးတို့နဲ့ မသက်ဆိုင်ဘူးလို့ ထင်ပါတယ်"

အခြေအနေကတော့ တင်းမာလာတဲ့သဘော ရှိတယ်။

"ဟုတ်ပြီလေ ... ကျနော်တို့ကလည်း လုပ်စရာရှိတာ ဆက်လုပ် သွားမယ် .. အိုကေနော်" ဆိုပြီး ထောက်လှမ်းရေး ၁၆ တပ်မှူးကို လှည့်ပြီး ပြောတယ်။

"သူ့ကို ပြန်လိုက်ပို့လိုက်ပါ"

ကျနော့်ကို ပြန်လိုက်ပို့တယ်။ နောက်ရက်မှာတော့ အကျိုးအကြောင်းတွေကိုအားလုံးကို တင်ပြခဲ့တယ်။ နောက်ထူးခြားတာတခုက ကျနော်တို့ ဝိုင်းစဉ်းစားကြတယ်။ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနား မှာ ဗိုလ်ချုပ်ခင်ညွန့်စကားပြောမယ့်စင်မြင့်ကို တက္ကသိုလ်စာတိုက်ဝင်းအတွင်းမှာ ခမ်းခမ်းနားနား ပြင်ဆင် ထားတယ်။ အဲဒါကို ကျနော်တို့ကျောင်းသားတွေက စင်မြင့်ပေါ်တက်ပြီး ကျောင်းသားသမဂ္ဂကကျင်းပတဲ့ .. စိန်ရတုသဘင်ပွဲလုပ်ဖို့ လျှို့ဝှက်စီစဉ်ခဲ့တယ်။

ဒီသတင်း ပေါက်ကြားသွားပုံရတယ်။ နောက်ရက်မှာတော့ အဲဒီစင်မြင့်ကို သံဆူးကြိုးတွေ ပတ်လည် ကာရံထားပြီး စစ်သားအစောင့်တွေပါ ချထားလိုက်တယ်။ အဲဒီတော့ အစီအစဉ်တွေကို ကျနော်တို့ ပြောင်းလဲ စီစဉ်ရတော့တယ်။

ကျနော်တို့ နေရာတခုမှာ စီစဉ်ခဲ့တယ်။ ပထမ အင်းယားကန်စောင်းဘေးက ဘုန်းတော်ကြီးကျောင်းမှာ (အန်တီ့အိမ်နဲ့ သိပ်မဝေးဘူး။) ဆွမ်းကပ်မယ်၊ ပြီးမှ စီစဉ်ထားတဲ့နေရာကို စုသွားပြီး အခမ်းအနား ကျင်းပ ကြမယ် ... ဆိုပြီး လုပ်ကြတော့၊ အန်တီ့အိမ်နဲ့ သိပ်မဝေးတဲ့ Joy စားသောက်ဆိုင်မှာ အခမ်းအနားတခုလုပ်ဖို့ ဆုံးဖြတ် ... အစီစဉ်တွေ ဆွဲခဲ့ကြတယ်။

ကျနော်တို့ မူလဆုံးဖြတ်ချက်က အင်းယားကန်စောင်းဘေးက ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ဖို့ သက်သက်ပါပဲ၊ အဲဒီနေ့က ဘုန်းကြီးကျောင်းမှာ အဖွဲ့အစည်းတော်တော်များများက လူတွေ တော်တော်များများ လာကြတယ်၊ သတင်းမီဒီယာက လူတွေလည်း လာကြတယ်။

ကျနော်တို့ရဲ့အစီအစဉ်ထဲမှာ အထူးအစီအစဉ်တခုက ... ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ပွဲ အခမ်းအနားကနေ ဗိုလ်ချုပ်အောင်ဆန်းကို 'ဂုဏ်ထူးဆောင်ကျောင်းသား'အဖြစ် အပ်နှင်းဖို့ အစီအစဉ်ပါတယ်။

(ကျနော် တို့ဆိုလိုချက်က ဗိုလ်ချုပ်ဟာ ကျနော်တို့ ရန်ကုန်တက္ကသိုလ်ရဲ့ဂုဏ်ကို ထူးခြားပြောင်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့သူ ကျောင်းသားတယောက်ဖြစ်နေလို့ .. ဒီလို အပ်နှင်းဂုဏ်ပြုချင်တာပါ) ဒါကိုလည်း အန်တီ့ကို ဖွင့်ပြောပြထားခဲ့တယ်။

ကျနော်တို့ ဆွမ်းကပ်ပွဲအခမ်းအနား မစတင်မီမှာပဲ ဘုန်းကြီးကျောင်းပြင်ပ လမ်းမပေါ်က စစ်ကားတွေပေါ်မှာ စစ်သားတွေအပြည့်နဲ့ ကားသုံးစီး ရပ်ထားတယ်၊ ထောက်လှမ်းရေးတွေဆိုတာကလည်း ခြေချင်းလိမ်နေတာပဲ။

ဒါတွေကို ဂရုမထားပါဘူး။ ကျနော်တို့လုပ်စရာရှိတာ ဆက်လုပ်ကြတယ် ..။ နောက် ကျောင်းသားတစုကို အခမ်းအနား အဓိကကျင်းပမယ့်နေရာဆီကို လွှတ်လိုက်တော့ ပြဿနာက စတက်တော့တာပဲ။

ဖြစ်ပုံက ဒီလိုပါ။ အစက ကျနော်တို့ အခမ်းအနားကြီး ဘယ်မှာ ကျင်းပမယ်ဆိုတာ ထောက်လှမ်းရေးက မသိဘူး။ ဖိတ်ကြားထားတဲ့ လူကြီးတွေလောက်ကိုပဲ လျှို့ဝှက်ပြောပြထားတယ်။

အခမ်းအနားမလုပ်ခင်မှာ ကျနော်တို့ထဲကတယောက်က ဖိတ်စာကို မှတ်တမ်းတင် ဗွီဒီယိုရိုက်ဖို့ အခန်းတွင်းမှာလုပ်နေတုန်း သတင်းပေးတယောက်က ဝင်လာပြီး၊ ဖိတ်စာကိုကိုင်ပေးသလို ဘာလိုလို လုပ်ရင်းက ပေါက်ကြားသွားပြီး ထောက်လှမ်းရေးဆီကို ချက်ချင်း သတင်းသွားပို့တယ်၊ အဲဒါနဲ့ နေရာကို သိသွားတော့ အဲဒီမှာ စစ်သားတွေအပြည့်နဲ့ ပိတ်ထားလိုက်တယ်။ ကျနော်လွှတ်လိုက်တဲ့ ကျောင်းသားအုပ်စုလည်းလာရော စီးဖမ်းတော့တာပဲ .. ကျောင်းသားတွေက ကိုယ်လွတ်ရုန်း ထွက်ပြေးကြတယ် ..။ ကျနော်တို့ဆွမ်းကပ်မယ့် ဘုန်းကြီးကျောင်းဆီ အမောတကော ပြေးလာပြီးပြောတော့ .. အစီအစဉ်တွေကို ပြောင်းလိုက်ရတော့တယ်၊ ဘုန်းကြီးကျောင်းပေါ်မှာပဲ တဆက်တည်း အခမ်းအနား ကျင်းပလိုက်ကြတယ်။

ဘုန်းကြီးကို ပထမလျှောက်ထားတာ ဆွမ်းကျွေးဖို့ သက်သက်ပါပဲ။ အခြေအနေအရ အခမ်းအနား ကျင်းပကြတော့ .. ဆရာတော်ဘုန်းကြီးကလည်း တော်တော်ကြောက်လန့်သွားတယ် ..။ ကျနော်တို့ အခမ်းအနား ကျင်းပနေစဉ်မှာပဲ .. ဆရာတော်က ကျောင်းအောက် လမ်းမပေါ်မှာရပ်ထားတဲ့ စစ်ကားတွေ သွားကြည့်လိုက် .. အခမ်းအနားကျင်းပနေတဲ့ နေရာပြန်လာလိုက် ..။ အခမ်းအနားမှူးလုပ်နေတဲ့ ကိုထက်ရာဇာကို လာပြောလိုက်နဲ့ပေါ့။

"ဒကာကြီးတို့ မပြီးသေးဘူးလား ..။ ကျောင်းအောက်မှာ စစ်ကားတွေ ရောက်နေပြီ ..။ ဘုန်းကြီး စိုးရိမ်တယ်"ဆိုတော့ ရာဇာက ...

"ပြီးတော့မှာပါ .. ဘုန်းဘုန်း။ တပည့်တော်တို့ ခဏပါပဲ"

ဒီလိုနဲ့ လူးလာခေါက်တုံ့ပြန်လုပ်နေတဲ့ ဆရာတော်ကိုကြည့်ပြီး ကျနော်တို့လည်း အားနာကြတယ်။ တခါတလေကျတော့လည်း .. ငိုအားထက် ရီ(ရယ်)အားသန်အဖြစ်လိုပဲ။

အခမ်းအနားကျင်းပနေစဉ်မှာပဲ အင်မတန်ထူးခြားတဲ့ သမိုင်းဖြစ်ရပ်လေးတခုက ပေါ်ပေါက်လာခဲ့တယ်။ ကိုမြင့်ဆွေ (ယခု၊ ဖော့ဝန်းမြို့ – အင်ဒီးယားနားပြည်နယ်၊ အမေရိကား) ကနေ စာအိတ်ရှည်ကြီးတစောင်ကိုကိုင်ပြီး ကျောင်းပေါ် အပြေးတက်လာတယ်။ ကျနော့်ကို လာပေးရင်းက ..

"ဒီမှာ ကျောင်းသားတွေကျင်းပတဲ့ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားအတွက် .. အန်တီစုပေးပို့လိုက်တဲ့ သဝဏ်လွှာ ..။ အန်တီက အားချင်း စီစဉ်ပေးလိုက်တာ"

ဆိုလို့ ဖွင့်ကြည့်လိုက်တော့ အန်တီကိုယ်တိုင် လက်မှတ်ရေးထိုးထား တဲ့သဝဏ်လွှာ ..။ အဲဒါကို ကျနော်က ဖတ်ပြလိုက်တယ်..။ လူထုက သဘောတွေကျ၊ အားရကျေနပ်ခြင်းတွေနဲ့ လက်ခုပ်သံတွေ တဖြောင်းဖြောင်းပေါ့ ...။

ပေးပို့လိုက်တဲ့ သဝဏ်လွှာမှာ ... အန်တီ ရေးပေးထားတာကတော့ ရိုးရိုးလေးပါပဲ ..။

မှတ်မိရသလောက် .. 'ကျောင်းသားလူငယ်တွေ အခုလို စည်းလုံး ညီညွတ်စွာနဲ့ အစဉ်လာကြီးမားတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ စိန်ရတုသဘင်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့တာကို ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်ယူကြောင်း၊ သမိုင်းအဆက်ဆက်မှာ ရှေ့ဆောင်တိုက်ပွဲဝင်ခဲ့သော၊ ဝင်နေသော ကျောင်းသား အပေါင်းတို့ကိုလည်း လေးစားယုံကြည်သောအားဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါကြောင်း ...' ပါရှိပါတယ်။

အန်တီ့အနေနဲ့ အခမ်းအနားကိုတော့ တက်ရောက်နိုင်ခြင်း မရှိပါဘူး၊ တက်ရောက်နိုင်ဖို့ အခွင့်အရေး မပေးခဲ့တာလည်း ပါတာပေါ့လေ၊ အန်တီပေးပို့တဲ့ သဝဏ်လွှာကြောင့်လည်း ခပ်မှိန်မှိန် ကျင်းပပြုလုပ်ခဲ့ရတဲ့ စိန်ရတုသဘင် အခမ်းအနားဟာ ကမ္ဘာသိ၊ တိုင်းသိပြည်သိ ဖြစ်သွားခဲ့တာ အမှန်ပါ။ (အဲဒီ သဝဏ်လွှာ စာရွက်ကို ကျနော့်ကိုဖမ်းတော့ သိမ်းပြီး သက်သေခံအဖြစ် တင်သွင်းခံခဲ့ရပါတယ်)။

ကျနော်တို့ရဲ့ ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် အခမ်းအနားကျင်းပပြုလုပ်အပြီးမှာတော့ ကျောင်းသားများက ဗိုလ်ချုပ်အောင်ဆန်းကို 'တက္ကသိုလ် ဂုဏ်ထူးဆောင်ကျောင်းသား' အဖြစ် ဂုဏ်ပြုချီးမြှင့်တဲ့ မှတ်တမ်းကို အန်တီ့ဆီ သွားပို့ပေးလိုက်ပါတယ်။

နောက်တရက်မှာပဲ ကျနော့်ကို သတင်းတပ်ဖွဲ့ (SB) က လာရောက် ခေါ်ဆောင်သွားတယ်။ ဖမ်းဆီးတာတော့ မဟုတ်သေးပါဘူး။ သူတို့ရုံးချုပ်မှာ သတင်းတပ်ဖွဲ့မှူး ဗိုလ်မှူးကြီး ဗဟိန်းနဲ့ တွေ့ဆုံပါတယ်။ သူက ကျနော့်ကို စာရွက်တရွက်ထုတ်ပြီး ဖတ်ပြပါတယ်။ ကျနော်ဟာ ဘယ်လို အမှုတွေနဲ့ ငြိစွန်းနေကြောင်း။ ပြစ်ဒဏ်ချမယ်ဆိုရင် ထောင်ဒဏ် ဘယ်လောက်ကျနိုင်ကြောင်း ... စသဖြင့် ပြောကြားခဲ့ပါတယ်။ တခြား ထူးထူးထွေထွေတော့ ဘာမှမရှိပါဘူး၊ ပြန်လှန် မေးခွန်းထုတ်၊ ပြောဆိုခွင့်လည်း မရှိခဲ့ပါဘူး။

ဒီလိုနဲ့ ကျနော် အန်တီ့ကိုကန်တော့ပြီး ... ဇာတိမြို့ကို ခဏဆို ပြန်သွားပါတယ်။ ဇာတိမြို့ (ရေနံချောင်းမှာ) ပဲ ကျနော့်ကို လာဖမ်းပါတယ်။ အဲဒီကနေ ချက်ခြင်း ရန်ကုန် အင်းစိန်ထောင်ကို ပို့ပါတယ်။

ရန်ကုန် အင်းစိန်ထောင်ရောက်တော့ ရှေ့မှာ ကြိုဖမ်းထားတဲ့ ဦးဝင်းထိန် (အန်တီစု လက်ထောက်)၊ ဦးအေးဝင်း (အန်တီ့ အကိုဝမ်းကွဲ – အဝေးရောက် ညွန့်ပေါင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ အကို – အာဇာနည်ခေါင်းဆောင် ဦးဘဝင်း သား)၊ စာရေးဆရာ မောင်မိုးသူ၊ မောင်ဝံသ၊ ဗိသုကာ ဦးကျော်မင်း၊ ဦးသိန်းတင် (ထောင်တွင်း ကွယ်လွန်)၊ ကိုခွန်မြင့်ထွန်း (ယခု NCGUB ဝန်ကြီး)၊ ဒေါက်တာ လှိုင်မြင့်၊ ဦးကျော်ခင် (တောင်ကြီးမြို့၊ လွှတ်တော်ကိုယ်စားလှယ်)၊ နောက် NLD က လူငယ်တွေနဲ့ တွေ့ဆုံပါတယ်။

ကျနော့်ကို မကြာခင်မှာပဲ အင်းစိန်ထောင်တွင်း အထူးတရားရုံးကနေ အရေးပေါ် နိုင်ငံရေးပုဒ်မ ၅(ည) အပါအဝင် တရားမဝင် သင်းပင်းဖွဲ့စည်းမှု၊ တရားမဝင် ဗွီဒီယိုခွေများ (အန်တီစု ဟောပြောပွဲ အခွေတွေပါ) ဖြန့်ချိမှု တွေနဲ့ ထောင်နှစ်ရှည်ချမှတ်ခြင်း ခံခဲ့ရပါတယ်။ အဲဒီကစလို့ ကျနော် အန်တီစုနဲ့ ဝေးသွားခဲ့တာ ယခုအချိန်ထိပါပဲ။

ကျနော် ထောင်ကပြန်လွတ်လာတော့ အန်တီစုက နေအိမ်အကျယ် ချုပ် ပြန်ခံလိုက်ရပါပြီ။

+++++

'နိဂုံး'

ကျနော် ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးသက်သက် ကိုးကွယ်မှုဖြင့် ဆည်းကပ်ယုံကြည်မှု မလုပ်ခဲ့တာ ပြောရဲပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသမီးမို့ .. ဆိုတဲ့ အကြောင်းပြချက်နဲ့ ပြောလာမယ်ဆိုလည်း ... ဘာ့ကြောင့် ဦးအောင်ဆန်းဦးကိုကျတော့ မချဉ်းကပ်ကြတာလဲ၊ မလေးစားကြတာလဲ .. လို့ မေးခွန်း ထုတ်စရာပါ ...။

နှလုံးသားပုံရိပ်တွေ ကွာပါတယ် ... သိပ်ကို ကွာပါတယ်။ အန်တီစု တော်ခြင်း မတော်ခြင်း ... အထူးအထွေ ဘာမှမပြောလိုပေမယ့် ပြောနိုင်တာကတော့ .. တိုင်းပြည်တိုးတက်ချမ်းသာလိုတဲ့ စိတ်ခွန်အား ပြင်းပြပြီး၊ ထားတဲ့ စေတနာ မှန်တယ်၊ ရိုးသားမှု အပြည့်ရှိတယ်ဆိုတာကတော့ အသေအချာ ပြောနိုင်ပါတယ်။ နောက် ရှည်လျားလာတဲ့ တော်လှန်ရေးရဲ့ဖြစ်စဉ်အောက်မှာ စွန့်လွှတ်အနစ်နာခံမှုတွေကပါ ရောပွမ်းလာခဲ့ ပါတယ်။

ကျနော် သိသလောက် ရာစုနှစ်အတွင်းမှာ မြန်မာလူထုရဲ့ ထောက်ခံမှု၊ လေးစားမှု၊ ကြည်ညိုမှုတွေ ကြောက်ခမန်းလိလိရရှိသူနှစ်ဦးကို ထောက်ပြပါဆိုရင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ သမီး ဒေါ်အောင်ဆန်းစုကြည်က လွဲလို့ ဘယ်သူရှိနိုင်မှာလဲ။ သမိုင်းဆိုတာ ဖန်တီးယူလို့မရပါ၊ လုပ်ယူလို့ မရပါ၊ လုပ်ရပ်နဲ့ ဖြစ်စဉ်တွေက ပြဌာန်းခြင်းဖြင့်သာ တိုင်းတာနိုင်ပါလိမ့်မယ်။

အမှောင်ထု ရှည်လျားလှသော မြန်မာပြည်ကို သူကလွဲလို့ ဘယ်သူ ဦးဆောင်နိုင်မှာလဲ။ ဦးဆောင် နိုင်မယ်ဆိုရင်တောင်မှ သူ့လို လူထုထောက်ခံမှုရနိုင်ပါမယ်လို့ အာမခံနိုင်ပါသလား။ မေးခွန်းထုတ်စရာပါ။

ကျနော် ဒီ 'ဒေါ်အောင်ဆန်းစုကြည်၏ နှလုံးသားပုံရိပ်များ' ဆိုတဲ့ ရသဆောင်းပါးတွေ ရေးနေဆဲ အချိန်မှာပဲ အန်တီစု နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာတာနဲ့ တိုက်ဆိုင်နေပါတယ်။ သိပ်ဝမ်းသာမိ ပါတယ်၊ ပီတိဖြစ်မိပါတယ်။ ပြောမပြတတ်လောက်အောင်ပါပဲ။

ဒီမိုကရေစီ လွတ်မြောက်ရေးတိုက်ပွဲကတော့ မပြီးသေးပါဘူး။ ကြမ်းလွန်းတဲ့ခရီးကို ဆက်ရဦးမှာပါ။ ... အန်တီစု စိတ်ရော၊ ကိုယ်ပါ ကျန်းမာချမ်းသာစွာဖြင့် ကျနော်တို့ အမိမြန်မာနိုင်ငံ ဒီမိုကရေစီနဲ့ လူ့အခွင့်ကို ပြည့်ဝစွာရရှိသည်အထိ ဆက်လက်လုပ်ဆောင်နိုင်ပါစေ ... လို့ ဆန္ဒပြုရင်း ကဗျာဆရာ မောင်တင်သစ် ရေးသားတဲ့ 'ဒီနေ့ဟာ အစဖြစ်တယ်' ဆိုတဲ့ ကဗျာလေးနဲ့ ဂုဏ်ပြုလိုက်ပါရစေ။

# ဒီနေ့ဟာ အစဖြစ်တယ်
ကဗျာဆရာ မောင်တင်သစ်

ပင်လယ်ကိုဖြတ်လာတဲ့ မိုးနံ့ပါတဲ့လေလို
မြို့ကြီးထဲ ငါတို့ဝင်ရောက်ကြပါစို့။

နေရောင်ဟာ အုန်းလက်ကိုင်းများနဲ့ အိမ်မိုးစွန်းကိုဖြန်းပြီး
ကနေတဲ့ ဒေါင်းပျိုတွေလို အစိမ်းရောင်ပွပွ လုလုကြီးဖြစ်နေတယ်။

အိမ်ရှေ့လမ်းမပေါ်က မော်တော်ကားတွေဟာ ကြိုတင်တိုင်ပင်ထားကြသလိုပဲ
ဝးဝဝ နာရီမှာ ဟွန်းတွေ တပြိုင်နက်ထဲ တီးလိုက်ကြကုန်။

ဒါဟာ အစပဲ ...
အရာအားလုံး အစက ပြန်စမယ့်
အစပဲ ...။

လေညှင်းဟာ အရပ်မျက်နှာအသီးသီးက တလှည့်ပြီးတလှည့် တိုက်နေတယ်
ငါတို့ဟာ လေညှင်းနဲ့အတူပါလာတဲ့ အရပ်မျက်နှာအသီးသီးက ပန်းရနံ့တွေလို
ဒီနေရာကို စုဝေးရောက်ရှိလာကြတယ် ...

သမိုင်းဝင် ဓာတ်ပုံထဲက
မျက်နှာတွေနဲ့ အားလုံးဟာ တည်ငြိမ်ခန့်ငြားလို့ပေါ့။

မြို့အနှံ့ကခေါင်းလောင်းတွေဟာ
အနှစ်နှစ်အလလက ထစ်အသွားခဲ့တဲ့
သူတို့အသံ သူတို့ပြန်ရလို့ ဝမ်းသာမဆုံးဖြစ်လို့
အပြုံးမျက်နှာတွေဟာ ပြန်ပြီး တည်လို့မရတော့သလိုမျိုး။

ကန်ရေပြင်ဟာ သူကိုယ်တိုင် ကုန်းပေါ်တက်လာပြီး
ပွဲတော်မှာ နွဲချင်နေတယ်
လက်ခုပ်သံတွေက တိကျတယ်
အပိုအလိုမရှိဘူး
ရှပ်ရှင်မရိုက်ဘူး
ဓာတ်တိုက်မထားဘူး
တာထွက်တော့မယ့် အားမာန်တွေဟာ အချက်ပေးသံကို စောင့်နေကြပြီ။

ကျားတွေအတွက် တောထဲမှာ လမ်းခင်းမထားဘူး
ချောင်းတွေ့ရင် ခုန်ကျော်သွားဖို့ပဲ
ချောင်းကျယ်ရင် ဖောင်ဖွဲ့မယ် ...

အရာအားလုံး အစကပြန်စမယ့် အစဖြစ်တယ်။

ဒီနေ့ဟာ ကမ္ဘာပေါ်က အလှဆုံးနေ့တွေထဲက တနေ့ဖြစ်တယ် …
ဒီနေ့ဟာ စစ်ပွဲစတင်တဲ့နေ့ မဟုတ်ဘူး
ဒီနေ့ဟာ စစ်ပွဲအောင်နိုင်တဲ့နေ့ မဟုတ်ဘူး …
ဒီနေ့မှာ စစ်ရှုံးသူမရှိဘူး စစ်နိုင်သူမရှိဘူး
ဒီနေ့ဟာ ငြိမ်းချမ်းမှု စတင်တဲ့နေ့
ငြိမ်းချမ်းမှုအောင်နိုင်တဲ့နေ့ ဖြစ်ရဲ့။

ဒီနေ့ဟာ မေတ္တာစတင်တဲ့နေ့ …
မေတ္တာအောင်နိုင်တဲ့နေ့ဖြစ်ရဲ့ …
ဒီနေ့အကြောင်း ကဗျာတပုဒ် ရေးရပေလိမ့်မယ် …
ဒီနေ့အကြောင်း ကဗျာတပုဒ်မရေးခဲ့ဘူးဆိုရင် … ငါဟာ
ဘာမှမရေးခဲ့တဲ့လူတယောက်နဲ့ ဘာထူးဦးတော့မှာလဲ …။

(အန်တီစု ၁၃. ၁၁. ၂၀၁၀ တွင် လွတ်မြောက်လာခြင်းအတွက် ဂုဏ်ပြုစပ်ဆိုသော ကဗျာအား ကောင်းကင်ဝက်ဘ်ဆိုဒ်မှ ကူးယူဖော်ပြထားပါသည်)

အားလုံးကို လေးစားစွာဖြင့်

မောင်မောင်ဝမ်း
maungmaungone@gmail.com

"မိုးမခ ဝိုင်းတော်သားများက

*SUU66* မွေးနေ့စာအုပ်နဲ့

ဂုဏ်ပြုလိုက်ပါတယ် ..."

# မိုးမခ ကွန်ယက်

## မိုးမခ၏ ဂုဏ်ထူးဆောင်များ

၂၀၁၁ မိုးမခမိတ်ဆွေများ = အင်န်အယ်ဒီထောက်ကူသည့် နိုင်ငံရေးအကျဉ်းသား ၆၀၀

၂၀၁၀ သက်ကြီးစာပေပညာရှင် – မောင်သာရ၊ ဦးဝင်းဖေ၊ မောင်စွမ်းရည်၊ ဒေါ်မာမာအေး

၂၀၀၉ ခုနှစ် မိုးမခချစ်သူများ – အင်န်အယ်ဒီပါတီ၊ လူထု စိန်ဝင်း၊ မောင်ဝံသ၊ အတွေးအမြင် မဂ္ဂဇင်း

၂၀၀၈ ခုနှစ် – မိုးမခချစ်သူများ – ဟံသာဝတီ ဦးဝင်းတင်

## အကြံပေးအဖွဲ့

တင်မိုး (၂၀၀၃–၂၀၀၆)၊ မောင်စွမ်းရည် (၂၀၀၃ မှ)၊ မာမာအေး (၂၀၀၆ မှ)၊ ဦးဝင်းဖေ (၂၀၀၆ မှ)၊

ကြေးမုံဦးသောင်း (၂၀၀၇ – ၂၀၀၈)

## အယ်ဒီတာ အဖွဲ့

မောင်ရစ် (၂၀၀၃)၊ ဇာနည်ဝင်း (၂၀၀၄)၊ မျိုးအောင်လင်း (၂၀၀၉)၊ ကိုဦး (၂၀၁၀)

## စာစောင် နှင့် ဒီဇိုင်း

ကိုဦး+မသန္တာ (၂၀၀၅)၊ အောင်ထက် (၂၀၁၀)

## အသံ

ရေဒီယိုချစ်သူများ (ဆစ်ဒနီ) – ဦးပန်တျာ(၂၀၀၆)၊

(နန်းဖောဆေး၊ စောအယ်ကော၊ မေရီ၊ ခင်သက်ပန်၊ နှင်းမြတ်ခိုင်၊ သံစဉ်ရတနာ)

## သတင်း နှင့် ပြန်ကြားရေး အဖွဲ့ (၂၀၀၄)

မိုးမခ အထောက်တော်များ

## ဝိုင်းတော်သားများ

မြန်မာအိုင်အက်စ်ပီ (၂၀၀၆)၊ သြရသ (၂၀၀၇)၊ ကောင်းကင်ပြာ (၂၀၀၈)၊ မိုးမခဝင်း (၂၀၀၇)၊ အောင်ဝေး (၂၀၀၈)၊
ညွန့်ထွေး (၂၀၀၈)၊ ဇေမှိုင်း (၂၀၀၈)၊ သန်းစိုးလှိုင် (၂၀၀၈)၊ မိုးချိုသင်း (၂၀၀၈)၊
ဟေမာန်သဇင် (၂၀၀၈)၊ သစ်ကောင်းအိမ် (၂၀၀၉)၊ မိုးစဲနေ (၂၀၀၉)၊ ဝင်းမြတ် (၂၀၀၉)၊ လောအယ်စိုး (၂၀၀၉)၊
ခိုင်မာကျော်ဇော (၂၀၀၉)၊ ဂျစ်တူး (မုံရွာ) (၂၀၀၉)၊ ပန်းချီ အောင်လတ် (၂၀၀၉)၊ ကာတွန်းစောငို (၂၀၁၀)၊
ကာတွန်း ဘီရမာ (၂၀၁၀)၊ ပန်းချီ အောင်ထက် (၂၀၁၀)၊ ကာတွန်း ဇော်မှိုင်း (ဥက္ကလံ) (၂၀၁၀)၊
ရန်ဝင်း (တောင်တံခါး) (၂၀၁၀)၊ ခင်လွန်း (၂၀၁၀)၊ ဇာဝါရီ (မယ်ရီလန်း) (၂၀၁၁)၊ ကိုတင်အေး (၂၀၁၁)၊ ကေ (၂၀၁၁)၊
ပွင့်ဖြူနန္ဒာ (၂၀၁၁)၊ မိုးမယံမခ (၂၀၁၁)၊ ခင်နှင်းလွင် (၂၀၁၁)၊ သူရိန်ထက် (၂၀၁၁)၊ သန်းဝင်းလှိုင် (၂၀၁၁)

# မိုးမခ မီဒီယာ က ထုတ်ဝေခဲ့သည့် စာအုပ်နှင့် မှတ်တမ်းများ စာရင်း

(၁) မိုးမခ ရေဒီယို – တင်မိုးနဲ့ ၁၂ လရာသီ ခံစားမှုများ၊ အသံသွင်းအင်တာဗျူး စုစည်းမှုများ၊ ၂၀၀၄

(၂) မိုးမခ ရေဒီယို – ၂၀၀၄ ခုနှစ် အပတ်စဉ် အစီအစဉ်များ အသံဖိုင်ပေါင်းချုပ်၊ ၂၀၀၅

(၃) ဇာဂနာ – သီးလေးသီးနဲ့ ဆေးရောင်စုံအငြိမ့်၊ ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၆

(၄) မိုးမခ မီဒီယာ – လစဉ်သတင်းလစ်ရာများ ၂၀၀၆ ပေါင်းချုပ်၊ ပီဒီအက်ဖ် စီဒီ၊ ၂၀၀၇

(၅) ဇာဂနာ – ၁၉၉၀ သင်္ကြန် သံချပ်များ – စီဒီ ရုပ်သံခွေ ၊ ၂၀၀၇

(၆) ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ ဓာတ်ပုံမှတ်တမ်းများ – ပီဒီအက်ဖ် စီဒီ ၊ ၂၀၀၇

(၇) ၂၀၀၇ သံဃာ့သပိတ် အရေးတော်ပုံ အမှတ်တရ တေးသီချင်း၊ ကဗျာ မှတ်တမ်းများ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၇

(၈) ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၁ လ ပြည့်၊ ဖလ်မီးအိမ်သို့ အလွမ်းစာ စာစုများ – စာအုပ်၊ ၂၀၀၇

(၉) ကဗျာဆရာကြီး ဦးတင်မိုး ကွယ်လွန်ခြင်း ၆ လ ပြည့်၊ စာပေဆွေးနွေးပွဲ အထိမ်းအမှတ် – စာအုပ်၊ ၂၀၀၇

(၁၀) မိုးမခ မီဒီယာ – ကြေးမုံ ဦးသောင်း (အောင်ဗလ) ကွယ်လွန်ခြင်း – အမှတ်တရ စာစုများ – စာအုပ်၊ ၂၀၀၈

(၁၁) သီးလေးသီးနဲ့ ဆေးရောင်စုံ အငြိမ့်၊ ကန်တော်ကြီး မျှော်စင်ကျွန်းပွဲ ၂၀၀၇ – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

(၁၂) မိုးမခ မီဒီယာ – ဒေါ်အောင်ဆန်းစုကြည် ၆၃ နှစ်မြောက်မွေးနေ့ပွဲ ဒေါ်မာမာအေး ဂုဏ်ပြုအစီအစဉ် – ဒီဗီဒီ ရုပ်သံခွေ၊ ၂၀၀၈

(၁၃) မိုးမခ မီဒီယာ – ဟံသာဝတီ ဦးဝင်းတင် နှင့် စာနယ်ဇင်းဆောင်းပါးများ – စာအုပ်၊ ၂၀၀၈

(၁၄) မိုးမခ မီဒီယာ – မာမာအေး ဖောင်းဒေးရှင်းရန်ပုံငွေ – သီချင်းစီဒီ ၊ ၂၀၀၈
(အမျိုးသားရေးသီချင်းသစ်များ နှင့် နိုင်ငံတော်သီချင်း ပြန်လည်ထုတ်ဖော်မှု)

(၁၅) မိုးမခ မီဒီယာ – တာရာမင်းဝေ အမှတ်တရ စာစုများ – စာအုပ်၊ ၂၀၀၉

(၁၆) ကဗျာဆရာကြီး (ဦး) တင်မိုး – မြန်မာ့ဘဝ၊ မြန်မာ့ဝန်းကျင်နှင့် မြန်မာ့ကဗျာ စာတမ်း၊ ၂၀၁၀

(၁၇) အောင်ဝေး – အရေးတော်ပုံရင်ခုန်သူများ အာရ်အက်ဖ်အေ ရေဒီယို ဆောင်းပါးများ၊ ၂၀၁၀

(၁၈) မိုးမခမီဒီယာ – ဟံသာဝတီ ဦးဝင်းတင်နဲ့ မေးခွန်းများ၊ ၂၀၁၀

ယခု

(၁၉) ဒေါ်အောင်ဆန်းစုကြည်၏ နလုံးသားပုံရိပ်များ

